Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

MAI

Vol. 6 / No. 10

Established in 2004

၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်၊ (Monday, April 23, 2018)

# မြို့နယ် ဒေသန္တရဆေးခန်း၏ လွှဲစာပါမှ ရန်ကုန်ဆေးရုံကြီးတွင် ပြသခွင့်ပြုမည်

**ရန်ကုန်၊ ဧပြီ ၂၂**

ရန်ကုန်ဆေးရုံကြီးသို့ အရေးပေါ်လူနာမှလွဲ၍ သာမန်ဆေးကုသမှုခံယူမည့် လူနာများကို သက်ဆိုင်ရာမြို့နယ်အဆင့် ဒေသန္တရ ဆေးခန်း၏ လွှဲစာပါရှိမှသာ လက်ခံကုသပေးရန် မကြာခင်စီစဉ်မည် ဖြစ်ကြောင်း ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် ယင်းကဲ့သို့ အစီအစဉ်ကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကိုမူ အတိအကျ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

လက်ရှိ ရန်ကုန်ဆေးရုံကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ပြသသူများအနေနှင့် မြို့နယ်ဆေးရုံနှင့် ဒေသန္တရဆေးခန်း၌ ပြသ၍ကုသနိုင်မည့်ရောဂါလက္ခဏာနှင့်ပင် မလိုအပ်ဘဲ စာ 2


The Voice

## ပြည်ထောင်စုလွှတ်တော် မေလတွင် ပြန်စရန် ခေါ်ယူ၊ လွှတ်တော်နာယက တာဝန် ဦးတီခွန်မြတ် လွှဲပြောင်းယူမည်

**နေပြည်တော်၊ ဧပြီ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို မေလ ၁၄ ရက်တွင် ကျင်းပရန် ပြည်ထောင်စုလွှတ်တော်က ကြေညာလိုက်ပြီး ယင်းအစည်းအဝေးကျင်းပနေသည့် ဇွန်လအတွင်း ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှဲပြောင်းယူမည်ဖြစ်ကြောင်း စာ 3

## ရဲအရာရှိ ၂၀ ကျော်ကို ရာထူးတိုးနှင့် ပြောင်းရွှေ့မှုများ ပြုလုပ်

စာ 2

## မိုးကောင်းတွင် တိုက်ပွဲပြင်းထန်၍ ဒေသခံများ တိမ်းရှောင်

**မြစ်ကြီးနား၊ ဧပြီ ၂၂**


စာ 28

U Cho FB Page

တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင်အဖြစ် နမ္မတီးမြို့ ခရစ်ယာန်ဘာသာရေးကျောင်းသို့ ခိုလှုံလာသည့် ကဆုန်ဒေသခံများကို ဧပြီလ ၂၂ ရက်နေ့က တွေ့မြင်ရစဉ်

## သမ္မတ ထောက်ခံပွဲ ဝန်ထမ်းများအား မပျက်မကွက်တက်ခိုင်းခြင်းအပေါ် သမ္မတရုံးထံတိုင်ကြားနိုင်ဟုဆို စာ 15

## မန္တလေးအိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားချင်းရန်ဖြစ်ရာမှ တစ်ဦးသေဆုံး စာ 11

## ဘူးသီးတောင်တွင် အကြမ်းဖက်သင်တန်းဆင်းတစ်ဦးကို ဖမ်းမိ စာ 3

## NLD အမတ် ၃ ဦးကို ပါတီစည်းကမ်းအရ အရေးယူမည်

**ရန်ကုန်၊ ဧပြီ ၂၂**

ငွေကြေးသုံးစွဲမှု၊ အပြုအမူအပြောအဆိုနှင့် လုပ်ထုံးလုပ်နည်းများကိုမလိုက်နာသောကြောင့် NLD အမတ် ၃ ဦးကို ပါတီစည်းကမ်းအရအရေးယူမည်ဟု ပါတီ၏ပြောခွင့်ရ ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

ဧပြီလ ၂၂ ရက်က ပါတီရုံးချုပ် (ရန်ကုန်)တွင် ပြုလုပ်သည့်ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် အမတ် ၃ ဦးကို အရေးယူရန် ဆုံးဖြတ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ ဇွန်လတွင် ပြုလုပ်မည့် ဒုတိယအကြိမ် ပါတီညီလာခံကျင်းပမည့် ကိစ္စရပ်များ၊ သက်ဆိုင်ရာရေးရာ ကော်မတီများတွင်အင်အားထပ်ဖြည့်ခြင်း၊ လူစားထိုးခြင်းစသည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်းလည်း ၎င်းက စာ 2



# ရဲအရာရှိ ၅၀ ကျော်ကို ရာထူးတိုးနှင့် ပြောင်းရွှေ့မှုများ ပြုလုပ်

**ရန်ကုန်၊ ဧပြီ ၂၂**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်က ဒုတိယရဲမှူးကြီးများအပါအဝင် ရဲအရာရှိ ၅၈ ဦးကို ဧပြီလ ၁၉ ရက်တွင် ရာထူးတိုးမြှင့်၍ အပြောင်းအရွှေ့ ပြုလုပ်ခြင်းများကို ပြုလုပ်လိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးစီးအရာရှိ(ပထမတန်း)ဒုတိယရဲမှူးကြီး မြင့်ထွေးမှာ ရခိုင်ပြည်နယ် အခြေစိုက် အမှတ်(၄) ရဲကွပ်ကဲမှုအဖွဲ့သို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။ ဒုတိယရဲမှူးကြီးအဆင့်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးသုံးဦးမှာ လောက်ကိုင်ခရိုင်၊ ကော့ကရိတ်ခရိုင်၊ ဘောလခဲ ခရိုင် ရဲတပ်ဖွဲ့မှူးနေရာများကို မူလရာထူးနှင့်ပင် နေပြည်တော်အခြေစိုက် ရဲတပ်ဖွဲ့ ဌာနချုပ်လက်အောက်ရှိ ရဲရာထူးခန့်ဌာနကြီး၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးနှင့် ရဲဌာနချုပ် အကူတပ်ခွဲများတွင်ပြောင်းရွှေ့လိုက်သည်။

ရဲမှူးအဆင့်မှ ဒုတိယရဲမှူးကြီး အဆင့်သို့ ၇ ဦး တိုးမြှင့်ခဲ့ရာတွင် အမှတ်(၁၆) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူး နေမျိုးသူကို အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးအဖြစ်လည်းကောင်း၊ အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယ တပ်ဖွဲ့ခွဲမှူး ရဲမှူး ကျော်ဝင်းအောင်ကို အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးအဖြစ် လည်းကောင်း၊ အမှတ် (၃၁) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယ ရဲတပ်ဖွဲ့ခွဲမှူးကို အမှတ်(၄) လုံခြုံရေး ရဲတပ်ဖွဲ့ ခွဲမှူးအဖြစ်လည်းကောင်း၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့ ခွဲမှူးရုံး၊ မှုခင်းမှတ်တမ်းဌာနမှ ရဲမှူး ရဲအောင်ကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရဲတပ်ဖွဲ့ခွဲမှူးအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မှုခင်း အကူတပ်ခွဲမှ ရဲမှူးစောနောင်ကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့ခွဲမှူး အဖြစ်လည်းကောင်း၊ ရဲရေးဌာနကြီး၊ ရဲစည်းကမ်းဥပဒေ ဌာနမှ ရဲမှူး ညီဝင်းကို မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးအဖြစ်လည်းကောင်း၊ ရေကြောင်း ရဲတပ်ဖွဲ့ခွဲ (ကျောက်ဖြူ) မှ ရဲမှူး ကျော်ဝင်းသန်းကို အမှတ်(၃)ရေကြောင်း ရဲကွပ်ကဲမှုအဖွဲ့ခွဲတွင် ဒုတိယရေယာဉ်စုမှူးအဖြစ်လည်းကောင်း တစ်ဆင့်မြှင့် ရာထူးတိုးဖြင့် ပြောင်းရွှေ့လိုက်ကြောင်း အမိန့်စာအရ သိရသည်။

ရှမ်းပြည်နယ် ဒုတိယတပ်ဖွဲ့မှူးရုံး (လားရှိုး) တွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးရဲမှူးတင်တင်စိန်မှာဒုတိယ ရဲမှူးကြီးအဆင့်သို့ တိုးမြှင့်ခံခဲ့ရသည်။ ■ J-16

**မျက်နှာဖုံး - မြို့နယ် ဒေသန္တရဆေးခန်း၏ လွှဲစာပါမှ မှ အဆက်**

ဆေးရုံကြီးသို့ တိုက်ရိုက်လာရောက် ပြသနေသူ လူနာ ၂၀၀ နှင့် ၃၀၀ ကြား နေ့စဉ် ပါဝင်နေခြင်းကြောင့် ယခုကဲ့သို့ဆောင်ရွက်ရန် ရန်ကုန်ဆေးရုံအုပ်ကြီးက မီဒီယာတစ်ခုသို့ ဖြေကြားလိုက်ခြင်းဖြစ်နိုင်ကြောင်း ရန်ကုန်ဆေးရုံအုပ် ဒေါက်တာခင်သီဂီမြင့်က ဆိုသည်။

“Special Treament မလိုတဲ့ သူတွေကလည်း လာကုနေတယ်ပေါ့။ ခေါင်းမူးတယ်။ သွေးပေါင်ကျတယ်။ အပူလည်း များတယ်ဆိုပါစို့။ ဒါသာမန်ရောဂါလေ၊ အပြင်ဆေးခန်းမှာလည်း GP Treament ဆိုတာရှိတယ်။ အာရုံကြောအားတိုးဆေးသွင်းပြီး အားဆေးလေး သောက်မယ် အနားယူလိုက်ဆို ကောင်းသွားမယ်။ အဲ့လို အထူးကုနဲ့ ပြဖို့မလိုတဲ့ သူတွေလည်း ၂၀၀ နဲ့ ၃၀၀ အောက်ထစ်ရှိတယ်” ဟု ၎င်းကဆိုသည်။

ထို့အပြင် မလိုလားအပ်သော ပြဿနာများပါ ပါဝင်လျက်ရှိပြီး အထူးကုပြင်ပလူနာဌာနများသို့ လာရောက်ပြသသူ လူနာများကြား၌ နေရာဦးပေးပြီး တန်းစီရာတွင် တိုကင်စနစ်ပုံစံ ယူပေးမည်ဟု လိမ်လည်လှည့်ဖြားမှုများ ဖြစ်ပေါ်နေကြောင်း ရန်ကုန်ဆေးရုံကြီးတွင် ဧပြီလ ၁၈ ရက်က သွားရောက်ပြခဲ့သူ လူနာတစ်ဦးက မှတ်ချက်ပြုသည်။

“တချို့လူတွေက မတန်းစီရရင်ပြီးရော လုပ်ကြတယ်။ မြန်မာလူမျိုးတွေက ယုံကြည်ဖို့ လွယ်တာလည်းပါတယ်။ တစ်သောင်းတို့ တစ်သောင်းခွဲတို့ ပေးလိုက်တယ်။ ဥပမာ - တိုကင်နံပါတ် ၅၀ ကို တိုကင် ၅ ရောက်သွားအောင် လုပ်ပေးဆိုပြီးတော့ လူနာရဲ့ဆေးမှတ်တမ်းစာအုပ် ယူတယ်။ ပိုက်ဆံတောင်းတယ်။ ပြီးတော့ လူကပျောက်သွားတယ်။ ဒါတွေ အောက်ခြေမှာ နေ့စဉ်တွေ့ရတယ်” ဟု ၎င်းက ဆိုသည်။

ရန်ကုန်ဆေးရုံကြီးကို ၂၀၁၆ ခုနှစ်က ခုတင်နှစ်ထောင်ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့ခဲ့ပြီး ဆေးဝါးကုသမှုနှင့် ပတ်သက်၍ နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်အထူးကုဆရာဝန်ကြီးများ ဦးဆောင်ကုသပေးနေသော အထူးကုပြင်ပလူနာဌာန ၂၀ ကျော် ရှိသည့်အတွက် ရန်ကုန်မြို့ အပါအဝင် အနယ်နယ်အရပ်ရပ်မှ နေ့စဉ်လာရောက်ပြသသူ လူနာ ၉၀၀ နှင့် ၁၀၀၀ ကြားရှိနေသည့်အနက် သာမန်ရောဂါဖြစ်ပွားသူများပါ လာရောက်ပြသနေခြင်းဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးနှင့် နီးစပ်သူအချို့ထံမှ စုံစမ်းသိရသည်။

ထို့အပြင် ရန်ကုန်ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီး (Professor Head) များသည် ရောဂါကုသမှုဌာနအလိုက် ဦးဆောင်လုပ်ကိုင်သည့်အပြင် ဆေးတက္ကသိုလ်ရှိ ကျောင်းသူ၊ ကျောင်းသားများကို စာသင်ကြားသည့် အလုပ်ကို တွဲဖက်လုပ်ကိုင်ရခြင်းကြောင့် အားလပ်မှု မရှိကြောင်း၊ လူနာတိုင်း၏ ရောဂါကုသမှုတိုင်းအတွက် အမြဲလုပ်ကိုင်ပေးရန် မလွယ်ကူသည့်အတွက် အဆင့်ဆင့်ညွှန်ကြားရသည်ကို လူနာများ နားလည်လက်ခံရမည်ဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။ ■ J-17

The VOICE CARTOON




**မျက်နှာဖုံး - NLD အမတ် ၃ ဦးကို ပါတီစည်းကမ်းအရ မှ အဆက်**

ပြောကြားသည်။

“အရေးယူတာက ငွေကြေးသုံးစွဲတာတွေမှာ မရှင်းလင်းတာ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အမူအကျင့် ပြောဆိုမှုတွေနဲ့ မကိုက်ညီဘူး။ ပြီးတော့ လုပ်ထုံးလုပ်နည်းတွေကို မလေးစားဘူး။ ဒီအကြောင်းပြချက်တွေကြောင့်ပါ။ အရေးယူတာကလည်း ပါတီတွင်း တာဝန်ယူထားတဲ့ ရာထူးတွေကို ကန့်သတ်တာမျိုး တွေပါမယ်” ဟု ဒေါက်တာမျိုးညွှန့်က ရှင်းပြသည်။

ထို့အပြင် ပါတီ၏ ဒုတိယအကြိမ် ပါတီညီလာခံကို လာမည့်ဇွန်လအတွင်း ပြုလုပ်မည်ဖြစ်ပြီး ထိုညီလာခံ၌ပါတီ အလုပ်အမှုဆောင်အဖွဲ့အား ပြန်လည်ရွေးချယ်မည်မဟုတ်တော့ကြောင်း ပါတီ၏ ပြောခွင့်ရ ဒေါက်တာမျိုးညွှန့်က ဆက်လက်ပြောဆိုသည်။

“အလုပ်အမှုဆောင်အဖွဲ့က လည်းပြန်ပြီး အားဖြည့်ထားတာ မကြာသေးတော့ ဒီညီလာခံမှာက အလုပ်အမှုဆောင်အဖွဲ့ကို ပြန်ပြီး မရွေးချယ်တော့ဘူး၊ ညီလာခံတက်ရောက်မယ့် ကိုယ်စားလှယ်တွေကို ဘယ်လိုပုံစံရွေးချယ်မလဲပေါ့။ ဒါကို ဆွေးနွေးဖြစ်ပါတယ်”ဟု ၎င်းက ဆိုသည်။

ထိုအစည်းအဝေးတွင် သက်ဆိုင်ရာ အထူးပြုသည့် ရေးရာကော်မတီများဖြစ်သော အလုပ်သမားရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းထိန်နေရာတွင် ဦးဟံသာမြင့်ကို အစားထိုးခန့်အပ်ခဲ့ပြီး တောင်သူလယ်သမားရေးရာကော်မတီ၌လည်း အလားတူ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကို ခန့်အပ်သွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ပထမအကြိမ် ပါတီဗဟိုကော်မတီဝင်များကို ပထမအဆင့် ရွေးချယ်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို ဥက္ကဋ္ဌက အဆိုပြုပြီး ဗဟိုကော်မတီဝင်များက အတည်ပြုခဲ့ကြသည်။

ပါတီ အာဏာရပြီးချိန်နောက်ပိုင်း၌ ပထမအကြိမ် ပါတီညီလာခံမှ ခန့်အပ်ထားသော ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များကို လူစားထိုးခြင်း၊ အင်အားဖြည့်ခြင်းများ ပြုလုပ်ခဲ့ပြီး လက်ရှိနိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကို ပါတီ၏ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ပေးအပ်ထားပြီးဖြစ်သည်။ ■

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES

လိပ်ခေါင်း၊ ဂရင်ဂျီနာ
09-73121554
ရန်ကုန်မြို့ 09-73038158, 09-43088215

# ဘူးသီးတောင်တွင် အကြမ်းဖက်သင်တန်းဆင်းတစ်ဦးကို ဖမ်းမိ

**စစ်တွေ၊ ဧပြီ ၂၂**

ဘူးသီးတောင်မြို့နယ် ဒုံးချောင် ဘင်္ဂါလီကျေးရွာတွင် အသက် ၂၀ အရွယ် အကြမ်းဖက် သင်တန်းဆင်း အမျိုးသားတစ်ဦးကို ဧပြီလ ၂၀ ရက်က ဖမ်းမိကြောင်း အမှတ် (၃) နယ်ခြားစောင့် ရဲတပ်ရင်းမှ ရဲအုပ်ထွန်းနိုင်က ပြောကြားသည်။

အဆိုပါမြို့နယ် သပြေတောကျေးရွာနှင့် အင်းဖောက်ကျေးရွာတို့တွင် နေထိုင်သော ရခိုင်တိုင်းရင်းသားများကို အကြမ်းဖက်သမားများက ဖုန်းဖြင့် ခြိမ်းခြောက်ခြင်း၊ ခြိမ်းခြောက်စာကို ရွာလမ်း ပေါ်တွင် ကပ်ကာ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သပြေတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထွေးထံမှ သိရသည်။

ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနီးရှိ ဘင်္ဂါလီ ကျေးရွာများမှ သံသယရှိသူများကို လိုက်လံဖမ်းဆီးနေကြောင်း၊ ထိုသို့ ဖမ်းဆီးရာတွင် သံသယရှိသူ ၈ ဦးမှာ ထွက်ပြေးနေပြီး တစ်ဦးကို ဖမ်းမိကြောင်း ရဲအုပ်ထွန်းနိုင်က ပြောသည်။

ဖမ်းမိထားသူမှာ ဒုံးချောင်ကျေးရွာ ဇာတိဖြစ်သော်လည်း မြန်မာစကားနှင့် ရခိုင်စကားကို မပြောတတ်ကြောင်း၊ ၎င်းကို အမှတ်(၃) နယ်ခြားစောင့် ရဲတပ်ရင်းတွင် ဖမ်းဆီးချုပ်နှောင်ကာ စစ်ဆေးနေပြီး မတရားအသင်း ၁၇(၁)(၂) ဖြင့် အမှုဖွင့်ထားကြောင်း ၎င်းက ပြောဆိုသည်။

"ခြိမ်းခြောက်စာတွေ ကပ်တာတွေမှာ သူမပါဘူး။ အဲဒီကောင်တွေနဲ့ သီးခြားလို့ပြောတယ်၊ သူက သင်တန်း တက်ထားတာတော့ မှန်တယ်၊ သူစာမတတ်ဘူးလို့ ထွက်ဆိုတယ်"ဟု ၎င်းက ပြောသည်။

ခြိမ်းခြောက်စာ၌ (၇၈၆) Arakan ရိုဟင်ဂျာ၊ ARSA ROHINGYA ၊ ABUAMER စသည်ဖြင့် အင်္ဂလိပ်စာလုံးများရေးသားထားပြီး လက်မှတ်ထိုးထားခြင်းနှင့် ဖုန်းနံပါတ်တို့ပါဝင်ကြောင်း သပြေတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွေးက ပြောသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်ဖြစ်စဉ်၌ ပါဝင်သူ ၅၀၈ ဦးကို တရားစွဲဆိုခဲ့ရာ ၄ ဦးကို သေဒဏ် ချမှတ်ပြီး ၂၇၆ ဦးကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။

■ R-22


ဓာတ်ပုံ- မေယုဇာကို

# ရော်ဘာဈေး အကျဘက်သို့ ဦးတည်

**ရန်ကုန်၊ ဧပြီ ၂၂**

တရုတ်ဝယ်လိုအားတက်သော်လည်း ပြည်တွင်းရော်ဘာဈေးနှုန်းမှာ အကျဘက်သို့ ဦးတည်နေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

လက်ရှိအချိန်တွင် ရော်ဘာတစ်ပေါင်ဈေးနှုန်းမှာ ကျပ် ၆၉၀ နှင့် ၇၀၀ အထိသာရှိပြီး ယင်းပမာဏမှာ လွန်ခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက သိသာစွာလျော့ကျသွားကြောင်း ရော်ဘာကုန်သည် ဦးစိုးဝင်းက ပြောကြားသည်။

ရော်ဘာဈေးကွက်တွင် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ရော်ဘာတစ်ပေါင်ကို ကျပ် ၁၃၀၀ အထိရရှိခဲ့ပြီး ယင်းနှစ်သင်္ကြန်အပြီး နောက်ပိုင်းတွင် ကျပ် ၉၀၀ အထက်တွင် ရောက်ရှိခဲ့ကြောင်း၊ ယခုအချိန်တွင်မူ ပြည်ပနိုင်ငံများတွင်လည်း ရော်ဘာဈေးကျနေသည့်အတွက် ပြည်တွင်းဈေးကွက်ကို လာရောက်ရိုက်ခတ်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"တရုတ်ရဲ့ဝယ်လိုအားက အရင်နှစ်ကနဲ့ယှဉ်ရင်တန်ချိန် နှစ်သောင်းနီးပါး ပိုဝယ်တယ်။ ဈေးကျပေမယ့် ပို့ကုန်က တိုးတယ်။ ပြည်တွင်းဈေးက ရှန်ဟိုင်းတို့၊ ထိုင်းတို့၊ ဂျပန်တို့ရဲ့ဈေးကို ကြည့်ရတယ်။ သူတို့ဆီမှာဈေးကျရင် ပြည်တွင်းမှာလည်း ဈေးကျတယ်"ဟု ၎င်းကပြောဆိုသည်။

လွန်ခဲ့သည့်သုံးနှစ်ခန့်က တစ်ပေါင်ကိုကျပ်၄၀၀အထိ ဈေးကျခဲ့သည့်အတွက် ခြံငယ်လုပ်ငန်းရှင်များက အရှုံးပေါ်လုပ်ငန်းရပ်ဆိုင်းသည့်အထိ ဖြစ်ခဲ့ဖူးကြောင်း၊ လတ်တလောဈေးကျနေသော်လည်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ပါက ဈေးအမြင့်ရနိုင်သောကြောင့် သဲနှင့် ခဲလုံးများ မပါဝင်စေရန် သတိထားသင့်ကြောင်း ရော်ဘာစိုက်ပျိုးသူ ဦးခင်မောင်မြင့်က ပြောကြားသည်။

"ရော်ဘာလုပ်ငန်းရှင် တော်တော်များများမှာ မှိုင်းခံစက်ရုံတွေ မရှိကြဘူး။ စက်ရုံထောင်ဖို့အတွက် ငွေချေးရင်လည်း အတိုးများများ ပေးရတယ်။ ဒီတော့ ကွာလတီဆိုတဲ့ဟာ မမီဘူး။ ဒါကြောင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူတွေမှာ ဈေးနိမ့်လည်း ထိုးရောင်းနေရတယ်"ဟု ၎င်းကဆိုသည်။

ပြည်တွင်းရော်ဘာထွက်နှုန်း၏ ၇၀ ရာခိုင်နှုန်းကို တရုတ်သို့တင်ပို့ပြီး ၂၀ ရာခိုင်နှုန်းကို ဂျပန်နှင့် စင်ကာပူတို့သို့ တင်ပို့ကာ ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်တွင်းကားတာယာထုတ်သည့် လုပ်ငန်းများတွင် အသုံးပြုကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ သိရသည်။

■ J-13

**မျက်နှာဖုံး - ပြည်ထောင်စုလွှတ်တော် မေလတွင် ပြန်စရန် မှ အဆက်**

ယင်းလွှတ်တော်မှ သိရှိရသည်။

လက်ရှိနာယက တာဝန်ကိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တာဝန်ယူထားခြင်းဖြစ်ပြီး ၎င်းတာဝန်ယူချိန် လပေါင်း ၃၀ ပြည့်မြောက်မည်ဖြစ်သောကြောင့် ကျန်ရှိသည့် လပေါင်း ၃၀ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးတီခွန်မြတ်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီဝင်အဖြစ် ကွတ်ခိုင်မဲဆန္ဒနယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူ့လွှတ်တော်၏ လုပ်ပိုင်ခွင့်အမြင့်ဆုံးကော်မတီဖြစ်သည့်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ဥပဒေအသစ်ဖြစ်သည့် တိုင်းရင်းသားရေးရာဥပဒေကြမ်းကို ကိုယ်တိုင်ရေးဆွဲခဲ့ပြီး လွှတ်တော်သို့တင်ပြခဲ့ရာ လက်ရှိတွင် ယင်းဥပဒေအရ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန တစ်ခုပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ဦးတီခွန်မြတ်မှာ ၂၀၁၅ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီ ကို ကိုယ်စားပြု၍ ကွတ်ခိုင် မဲဆန္ဒနယ်မှပင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့သူ ဖြစ်သည်။ NLD အများစုကြီးစိုးသော လွှတ်တော်တွင် လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌ ရာထူးကို ပေးအပ်ခြင်းခံခဲ့ရပြီးနောက် ၂ နှစ်ကျော်အကြာ ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်တွင် လွှတ်တော် ဥက္ကဋ္ဌတာဝန်ကို ယင်းပါတီမှ ပေးအပ်ခြင်းခံခဲ့ရသူ ဖြစ်သည်။

မေလတွင် ကျင်းပမည့်လွှတ်တော် အစည်းအဝေးတွင် ဥပဒေပြင်ရေးကိစ္စ အပါအဝင် အဆိုနှင့်မေးခွန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး ဘတ်ဂျက် အတည်ပြုမည့်ကိစ္စကို နောက်တစ်ကြိမ် ထပ်မံကျင်းပမည့် အစည်းအဝေးတွင် လုပ်ဆောင်သွားမည်ဖြစ်သည်။

■ S-01


ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၂



**မြန်မာပြည်မှာ ဆန်းရှိုင်း**

**[illegible]**

အရောင်းအဝယ်လုပ်ငန်း လုပ်သည့်အခါ မိမိဆိုင်သို့ လာရောက်ဝယ်ယူသည့်ဈေးဝယ်များနှင့် ဆက်ဆံရာတွင် [illegible]

[illegible]

**ဦးအိုက်စန်းနှင့် သားမောင်နိုင်[illegible]**

E D I T O R I A L

# ဒုရဲမှူး မိုးရန်နိုင် ထိုးလိုက်သော ခေါင်းလောင်း

ရိုက်တာသတင်းထောက်နှစ်ဦးကို ထောင်ချောက်ဆင်ဖမ်းခဲ့ကြောင်း ဒုတိယရဲမှူး မိုးရန်နိုင်က တရားခွင်တွင် ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ယင်းပြဿနာအပေါ် လူထုစိတ်ဝင်စားမှု အထူးမြင့်တက်သွားခဲ့ပြီး ဆက်စပ်နေသော သက်ဆိုင်ရာဌာနများနှင့် ပတ်သက်၍ မေးခွန်းများစွာ ထွက်ပေါ်လာခဲ့သည်။

ဤနေရာတွင် ဆက်စပ်ဌာနများထက် လက်ရှိပြဿနာနှင့် တိုက်ရိုက်ပတ်သက်နေသော ရဲတပ်ဖွဲ့ကိုသာ အထူးပြုသွားမည်ဖြစ်သည်။

ပထမဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အရည်အချင်း၊ စွမ်းဆောင်ရည်နှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ပြန်လည် ဆန်းစစ်သုံးသပ်ချိန်တန်ပြီလော၊ လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲချိန်တန်ပြီလောဆိုသော မေးခွန်းဖြစ်သည်။

ယခင်က အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေခဲ့ပြီး မူလအခြေခံ သဘောသဘာဝအရပင် ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် မှုခင်းနှိမ်နင်း၊ ကာကွယ်ရေးတာဝန်များကို ပြည်သူနှင့် နီးကပ်စွာ ဆောင်ရွက်ရသည့် ရဲတပ်ဖွဲ့အား ၁၉၉၀ ခုနှစ် နောက်ပိုင်း တပ်မတော်၏ အရန်အင်အားအဖြစ် သတ်မှတ်လိုက်ခြင်းကို ပြန်လည်စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။

များစွာ အရေးကြီးသည်မှာ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု၊ ထိပ်ပိုင်းရာထူးမှသည် အောက်ခြေအဆင့်ဆင့်အထိ ရဲလုပ်ငန်း၊ ရဲတာဝန်၊ ရဲကျင့်ဝတ်စသည့် ရဲတို့ တတ်အပ်သော အဌာရသများကို အမှန်တကယ် တတ်ကျွမ်း နားလည်သူ၊ ရဲစစ်စစ်များထက် တပ်မတော်မှ ကူးပြောင်းရောက်ရှိလာသူများကို မူလတပ်ရာထူးထက် တစ်ဆင့်မြှင့်၍ တိုက်ရိုက်ခန့်ထားသည့် ဓလေ့ဖြစ်သည်။

မိုးကျရွှေကိုယ်စနစ်ကို ချက်ချင်း ရပ်ဆိုင်း၍မဖြစ်နိုင်လျှင်ပင် ခန့်ထားမည့်ရာထူးနှင့် လျော်ညီသည့် အတတ်ပညာ၊ အတွေ့အကြုံရရှိစေရန် အလို့ငှာ ရဲသိပ္ပံနှင့် ရဲသင်တန်းကျောင်းများတွင် လုံလောက်သည့်ကာလ တစ်ခုအထိ တက်ရောက်သင်ကြားပြီးမှသာ အလုပ်သင်အဖြစ် စတင်တာဝန်ထမ်းဆောင်စေသည့်စနစ်မျိုး စဉ်းစားသင့်ပေသည်။

ထို့နောက် ရဲသိပ္ပံနှင့် သင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်း၊ အဆင့်အတန်းကို ခေတ်ကာလနှင့် လျော်ညီစွာ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာ ရဲသိပ္ပံ၊ အကယ်ဒမီကျောင်းများနှင့် ချိတ်ဆက်ကာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံရပ်ခြားသို့ ပညာသင်စေလွှတ်ခြင်းကဲ့သို့ စွမ်းရည်မြင့် အစီအစဉ်များ ပြင်ဆင်ထားသင့်သည်။

လက်ရှိ အခြေအနေများအရ ရဲတပ်ဖွဲ့အင်အားနှင့် စောင့်ရှောက်ကာကွယ်ပေးရမည့်ပြည်သူအချိုးမမျှဘဲ ရဲတပ်ဖွဲ့ဝင်များ မနိုင်ဝန်ထမ်းနေရခြင်း၊ ထမ်းဆောင်ရသော တာဝန်နှင့် ယှဉ်ပါက ရရှိသော လစာ၊ အထောက်အပံ့၊ ခံစားခွင့်၊ အဆောင်အယောင်၊ လက်နက်ကိရိယာများစွာ နိမ့်ပါး၊ ခေတ် နောက်ကျနေခြင်း၊ ရဲလုပ်ငန်းကို ခြေခြေမြစ်မြစ်၊ ထဲထဲဝင်ဝင်၊ ကျကျနန မသိသူများ၏ စီမံခန့်ခွဲမှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ စိတ်ပျက်မှု၊ ရာထူးတိုး မျှော်လင့်ချက် နည်းပါးမှုတို့ကြောင့် ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည် ကျဆင်းလာခြင်းတို့မှာ ရဲတပ်ဖွဲ့ဝင်များမဆိုထားနှင့် ပြင်ပမှ လေ့လာကြည့်သူများပင် သိရှိနိုင်သော အချက်များဖြစ်သည်။

စင်စစ်အားဖြင့် မြန်မာပြည်သူလူထုသည် ဒုရဲမှူးမိုးရန်နိုင်ကဲ့သို့ ရဲအရာရှိတစ်ဦးအပေါ် အားပေးထောက်ခံနေကြခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးအပေါ် ချစ်စိတ်၊ မုန်းစိတ်ထက် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ရဲသူတစ်ဦးကို အသိအမှတ်ပြု လေးစားသည့်သဘောပိုကဲသည်။

တစ်နည်းအားဖြင့် ထိုအချက်သည် နှစ်များစွာ စီမံခန့်ခွဲမှုအလွဲကြောင့် ပြည်သူလူထု၏ အမြင်တိမ်းစောင်းမှု ခံနေရသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် သတိပေးလိုက်သည့် ခေါင်းလောင်းသံဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြောလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၂ - ၄ - ၂၀၁၈ )**

# သင်္ကြန်ကာလပြီးသော်လည်း YBS ယာဉ်လိုင်းအချို့ ယခုအချိန်ထိ ယာဉ်စီးခ ကျပ် ၅၀၀ ကောက်ခံမှုများရှိ

**ရန်ကုန်၊ ဧပြီ ၂၂**

သင်္ကြန်ကာလအတွင်း ပြေးဆွဲသည့် ယာဉ်လိုင်းအချို့သည် ယာဉ်စီးခ ပိုမိုကောက်ခံမှုများရှိခဲ့သည့်အပြင် လက်ရှိအချိန်အထိ ဆက်လက်ကောက်ခံနေသည့်ယာဉ်လိုင်းများရှိနေသေးကြောင်း Yangon Bus Service ထံမှ သိရသည်။

ဧပြီလ ၂၀ရက်က YBS ၆၁ ယာဉ်လိုင်းမှယာဉ်အမှတ် 3N/ ×××× ယာဉ်မှာ ဆူးလေမှလှည်းတန်းအထိကို ကျပ် ၅၀၀ ကောက်ခံပြီး ခရီးစဉ် ဘယ်ထိရောက်မလဲ မေးရာတွင် တည်းခိုခန်းထိရောက်မည်ဟု ရိုင်းပြစွာပြောဆိုခဲ့ကာ ကြိုက်သည့်နေရာတိုင်ဟု ပြောဆိုခဲ့ကြောင်း ယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးက Yangon Bus Service တွင် တိုင်ကြားခဲ့သည်။

သင်္ကြန်ကာလအတွင်း YBS ယာဉ်များ ခရီးတိုကျပ် ၅၀၀၊ ခရီးရှည် ကျပ် ၁၀၀၀ ကောက်ခံမှုများရှိခဲ့ပြီး ယခုထိ သင်္ကြန်အငွေ့အသက်မပျောက်သေးသည့်ကားများ ရှိနေသေးကာ ယာဉ်စီးခနှုန်းထား ကျဆင်းခြင်း မရှိသေးကြောင်း ခရီးသည်တစ်ဦးက ဧပြီလ ၂၁ ရက်က တိုင်ကြားခဲ့သည်။

"ဒီရက်တွေကိုပဲ မြေနီကုန်းကနေ တာမွေအဝိုင်းကို ည ၈နာရီမထိုးသေးဘူး ကျပ် ၃၀၀ ကောက်တယ်။ သင်္ကြန်တွင်းတုန်းက ၅၀၀ ပေါ့။ ပြဿနာဖြစ်မှာစိုးလို့ ဘာမှ ပြန်မပြောရဲဘူး။ တာဝန်ရှိတဲ့သူတွေက ဒီလိုတွေတောင်းနေတာကို ထိထိရောက်ရောက် အရေးမယူနိုင်သေးဘူး" ဟု ခရီးသည်တစ်ဦးက ဆိုသည်။

Yangon Bus Service တွင် တိုင်ကြားမှုများရှိနေပြီး YRTA ရုံးကို ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားမှုများလည်း ရှိနေကာ ယာဉ်စီးခပိုကောက်ခံသည့် ယာဉ်လိုင်းများကို စိစစ်အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်လုပ်သားများ ယာဉ်စီးခ ပိုကောက်ခံမှုများရှိပါက ယာဉ်လိုင်းကုမ္ပဏီကို တိုင်ကြားနိုင်ပြီး စည်းကမ်းချက် ၁၃၈ ချက်အတိုင်း အရေးယူမည်ဖြစ်ကြောင်း YBS ၆ ယာဉ်လိုင်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

သင်္ကြန်ကာလအတွင်း ယာဉ်စီးခ ပိုမကောက်ရန် ညွှန်ကြားထားသော်လည်း YBS ၆၊ ၇၊ ၂၃၊ ၇၅၊ ၆၁ စသည့် ယာဉ်လိုင်းများမှာ ယာဉ်စီးခ ကျပ် ၅၀၀ ကောက်ခံမှုများရှိခဲ့ကြောင်း ခရီးသည်များထံမှ သိရသည်။ **■J-06**

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe. **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .

**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,

**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.

**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.

**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.

**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo, **Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.

**Photographer** - Ye Pyae Zar Ni, Aung Naing. **Advertising** - Ei Mar Lar, Zaw Zaw Aung. **Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com,

**Website** - www.thevoicemyanmar.com,

**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,

**News Room** : newsroom@thevoicemyanmar.com.

The VOICE Daily CARTOON



# ဆူးလေ-ရန်ကုန် လေဆိပ် အမြန်ယာဉ်လိုင်း မေလတွင် ပြေးဆွဲမည်

**ရန်ကုန်၊ ဧပြီ ၂၂**

ရန်ကုန်မြို့တွင်း ဆူးလေ-ရန်ကုန် လေဆိပ်ကို ပထမဆုံး ချိတ်ဆက်ပြေးဆွဲမည့် အမြန်ယာဉ်လိုင်း ပြေးဆွဲခြင်းကို မေလတွင် စတင်မည်ဖြစ်ကြောင်း Omni Focus ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးထွန်းတောက်ဝင်းက ပြောကြားသည်။

"ဒီတစ်ပတ်ထဲ ပြေးဆွဲမယ့်အစီအစဉ် တွေကို ဆောင်ရွက်နေပါပြီ။ ဒီလထဲမှာ လုပ်ငန်းတွေကို အပြီးဆောင်ရွက်မယ်။ မေလဆန်းမှာ စပြေးမှာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါခရီးစဉ်တွင် ပြေးဆွဲမည့်ယာဉ် များကို စတစ်ကာကပ်ခြင်းများ ဆောင်ရွက်ပြီးစီးနေပြီး ယာဉ်များအနေနှင့် ပြေးဆွဲရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆူးလေ-လေဆိပ်ခရီးစဉ်ကို ဇန်နဝါရီလတွင် ပြေးဆွဲမည်ဟု ခန့်မှန်းခဲ့သော်လည်း မတ်လတွင် ပြေးဆွဲမည်ဟု ရွှေ့ဆိုင်းခဲ့ရာမှ ထပ်မံ၍မေလတွင် ပြေးဆွဲရန် ခန့်မှန်းထား ခြင်းဖြစ်သည်။

"ပြေးဆွဲဖို့ကြာနေတာက ယာဉ်တွေရပ်နားဖို့ စီမံနေရလို့ပါ။ အခုတော့ ဘူတာကြီးနဲ့ လေဆိပ် အနီးမှာ ထားဖို့ လျာထားတယ်။ ဝင်းတွေထဲ ထားမှာမဟုတ်ပါဘူး" ဟု ဦးထွန်းတောက်ဝင်းက ဆိုသည်။

လက်ရှိတွင် ဆူးလေ.လေဆိပ်ကိုစီးနင်းမည့် ခရီးသည်တစ်ဦးအနေနှင့် တစ်ပိုင်တစ်နိုင်အိတ်များ သယ်ဆောင် ခွင့်ပြုမည်ဖြစ်ပြီး ပစ္စည်းသီးသန့်နေရာ လတ်တလောတွင် စီစဉ်ထားခြင်းမရှိသေးကြောင်း ၎င်းက ပြောကြား သည်။

"ယာဉ်စီးခအတွက် YRTA ရဲ့ဘယ်လောက် နှုန်းခွင့်ပြုမလဲ စောင့်နေတုန်း ရှိသေးတယ်။လူကြီး တွေ ညှိနှိုင်းနေဆဲပါ" ဟု ၎င်းက ဆိုသည်။

ဆူးလေ-ရန်ကုန်လေဆိပ်ကို ယာဉ် စီးရေ ၅၀ ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းကြောင်း အတိုင်း ဖြတ်သန်းပြေးဆွဲ မည်ဖြစ်ကာ မှတ်တိုင် ဆယ်ခုခန့် ထားမည်ဖြစ်ကြောင်း Omni Focus ကုမ္ပဏီထံမှ သိရသည်။

Omni Focus ကုမ္ပဏီသည် YBS ယာဉ်လိုင်း ၂၀၊ ၂၇၊ ၈၃၊ ၈၅၊ ၅၆ တို့ကို ပြေးဆွဲ လျက်ရှိပြီး ထပ်မံ၍ ယာဉ်လိုင်းအသစ် တိုးချဲ့ပြေးဆွဲ ရန်လည်း ရှိနေသေးကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။ ■ **J-06**






ဓာတ်ပုံ-ကျော်စိုးမိုး

မလှိုင်မြို့ရှိ ကြက်သွန်ပွဲရုံတစ်ခုတွင် ကြက်သွန်ရွေးနေသူများ

# မိတ္ထီလာတွင် ကြက်သွန်နီဈေး ဆက်တိုက်ကျ

**မိတ္ထီလာ၊ ဧပြီ ၂၂**

မိတ္ထီလာဒေသထွက် ကြက်သွန်နီ အသစ် အဝင်များနေသောကြောင့် ဈေးဆက်တိုက်ကျနေကြောင်း မိတ္ထီလာ ကုန်စည်ဒိုင်ထံမှ သိရသည်။

သင်္ကြန်မတိုင်မီက ကြက်သွန်နီ ပိဿာတစ်ရာလျှင် အရည်အသွေးကို လိုက်၍ ကျပ် ၆၀,၀၀၀ မှ ၆၅,၀၀၀ ကျပ်ခန့် (တောဈေး) ရှိခဲ့သော်လည်း၊ လက်ရှိပေါက်ဈေးမှာ ပိဿာတစ်ရာလျှင် ကျပ် ၅၅,၀၀၀ မှ ၆၀,၀၀၀ (တောဈေး) ဝန်းကျင်သာရှိတော့ကြောင်း၊ လက်လီဈေးနှင့်လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ်တစ်ရာကျော်ဈေးကွာကြောင်း ဒေသခံ ကြက်သွန်ကုန်သည်များထံမှလည်း သိရသည်။

"အခုနေက ပင်သေပင်ခြောက် (ကြက်သွန် သိုလှောင်ရန်အဆင်သင့်ဖြစ်နေသော အနေအထား) ကိုပဲဝယ်ကြတော့မှာ။ မိတ္ထီလာကြက်သွန်က လှောင်လို့ရတဲ့ အနေအထားဖြစ်နေပြီ။ မြစ်သားအစပြီးရင် မိတ္ထီလာအစက အကောင်းဆုံးဖြစ်နေတယ်။ မလှိုင်ဘက်က ထွက်တဲ့ ကြက်သွန်က အရည်အသွေးနည်းနည်းလျော့တယ်။ လှောင်သမားတွေကတော့ ဈေးဆက်ကျဦးမလားဆိုပြီး စောင့်နေတယ်။ လှောင်သမားဝယ်ပြီဆိုရင်တော့ ဈေးတက်လိမ့်မယ်" ဟု မိတ္ထီလာမြို့ခံ ကြက်သွန်ကုန်သည် ဦးကျော်ကျော်လင်းက ပြောကြားသည်။

မလှိုင်ဈေးကွက်တွင်မူ ဒေသထွက် ကြက်သွန်ပေါက်ဈေးမှာ သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးကာလပေါက်ဈေး အပြောင်းအလဲမရှိဘဲ ပိဿာတစ်ရာလျှင် ၅၃,၀၀၀ ကျပ်မှ ၅၇,၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေကြောင်း မလှိုင်မြို့မှ ကြက်သွန်ပွဲရုံ လုပ်ငန်းရှင် ဦးကျော်သက်ထွန်းက ပြောဆိုသည်။

လက်ရှိတွင် မိတ္ထီလာဒေသထွက် ကြက်သွန်ကို ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံနှင့်တာချီလိတ်ဘက်မှအဝယ်လိုက်နေကြောင်း မိတ္ထီလာကြက်သွန်နီဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

R-01

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးပေါက်ကွဲမှု ဧပြီလ ၂၅ ရက်နေ့ အပြီးသတ်အမိန့်ချမည်

**ရန်ကုန်၊ ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်းတွင် M 150 အချိုရည်ပုလင်းများကို အသုံးပြုဖောက်ခွဲမှု ကျူးလွန်သည်ဟုဆိုကာ တရားစွဲဆိုစစ်ဆေးနေသည့် အမှုကို ဧပြီလ ၂၅ ရက်နေ့တွင် အပြီးသတ် အမိန့်ချမည်ဖြစ်ကြောင်း အနောက်ပိုင်းခရိုင်တရားရုံးထံမှ စုံစမ်းသိရသည်။

ယင်းဖောက်ခွဲမှုဖြင့် တရားစွဲဆိုခံထားရသည့် အမျိုးသားလေးဦးမှာ ခင်မောင်ရွှေ (ခ) ရာကွက်၊ စိုးဝင်း (ခ) အလီ၊ စိုးမင်းဇော် (ခ) သားငယ်နှင့် ကျော်သူ (ခ) ကျော်ကျော်တို့ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံး စင်္ကြံအနီးတွင် တစ်ကြိမ်၊ အပေါ်ထပ်နှင့်အောက်ထပ် သွယ်တန်းထားသောရေပိုက်အနီးတွင် တစ်ကြိမ်ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ၎င်းအနီး၌ မပေါက်ကွဲသေးသည့် M 150 အချိုရည်ပုလင်းတစ်လုံးကို စစ်ဆေးတွေ့ရှိပြီးနောက် သံသယရှိသူများကို ဖမ်းဆီးစစ်ဆေးကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

"ဒဂုံမြို့မစခန်းမှူး ဒုရဲမှူးတင့်ဆွေက တရားလိုလုပ်တရားစွဲထားတဲ့အမှုပါ။ ပြီးခဲ့တဲ့အပတ်က အပြီးသတ်အမိန့်ချဖို့ ရှိပေမယ့် အဓိက ကျူးလွန်တယ်ဆိုတဲ့ ခင်မောင်ရွှေ (ခ) ရာကွက်ကို မရမ်းကုန်းအမှုနဲ့ပေါင်းပြီး အမိန့်ချဖို့ အပြီးသတ်လျှောက်လဲချက်ပေးတဲ့အတွက် မချဖြစ်တာ။ ၂၅ ရက်နေ့ကျရင်တော့ မရမ်းကုန်းအမှုရယ်၊ ဒဂုံအမှုရယ် နှစ်မှုလုံးကို အမိန့်ချမှာ၊ ခင်မောင်ရွှေ (ခ) ရာကွက်ကတော့ နှစ်မှု၊ ကျန်တဲ့သုံးယောက်က ဒဂုံအတွက်ပဲ ချမှာပါ" ဟု အနောက်ပိုင်းခရိုင် တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ Ocean Center မြေညီထပ် အများသုံးအိမ်သာအတွင်း ထားသော အမှိုက်ပုံးအတွင်းတွင် နိုဝင်ဘာလ ၁၈ ရက် ညပိုင်းက M 150 အချိုရည်ပုလင်းကိုအသုံးပြုကာ ဓာတုဆေးရည်တစ်မျိုးဖြင့်ပေါင်းစပ်၍ ပေါက်ကွဲစေခဲ့ပြီး အလားတူ ကားပါကင်အတွင်းတွင် ထပ်မံပေါက်ကွဲမှုဖြစ်ခဲ့ရာ ပြစ်မှုကျူးလွန်သည်ဟုဆိုသော ခင်မောင်ရွှေ (ခ) ရာကွက်ကို မရမ်းကုန်း မြို့မရဲစခန်းမှူး ရဲအုပ်ဘိုထင်ကျော်က ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုနှင့်ပစ္စည်းများအက်ဥပဒေ ပုဒ်မ ၃ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အလားတူ ဒေါပုံမြို့နယ်၊ Capital Hypermarket ပထမထပ်ရှိ ပလတ်စတစ် ပစ္စည်းအရောင်းခန်းမတွင် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၆၄) ရပ်ကွက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ပထမထပ်ရှိ သန့်စင်ခန်းတွင်လည်းကောင်း M 150 အချိုရည်ပုလင်းများကို အသုံးပြုသည့် ပေါက်ကွဲမှုများဖြစ်ခဲ့ပြီး ယင်းပေါက်ကွဲမှုများကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။ ■

J-16



# ငါးမဖမ်းရကာလ ကန့်သတ်ချက် အစိုးရဖြေလျှော့

**ရန်ကုန်၊ ဧပြီ ၂၂**

ရေလုပ်သားများ အလုပ်လက်မဲ့မဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ် မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရကာလတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံး၏ ၂၀ ရာခိုင်နှုန်းကို ငါးဖမ်းဆီးခွင့်ပြုလိုက်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါး၊ ပုစွန်သယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ငါး၊ ပုစွန်သားပေါက်ပွားချိန်ရာသီဖြစ်သည့် မေလ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိကို ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး ငါးမဖမ်းရကာလတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံးကို ငါးဖမ်းဆီးခွင့် လုံးဝပိတ်ပင်ထားခြင်းဖြစ်သည်။

“ငါးဖမ်းလုပ်ငန်းရှင်တွေက ၃၀ ရာခိုင်နှုန်းခွင့်ပြုပေးဖို့တောင်းတယ်။ အခု ၂၀ ရာခိုင်နှုန်း ခွင့်ပြုပေးလိုက်တယ်။ တခြားငါးခိုးလှေတွေ ဝင်လာမှာလည်း စိုးတယ်။ အကုန်လုံးပိတ်လိုက်ရင်လည်း ငါးကုန်တက်ကျသွားမှာကို စိုးရိမ်တယ်။ ၂၀ ရာခိုင်နှုန်းထဲမှာ တချို့ငါးဖမ်းကိရိယာအမျိုးအစားတွေကို ကန့်သတ်ထားတာလည်းရှိတယ်”ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောကြားသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ရှိ ဝိုင်းချုပ်ပိုက်၊ အင်္ဂလန်ကျားပိုက်၊ ကင်းမွန်နှင့် မြှုံး(ကဏန်း) ငါးဖမ်းရေယာဉ်များကို ဖမ်းဆီးခွင့်ပြုမည်မဟုတ်ဘဲ လုပ်ငန်းရပ်နားထားရမည်ဖြစ်ပြီး ကျန်ရှိသည့် တရွတ်ဆွဲပိုက်၊ ဘုံကျောင်း ကျားပိုက်၊ မျှောပိုက်၊ စိန်ပိုက်၊ ငါးမျှားတန်းနှင့် မြှုံး (ငါး) ငါးဖမ်းရေယာဉ်များ၏ ၂၀ ရာခိုင်နှုန်းကို ကမ်းဝေးငါးဖမ်း လုပ်ငန်းရှင်များ၏ ငါးဖမ်းဆီးခွင့်ပြုရေး တောင်းဆိုချက်အပြင် ရေထွက်ပစ္စည်း စက်ရုံအလုပ်ရုံများ ရပ်ဆိုင်းမသွားစေရေးနှင့် ငါးစားသုံးမှု မပြတ်လပ်စေရေးအတွက် ငါးမဖမ်းရ သုံးလတာကာလအတွင်း ဖမ်းဆီးခွင့်ပြုမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။


Photo - YPZN

ငါးမဖမ်းရ ရာသီစတင်သတ်မှတ်သည့် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ငါးဖမ်းခွင့်ကို ကမ်းဝေးငါးဖမ်းရေယာဉ်အားလုံး၏ ၇၅ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းအထိ အဆင့်ဆင့် လျှော့ချသတ်မှတ်ပေးခဲ့ရာ ယခု ၂၀၁၈ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်က နော်ဝေသုတေသနရေယာဉ်၏ မြန်မာ့ပင်လယ်ပြင်ရှိ ရေပေါ်ငါး ၁၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါး ၃၀ ရာခိုင်နှုန်းသာ ကျန်ရှိသည့် ရေပေါ်၊ ရေအောက်ငါး ၆၀ ရာခိုင်နှုန်းလျော့နည်းသွားသည့် ငါးသယံဇာတ အခြေအနေတိုင်းတာချက်အရ ငါးဖမ်းခွင့်ကို လျှော့ချသတ်မှတ်ပေးခြင်းပြီး မြန်မာတစ်နိုင်ငံလုံးတွင် ကမ်းဝေးငါးဖမ်းလှေအစီးရေ သုံးထောင်ကျော်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။ ■ J-11

# ရွှေအိတ်ချိန်း ခွင့်ပြုမိန့်တင်နိုင်ရန် စီစဉ်

**ရန်ကုန်၊ ဧပြီ ၂၂**

အွန်လိုင်းမှ တိုက်ရိုက်အရောင်းအဝယ်လုပ်နိုင်မည့် ရွှေအိတ်ချိန်းခွင့်ပြုမိန့်ကို လာမည့်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်နိုင်ရန်စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

အဆိုပါ ရွှေအိတ်ချိန်းလုပ်ထုံးလုပ်နည်းများအတွက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ရွှေလုပ်ငန်းရှင်များမှာ ညှိနှိုင်းလျက်ရှိပြီး ဆော့ဖ်ဝဲရေးဆွဲမှုမှာလည်း ပြီးစီးလုနီးပါးရှိပြီဖြစ်ကြောင်း၊ ဆော့ဖ်ဝဲပြီးစီးပါက ရွှေအရောင်းအဝယ်လုပ်ကိုင်နေသူများအားလုံးကို ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“အဓိကကတော့ စီးပွား/ကူးသန်းကို တင်ရမှာပေါ့။ တခြားသက်ဆိုင်တဲ့ဌာနတွေကိုလည်း တင်သွားမှာပါ။ ဒီနှစ်ထဲမှာ ရွှေအိတ်ချိန်းကို စတင်ဖို့ လျာထားတယ်။ ရွှေဗဟိုဈေးကွက် ဖော်ဆောင်ဖို့ကတော့ ညှိနေတုန်း၊ ဆွေးနွေးနေတုန်းပဲ။ အဖြေအတည်အကျ မထွက်လာသေးဘူး”ဟု ၎င်းကရှင်းပြသည်။

လက်ရှိ ရွှေဈေးကွက်အရောင်းအဝယ် အနေအထားမှာ လယ်ဂျာစာအုပ်များနှင့် ဆောင်ရွက်နေရသောကြောင့် ဈေးနှုန်းအတက်အကျ ဖြစ်သည့်အခါ စာရင်းရှင်းခါနီးတွင် ကုန်သည်အချင်းချင်း ငြင်းခုံရခြင်းများရှိကြောင်း၊ ဆော့ဖ်ဝဲဖြင့်ရောင်းဝယ်ပါက ဈေးနှုန်းနှင့် အချိန်မှာ အတိအကျဖြစ်သည့်အတွက် ပြဿနာများလျော့နည်းနိုင်ကြောင်း ၎င်းကဆိုသည်။

ပြည်တွင်းရွှေဈေးသည် နိုင်ငံတကာဈေးနှုန်းကိုလိုက်၍ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်နီးပါး ဈေးအတက်အကျဖြစ်နေသည့်အတွက် အရောင်းအဝယ်လုပ်သည့်အချိန်တွင် ဖြစ်ပေါ်နေသည့် ဈေးကို အတည်တကျယူသင့်ပြီး အိတ်ချိန်းပေါ်ပေါက်လာပါက ရှယ်ယာများ အရောင်းအဝယ်လုပ်သကဲ့သို့ ရွှေဈေးကွက်မှာ မြန်ဆန်လာနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောဆိုကြသည်။

“တချို့ကျတော့ ညနေသူတို့ငွေပေးတဲ့အချိန် ဈေးတက်ရင် နေ့လယ်က ပြောထားတဲ့ဈေးကိုပဲ ပေးချင်တာ။ ဈေးကျသွားရင် ကျဈေးကို လိုက်ကြည့်နေတော့ တရားရုံးတွေအထိ ရောက်ကုန်တာ။ ဒီဟာတွေက ကုန်သည်တွေကြားမှာ ခဏခဏဖြစ်လာတော့ ဈေးကိုတရားဝင်နှုန်းတစ်ခုဖြစ်ဖို့ လိုလာတယ်”ဟု ရွှေကုန်သည် ဦးအောင်မြင့်က ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများတွင်လည်း အဆိုပါ Gold Exchange ကဲ့သို့နည်းပညာရှိသည့်အတွက် ရွှေဈေးအတက်အကျအလိုက် ရောင်းနိုင်ဝယ်နိုင်သောကြောင့် ကုန်သည်များနှင့် ရွှေစုသူများမှာ ယခင်ထက်အဆင်ပြေလျက်ရှိကြောင်း ၎င်းကဆိုသည်။

■ J-13

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊
ဖုန်း - ၀၉၇၇၈၈၃၃၀၇၁ (မန္တလေး)

## NEWS IN BRIEF

### တရုတ်-မြန်မာ ကုန်သွယ်မှုမြှင့်တင်ရန် MoU ရေးထိုး

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တို့အကြား ကုန်သွယ်စီးဆင်းမှုမြန်ဆန်စေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရန်အတွက် ဧပြီလဒုတိယအပတ်က နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

နားလည်မှုစာချွန်လွှာကို ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် ယူနန်ပြည်နယ်မှ CCPIT Yunnan Sub-Council မှ ဒုတိယဥက္ကဋ္ဌ Ms.Bao Wentao တို့ရေးထိုးခဲ့ကြပြီး နားလည်မှုစာချွန်လွှာအရ ကုန်စည်ပြပွဲများ၊ ဥပဒေရေးရာဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ J-11

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ဧရာဝတီတိုင်း ငါးခြောက်နှင့် ပုစွန်ခြောက် ကုန်အဝင်နည်း

**ပုသိမ်၊ ဧပြီ ၂၂**

ဧရာဝတီတိုင်း ရေထွက်ကုန်ပစ္စည်းများ၏ အဓိက ဈေးကွက်များဖြစ်သော ပုသိမ်၊ ဖျာပုံနှင့် ဟိုင်းကြီးကျွန်းရှိ ငါးခြောက်နှင့် ပုစွန်ခြောက်များ ယခင်နှစ်ထက် ကုန်အဝင်နည်းကြောင်း ယင်းဈေးကွက်အတွင်း ငါးခြောက်နှင့် ပုစွန်ခြောက် ရောင်းဝယ်ရေးဒိုင်များထံမှ သိရသည်။

ရာသီဥတု မမှန်ခြင်း၊ တရားမဝင် ငါးဖမ်းသင်္ဘောများက ငါး၊ ပုစွန်များဖမ်းဆီးခြင်းနှင့် တားမြစ်ထားသော ငါးဖမ်းနည်းများကို အသုံးပြုကာ ဖမ်းဆီးလာမှုကြောင့် ငါး၊ ပုစွန်ရရှိမှုနည်းလာကြောင်း၊ ယင်းအပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ လျော့ကျလာသဖြင့် ကုန်အဝင်မှာ သုံးပုံတစ်ပုံခန့် လျော့နည်းသွားကြောင်း ငါးခြောက်နှင့် ပုစွန်ခြောက် လက်လီ၊ လက်ကား ရောင်းဝယ်သူများထံမှ သိရသည်။

"ပုံမှန်ဆို ၉လပိုင်းက ငါးခြောက်ရာသီပဲပေါ့၊ ခုနှစ်ဆို ၁၂ လပိုင်းကျော်ထိ မိုးရွာနေတော့ ငါးခြောက်လုပ်ငန်း လုပ်လို့မရဘူး၊ တစ်လနှစ်လကွာတာနဲ့ကုန်ချိန်ပါ သိသိသာသာ လျော့ကျတာပေါ့၊ အရောင်းအဝယ် လောကမှာ ကုန်ချိန်နည်းတာနဲ့ ထုတ်လုပ်မှုနည်းလာတာနဲ့ ဈေးနှုန်းလည်းကွာလာတယ်၊ မြင့်လာတယ်" ဟု ပုသိမ်မြို့မဈေးရှိ ငါးခြောက် ပုစွန်ခြောက် ပွဲရုံလုပ်ငန်းရှင် ဦးအောင်သန်းရွှေက ပြောသည်။

လက်ကား ဝယ်ဈေးမှာ ထက်ဝက်နီးပါး မြင့်တက်လာ၍ အရင်းအနှီးများလာသော်လည်း ပြန်ရောင်းရာတွင် အမြတ်အစွန်းနည်းနည်းဖြင့်သာ ရောင်းချရကြောင်း၊ ပုစွန်ခြောက် ဈေးနှုန်းမှာ ထက်ဝက်မတက်သော်လည်း ယခင်ဈေး တစ်ပိဿာ ၂၅၀၀၀ကျပ်မှ ယခုဈေး တစ်ပိဿာ ၂၉၀၀၀ ကျပ်ခန့် လက်ကားဝယ်ယူရကြောင်း ၊ ကုန်အဝင်လျော့လာပြီး ဝယ်ဈေးမြင့်လာသဖြင့် ပုသိမ်မြို့မဈေးရှိ ငါးခြောက် ပုစွန်ခြောက် လက်လီ အရောင်းဆိုင်အချို့မှာ အခြား လူသုံးကုန်ပစ္စည်းများကို ပြောင်းလဲရောင်းချလာကြောင်း ပုသိမ်မြို့မဈေး အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူကပြောသည်။

ငါးခြောက်နှင့် ပုစွန်ခြောက် လုပ်ငန်းရာသီချိန်ကို ပင်လယ် ကမ်းနီး ကမ်းဝေး ငါးဖမ်းစတင်ချိန်နှင့် အင်းအိုင်များ ဖော်ချိန် စက်တင်ဘာလကုန်နှင့် နိုဝင်ဘာလဆန်းမှ စတင်ပြီး ဧပြီလကုန်နှင့် မေလလယ်အထိ သတ်မှတ် လုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် ဧရာဝတီတိုင်း၌ ဒီဇင်ဘာလကုန်အထိ မိုးရွာသဖြင့် ငါးဖမ်းမှုကို ဇန်နဝါရီလမှသာစတင်နိုင်ခဲ့သောကြောင့် လုပ်ငန်းချိန် ၃ လခန့် နောက်ကျခဲ့ကြောင်း ဧရာဝတီတိုင်း ကမ်းနီး ရေလုပ်ငန်းသမဂ္ဂမှ ဦးသန်းထွေး ကပြောသည်။



ဓာတ်ပုံ-မောင်မျိုးထက် (ပုသိမ်)

ဧရာဝတီတိုင်း ဒေသကြီးအတွင်း ငါးခြောက်နှင့် ပုစွန်ခြောက်ရောင်းဝယ်ရေးလုပ်ငန်း အဓိကဈေးကွက်များဖြစ်သည့် ပုသိမ်၊ ဖျာပုံ၊ ဟိုင်းကြီးကျွန်း ဈေးကွက်များမှ ငါးခြောက်နှင့် ပုစွန်ခြောက် ကုန်ပစ္စည်းကို ဧရာဝတီတိုင်းတွင် ရောင်းချသည့်အပြင် ရန်ကုန်နှင့် အထက်မြန်မာပြည် ဈေးကွက်များသို့ တင်ပို့ရောင်းချကြသည်။ ■

**R-12**

# ဆင်သေတစ်ကောင်၊ ဆင်သားရေချပ်များနှင့်အတူ အမျိုးသားနှစ်ဦးကို ဖမ်းမိ

**ပုသိမ်၊ ဧပြီ ၂၂**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေဒေသ သဇင်ကျေးရွာအုပ်စု၊ သစ်ဖြူကျေးရွာရှိ ချောင်းသာ သစ်တောကြိုးဝိုင်းတွင် လူနှစ်ဦးကို ဆင်သေတစ်ကောင်၊ ဆင်သားရေ ဆိုဒ်စုံ ၄၁ ချပ်တို့နှင့်အတူတွေ့ရှိကြောင်း၊ ဧပြီလ ၂၁ ရက်ညပိုင်းက ဖမ်းမိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဒေသခံများ၏ သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များ ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းမိခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါလူနှစ်ဦး၏ ပြောကြားချက်အရ အဆိပ်မြားတပ်ထားသည့် တူမီးသေနတ် ညာဘက်လက်ပုံအနောက်သို့ ပစ်ခတ်ခံရ၍ သေဆုံးနေသော အမြင့် ၈ ပေခန့်၊ ကိုယ်ထည်လုံးပတ် ၁၄ ပေ ၅ လက်မခန့်၊ အလျား ၁၁ ပေ၊ ကျောငါးဖယ်ကုန်း၊ အစွယ်မရှိဘဲ အရေခွံ အခွာခံထားရသော ဆင်ထီးတစ်ကောင်ကိုတွေ့ရကြောင်း၊ ယင်း ဆင်သေအနီး လျှိုထဲတွင် တစ်ပေပတ်လည်နှင့် နှစ်ပေပတ်လည်ဆိုဒ်စုံ မစိုမခြောက် ဆင်သားရေ ၄၁ ချပ်ကို တွေ့ရှိရကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ဦးငဒူး (ခ) ချစ်မင်းနိုင်(၃၈နှစ်) နေထိုင်သည့် တဲအနီး တောထဲမှ သံတူရွင်း၊ သစ်သားဒူးလေး ကိုယ်ထည် ၁ ခု၊ သစ်သားဒူးလေး၁လက်၊ ယမ်းမှုန့် ၁ ထုတ်၊ ပင်နီဆီလင်ပုလင်းဖြင့် ထည့်ထားသော အဆိပ်ပုလင်း ၅ လုံး၊ သံပြောင်း သစ်သားကိုယ်ထည် တူမီးသေနတ် ၁ လက်၊ ရဲတင်း ၁ လက်၊ သစ်သားရိုးတပ် ပုဆိန် ၁ လက်၊ ဓားမြှောင် ၁ ချောင်း၊ သံရိုးတပ်ဓားကောက် ၁ ချောင်း၊ ပြောက်အိုးယမ်းကပ်နှင့် ယမ်းမှုန့်များကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဆင်သေနှင့်အတူ ဖမ်းမိသော သဇင်ကျေးရွာ အုပ်စု သစ်ဖြူကျေးရွာနေ ငဒူး(ခ)ချစ်မင်းနိုင်(၃၈နှစ်) နှင့် ကိုထွေး(ခ)သောင်းအေး(၂၁နှစ်) တို့ကို အမှုဖွင့်အရေးယူနိုင်ရန် ဆက်လက်လုပ်ဆောင်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး ပထမတန်းအရာရှိ ဒုတိယ ရဲမှူးကြီး ခင်မောင်လတ်ထံမှ သိရသည်။ ■

**R-12**

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃ (ရန်ကုန်)
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ကျိုင်းတုံတွင် လူငယ်တစ်ဦး ရေနစ်သေဆုံး

**ကျိုင်းတုံ၊ ဧပြီ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ နောင်ကွမ်ရပ်ရှိ ရေကန်တွင် ဧပြီလ ၂၁ ရက် နံနက် ၄ နာရီခန့်က စိတ်ကျန်းမာရေးမကောင်းသူလူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း ကျိုင်းတုံမြို့မ ရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းအောင်က ပြောကြားသည်။

"အုတ်လုပ်တဲ့ ကန်ထဲမှာ ရေနစ်သေဆုံးတဲ့ ကောင်လေးက စိတ်ပုံမှန်မဟုတ်ဘဲ တွေ့ရာအိမ်တွေကနေ စားစရာတို့ ပစ္စည်းတို့ ဝင်ယူတတ်တဲ့ သူလို့ သိရတယ်။ မိဘနဲ့နေရပ်လိပ်စာကတော့ စုံစမ်းဆဲပါ" ဟု ၎င်းကဆိုသည်။

အသက် ၂၀ ခန့်အရွယ် ကိုအိုက်တစ် ရေနစ်သေဆုံးမှုနှင့် ပတ်သက်၍ သေမှုသေခင်းအမှတ်စဉ် (၁၉/၂၀၁၈) ရေးဖွင့်ကာ စစ်ဆေးနေကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။ ■

**R-16**

# ပြည်မြို့တွင် ဒုရဲမှူးမိုးရန်နိုင်ကို ထောက်ခံသည့်လှုပ်ရှားမှုလုပ်

**ပြည်၊ ဧပြီ ၂၂**


ဓာတ်ပုံ-အောင်မြိုး

အင်းဒင်ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းရယူခဲ့သော သတင်းထောက်အား နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှုနှင့်တရားရင်ဆိုင်နေရစဉ် သက်သေထွက်ဆိုခဲ့သော ဒုရဲမှူး မိုးရန်နိုင်ကို ထောက်ခံသည့် လှုပ်ရှားမှုကို ပြည်မြို့တွင် ဧပြီလ ၂၂ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

ပြည်မြို့ ဗိုလ်ချုပ်လမ်း ဗိုလ်ချုပ်ကျောက်ရုပ်နှင့် ဗိုလ်ရှုခံရှေ့တွင် ညနေ ၃ နာရီခန့်မှ စတင်ကာ ဒုရဲမှူး မိုးရန်နိုင်ကို ထောက်ခံဝန်းရံခြင်း၊ တရားဥပဒေအရ အကာအကွယ်ပေးရေး၊ လက်မှတ်ထိုး လှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း၊ ဒုရဲမှူးကို တရားဥပဒေအရ အကာအကွယ်ပေးရန် အစိုးရထံတောင်းဆိုမည်ဖြစ်ကြောင်း ပြည်မြို့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ပြောသည်။

"အမှန်တရားကိုဖော်ထုတ်တဲ့ အတွက် ကျွန်တော်တို့ပြည်သူလူထုအနေနဲ့ ထောက်ခံပါတယ်။ ဂုဏ်ယူပါတယ်။ ဆက်ပြီးတော့လည်း အမှန်တရားအတိုင်း ရပ်တည်ပါ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ ဝန်းရံသွားမယ်၊ အတူရှိနေပါမယ်"ဟု သခင်ကိုယ်တော်မှိုင်း မှိုင်းကွန်ရက်မှ ဦးချစ်ဆောင်ကပြောသည်။

လက်ရှိအစိုးရအနေနှင့် အမှန်တရားဖော်ထုတ်ခဲ့သူများအား တရားဥပဒေနှင့်အညီအကာအကွယ်ပေးနိုင်ရန်၊ တရားဥပဒေစိုးမိုးရေး ဆက်လက်လုပ်ဆောင်သွားနိုင်စေလိုကြောင်း ၎င်းကပြောကြားသည်။

"နှစ်ခြောက်ဆယ်လောက် ရှိမှ အခုလို အစိုးရဝန်ထမ်းထဲ ပြည်ထဲရေးလက်အောက်က ဝန်ထမ်းကနေ ပြည်သူ့ဘက်စစ်စစ်ရပ်တည်ပြီး အမှန်တရား ပြောရဲသူထွက်ပေါ်လာတာ။ ဒီလိုများများထွက်ပေါ်မှ ပြည်သူတွေအားကိုးစရာရှိမယ်"ဟု နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဒေါ်ဇင်မာဝင်းက ပြောသည်။

အဆိုပါ လက်မှတ်ထိုးကမ်ပိန်း၊ တောင်းဆိုလှုပ်ရှားမှုအား ပြည်မြို့နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ စိတ်ပါဝင်စားသူများ၊ မြေလတ်ဂျာနယ်လစ် ကွန်ရက်တို့မှ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဖမ်းခံရသည့် သတင်းထောက်နှစ်ဦးနှင့် အမှန်တရားဖော်ထုတ်သူရဲတပ်ဖွဲ့ဝင်များ လွတ်ပေးရေး၊ ပြည်သူလူထုမှာ ၎င်းတို့နှင့်တစ်သားတည်းဖြစ်ကြောင်းကို ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြည်မြို့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ပြောကြားသည်။ ■

**M-06**


ဓာတ်ပုံ-ALS

# မိုင်းဆတ်တွင် မူးယစ်ဆေးများ ဖမ်းမိ

**ကျိုင်းတုံ၊ ဧပြီ ၂၂**

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မိုင်းဆတ်- တာချီလိတ်လမ်း လွယ်ပါရင် (၂)ကျေးရွာအနီးတွင် ဧပြီလ ၂၁ ရက် နံနက်ပိုင်းက VIGO ယာဉ်ကို စစ်ဆေးရှာဖွေရာမှ မူးယစ်ဆေးဝါးများနှင့်အတူ ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများကို ဖမ်းမိခဲ့ကြောင်း မိုင်းဆတ်မြို့အမှတ်(၂၉) မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

မိုင်းတွမ်းကျေးရွာဘက်မှ တာချီလိတ်ဘက်သို့ ဦးစိုင်းမာ မောင်းလာသည့် VIGO ယာဉ်ကို စစ်ဆေးရာ စိတ်ကြွဆေးပြား ရိုက်နှိပ်ရာတွင် အသုံးပြုသည့် သံမိုလေးချောင်းကို တွေ့ရှိကြောင်း၊ ၎င်းနေထိုင်သည့် ဝမ်ပုံကျေးရွာ နေအိမ်ဂိုဒေါင်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများကို ထပ်မံဖမ်းမိကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောသည်။

"မော်တော်ယာဉ်တွေကို လမ်းမှာ စစ်ဆေးချိန်က နောက်ပြန်လှည့်ပြီး မောင်းပြေးလို့ သေနတ်နဲ့ တစ်ချက်ပစ်လိုက်ရတယ်၊ ကားကို မှန်သွားပေမယ့် လူထိခိုက်ဒဏ်ရာတော့ မရသွားပါဘူး" ဟု ၎င်းကဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဦးစိုင်းမာ (၄၄ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မများဖြင့် အရေးယူထားကြောင်း မိုင်းတွမ်းနယ်မြေရဲစခန်းထံမှ သိရသည်။ ■

**R-16**

# ကျိုင်းတုံတွင် တစ်ရက်အတွင်း မူးယစ်ဆေးမှုဖြင့် အမျိုးသားကိုးဦး ဖမ်းမိ

**ကျိုင်းတုံ၊ ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအချို့တွင် ဧပြီလ ၂၁ ရက်က မူးယစ်ဆေးဝါးအမှုလေးမှု ဖမ်းမိခဲ့ရာ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေသည့် အမျိုးသားကိုးဦးကို ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းအောင်က ပြောကြားသည်။

"ရပ်ရွာလူထုက တောင်းဆိုတဲ့အတွက် မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ နေရာတွေကို စစ်ဆင်ရေးအနေနဲ့ ပူးပေါင်းဖမ်းဆီးခဲ့တာပါ၊ တချို့တွေကတော့ ထွက်ပြေးလွတ်မြောက်သွားတာတွေရှိတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါနေ့ရက်က အမှတ်(၁) ရပ်ကွက် ကုန်းကျောင်းရွာအနီးတွင် လူငယ်တစ်ဦးထံမှ မူးယစ်ဆေးဝါး ၅ ပြားနှင့် ဟိုနောင်ဆင်ရွာအနီးတွင် လူငယ်လေးဦးထံမှ မူးယစ်ဆေးဝါး ၄၁ ပြားကိုလည်းကောင်း၊ အမှတ်(၄)ရပ်ကွက် တိုင်းရင်းဆေးရုံအနီးတွင် လူငယ်သုံးဦးထံမှ မူးယစ်ဆေးဝါး ၂၄ ပြားကိုလည်းကောင်း၊ ကျိုင်းတုံ-ကမ္ဘာအေးဘုရားလမ်း ဝမ်ဆန်ရွာထိပ်တွင် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ မူးယစ်ဆေးဝါး ၁၅၅ ပြားနှင့် ငွေကျပ်တစ်သောင်းကို ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အသက် ၂၅ နှစ်မှ ၃၅ နှစ်အရွယ် အမျိုးသားကိုးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေများအရ အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

**R-16**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

MANDALAY VOICE

# မဟာမုနိရုပ်ရှင်တော်မြတ် သံဃာအပါးတစ်ထောင်ကျော်ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်

**မန္တလေး၊ ဧပြီ ၂၂**

မန္တလေးမြို့တော်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းက သံဃာအပါးတစ်ထောင့်ရှစ်ဆယ်ဖြင့် ပြုလုပ်ခဲ့ကြောင်း ယင်းဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မဟာမုနိဘုရားနဖူးတော်တွင် ရွှေချထားသည်များကိုခွာယူ၍ မူလမျက်နှာတော်အတိုင်း ကြည်ညိုနိုင်ရန်ရောင်တော်ဖွင့်ခြင်း၊ ကျောင်းတော်ကြီးအတွင်း အဆင့်မြင့်နည်းပညာများဖြင့် မီးပူဇော်ခြင်း၊ အတွင်းလိုဏ်ဂူတော် ရွှေသားအသစ် ပြန်ချခြင်း၊ ပလ္လင်တော်ရွှေသားအသစ်ပြန်ချခြင်း၊ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မျက်နားတော်ရောင်တော်ဖွင့်ခြင်း၊ ပြာသာဒ်တော်ကြီးရှိ ထုပိကာရာမ လက်ညှိုးထိုးမှကြာခံ၊ ကြာကလပ်အထိ ရွှေစင်ရွှေပြားများဖြင့် အသစ်လဲလှယ်ခြင်း၊ ရုပ်ပွားတော်အပေါ်တွင် နှစ်ပေါင်းများစွာကထားရှိခဲ့သော အဂါရဝဖြစ်စေသည့် အရာများကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများပြီးစီးသွားပြီဖြစ်သဖြင့် အနေကဇာတင်အခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောကြားသည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်) အပါအဝင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် ပင့်သံဃာဆရာတော်များက မင်္ဂလသုတ်နှင့် မေတ္တသုတ်ပရိတ်တော်များရွတ်ဖတ်ခြင်း၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများလောင်းလှူခြင်း၊ မန္တလေးတိုင်း လွှတ်တော်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်းများ ပြုလုပ်ခဲ့ကြသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အနေကဇာတင်ခြင်းကို သီပေါမင်း လက်ထက်က သံဃာအပါးများစွာဖြင့်ပြုလုပ်ခဲ့ဖူးပြီး ၂၀၀၂ ခုနှစ်က သံဃာအပါး ၉၀ ကျော်ဖြင့် ဒုတိယအကြိမ်အနေကဇာတင်ခဲ့ကြောင်း၊ နှစ်ပေါင်း ၂၀၀ ကျော်အတွင်း သံဃာအပါးတစ်ထောင်ကျော်ဖြင့် ပြန်လည်အနေကဇာ တင်ခြင်းဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။




**သံဃာတော်များက မဟာမုနိဘုရားအနေကဇာတင်နေစဉ်**

ရခိုင်ပြည်၌ မင်းအဆက်ဆက် ကိုးကွယ်ခဲ့သည့် မဟာမုနိရုပ်ပွားတော်မြတ်ကြီးကို အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရာကြီး (ဗဒုံမင်း) လက်ထက်၌ သားတော်ကြီးအိမ်ရှေ့ဥပရာဇာက ၁၁၄၆ ခုနှစ် (၁၇၈၄ ခုနှစ်တွင်) အမရပူရမြို့သို့ ပင့်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

■

M-05

# NEWS PHOTO




**နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေဖြင့်တရားစွဲခံထားရသော ရိုက်တာသတင်းထောက်နှစ်ဦးကို ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မင်္ဂလာဒုံမြို့နယ်တရားရုံး၌ ထွက်ဆိုခဲ့သော ဒုရဲမှူးမိုးရန်နိုင်၏မိသားစု ဧပြီလ ၂၁ ရက်နေ့က နေပြည်တော် ရဲလိုင်းခန်းမှ ဖယ်ရှားခံလိုက်ရပြီးနောက် ဧပြီလ ၂၂ ရက်နေ့က မန္တလေးမြို့သို့ရောက်ရှိလာကာ သတင်းစာဆရာများနှင့်တွေ့ဆုံရှင်းလင်းနေစဉ်။ ဒုတိယရဲမှူးမိုးရန်နိုင်၏ ဇနီး ဒေါ်တူးမာက ဖြစ်စဉ်တစ်ခုလုံး၏အမှန်တရားကို တာဝန်ရှိသူများက ဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သည်။**

**သတင်းကိစ္စ** ဆက်သွယ်လိုပါက . . .

**ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁**

# မိတ္ထီလာမြို့ပေါ်တွင် စိတ်ကြွဆေးပြား ၂၅၀၀ ခန့်ဖမ်းမိ

**မိတ္ထီလာ၊ ဧပြီ ၂၂**

မိတ္ထီလာမြို့ပြည်သာယာရပ်ကွက်တွင် ဆိုင်ကယ်စီးလာသော အမျိုးသားထံမှ စိတ်ကြွဆေးပြား ၂၅၀၀ ခန့်လှည့်ကင်းတာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

အမှတ် (၃) နယ်မြေရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်သိပ္ပံနှင့်တပ်ဖွဲ့ဝင်များ ဧပြီလ ၂၁ ရက်နေ့ နံနက်အစောပိုင်းက ကင်းလှည့်နေစဉ် ပြည်သာယာ (တ) ရပ်ကွက် (၆) လမ်းနှင့်ပိတောက်ရွှေဝါလမ်းထောင့်တွင် ဖမ်းမိခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးအနက် ဆိုင်ကယ်နောက်တွင်ပါလာသူ ထွက်ပြေးလွတ်မြောက်သွားကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

မူးယစ်ဆေးများနှင့်အတူ ဖမ်းဆီးရမိသူမှာ မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာမှ အသက် ၂၃ နှစ်အရွယ်ရှိ ဒုတိယနှစ် ရူပဗေဒအထူးပြု အဝေးသင်ကျောင်းသား သူရိန်ထွန်းဖြစ်ကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသူမှာ တစ်ရွာတည်းနေ အောင်ခန့်ကိုဖြစ်သည်ဟု သိရကြောင်း၊ ၎င်းတို့ထံမှ သိန်း ၇၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄၇၀ ဖမ်းမိခဲ့ကြောင်း၊ ယင်းဆေးပြားများကို သီပေါမြို့တွင်နေထိုင်သော အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့သည်ဟု သိရကြောင်း ယင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

လတ်တလောတွင် သူရိန်ထွန်းကို ဖမ်းဆီးထားပြီး ထွက်ပြေးတိမ်းရှောင်သွားသော အောင်ခန့်ကို ကို ဖမ်းဆီးရမိရန်စုံစမ်းနေပြီး အမှတ် (၃) နယ်မြေရဲစခန်းက မယ(ပ)၃/၂၀၁၈ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ တို့ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■

R-01



ဓာတ်ပုံ-အေးစုမွန်

မန္တလေးမြို့တော်ရှိ မင်းတုန်းမင်းကြေးရုပ်တုကို သဟပုညကာရီရောင်တော်ဖွင့်အသင်းဝင်များ ဧပြီလ ၂၂ ရက်နေ့က သန့်ရှင်းဆေးကြောနေစဉ်

# ဘုရားရုပ်ပွားတော် အဆူ ၃၀၀ ကျော်ကို သဟပုညကာရီအသင်း ရောင်တော်ဖွင့်

**မန္တလေး၊ ဧပြီ ၂၂**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိကြေးဘုရားများကို ရောင်တော်ဖွင့် ကုသိုလ်ယူနေသည့် သဟပုညကာရီအသင်းအနေနှင့် ရုပ်ပွားတော် အဆူ ၃၀၀ ကျော်ကို ရောင်တော်ဖွင့် ကုသိုလ်ပြုလုပ်ပြီးဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ယင်းအသင်းကို အသက် ၂၀ ကျော်အရွယ် လူငယ်များဖြင့် စုစည်းထားခြင်းဖြစ်ပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဘုရားစေတီများနှင့် ဘုန်းကြီးကျောင်းများတွင် ရောင်တော်ဖွင့်ကုသိုလ်ယူလျက်ရှိကြောင်း၊ အသင်းဝင်အင်အား ၄၀ ကျော်ရှိသော်လည်း လုပ်အားဒါနကုသိုလ်ပြုမည့် အမျိုးသားများလိုအပ်နေသေးကြောင်း အသင်းဝင် ဦးအောင်မောင်းက ပြောကြားသည်။

အဆိုပါအသင်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မန္တလေး၊ စစ်ကိုင်းနှင့် ပြင်စာကျေးရွာမှ ကြေးဆင်းတုတော်များရှိသော ဘုရားစေတီ၊ ဘုန်းကြီးကျောင်းများတွင် ရောင်တော်ဖွင့်ကုသိုလ်ယူလျက်ရှိရာ ဧပြီလ ၂၂ ရက်နေ့က မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ မင်းတုန်းမင်းကြေးရုပ်တုကို ရောင်တော်ဖွင့်ခဲ့ပြီး စန္ဒာမုနိဘုရားဝင်းအတွင်းရှိ စေတီတော်နှစ်ဆူကိုလည်း ထီးတော်တင်ကာ ထုံးသင်္ကန်းကပ်လှူပူဇော်ခဲ့ကြသည်။

လုပ်အားဒါနကုသိုလ်ပြုလိုသူများအနေနှင့် လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် သဟပုညကာရီ ဘုရားရောင်တော်ဖွင့်အသင်းနှင့် ဖုန်း ၀၉-၉၉၅၃၄၄၁၀၁ တို့ထံ ဆက်သွယ်နိုင်သည်။ ■

M-07

# မန္တလေးအိုးဘိုအကျဉ်းထောင်တွင် အကျဉ်းသားချင်းရန်ဖြစ်ရာမှ တစ်ဦးသေဆုံး

**မန္တလေး၊ ဧပြီ ၂၂**

မန္တလေးဗဟို (အိုးဘို) အကျဉ်းထောင်တွင် ဧပြီလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းက အကျဉ်းသားချင်းရန်ဖြစ်ရာမှ အမှုရင်ဆိုင်နေဆဲ အချုပ်သားတစ်ဦး သေဆုံးသွားခဲ့ကြောင်း ယင်းအကျဉ်းထောင်တာဝန်ရှိသူများထံမှ သိရသည်။

"ဖြစ်တာကတော့ ခဏလေးပဲ။ အဲ့ဒီမှာ ဝိုင်းထိုးခံရတဲ့သူကို ဆေးရုံတင်တော့ သေသွားခဲ့တယ်။ ပြင်ပဒဏ်ရာတော့ မရှိဘူး။ ငါးယောက်လောက် ဝိုင်းထိုးကြတဲ့ဒဏ်ကြောင့် သေသွားတယ်လို့ ယူဆရပါတယ်။ ဆေးစာမထွက်လာသေးတော့ အတိအကျပြောလို့ မရသေးပါဘူး" ဟု မန္တလေးအိုးဘို အကျဉ်းထောင်မှ ထောင်ပိုင်ကြီး ဦးချို၀င်းထွန်းက ပြောကြားသည်။

ယင်းနေ့ မွန်းလွဲ ၃ နာရီကျော်ခန့် အချိန်က အိမ်ကျော်နင်းမှုဖြင့် ချမ်းအေးသာစံမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်နေရပြီး အကျဉ်းထောင်တွင် ချုပ်နှောင်ခံထားရသည့် အသက် ၃၁ နှစ်အရွယ်ရှိ အချုပ်သား ကျော်မျိုးသူသည် ချမ်းအေးသာစံမြို့နယ် တရားရုံးတွင်ပင် မူးယစ်ဆေးဝါးမှုဖြင့် အမှုရင်ဆိုင်နေရသည့် အသက် ၂၀ အရွယ် ကျော်ပြည့်ဖြိုးပိုင် (ခ) ပေါက်စအား လမ်းဖယ်ခိုင်းရာမှ စကားများရန်ဖြစ်ခဲ့ကြောင်း၊ ယင်းသို့ စကားများရန်ဖြစ်ရာ၌ ကျော်ပြည့်ဖြိုးပိုင်နှင့် အမှုတွဲတူသည့် အသက် ၂၄ နှစ်အရွယ်ရှိ အချုပ်သားစည်သူအောင်က ဝင်ရောက်ထိုးကြိတ်ခဲ့သည့်အပြင် အသက် ၂၆ နှစ်အရွယ်ရှိ ဇော်ဇော် (ခ) ငယ်လေး၊ အသက် ၂၁ နှစ်အရွယ်ရှိ အောင်ကိုကိုနှင့် အသက် ၂၃ နှစ်အရွယ်ရှိ စိုင်းသူရနိုင် (ခ) ကိုစိုင်းတို့ကလည်း ကျော်ပြည့်ဖြိုးပိုင်ဘက်မှ ဝင်ရောက်ထိုးကြိတ်ခဲ့ကြကြောင်း အိုးဘိုအကျဉ်းထောင်ထံမှ သိရသည်။

"ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဝိုင်းထိုးတဲ့ငါးယောက်ကို ထောင်ကပဲ တရားလိုလုပ်ပြီးတော့ ပုဒ်မ ၃၀၂ နဲ့ အမှုဖွင့်ထားပါတယ်" ဟု ထောင်ပိုင်ကြီး ဦးချို၀င်းထွန်းက ပြောကြားသည်။

ယင်းအပြင် တာဝန်ကျထောင်ဝန်ထမ်းများကိုလည်း တာဝန်ပေါ့လျော့မှုဖြင့် အရေးယူသွားမည်ဖြစ်ကာ အကျဉ်းထောင်တွင် တာဝန်အရှိဆုံးဖြစ်သည့် မိမိကိုယ်တိုင်လည်း အရေးယူခံရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

"သူ (ကျော်မျိုးသူ) ရင်ဆိုင်နေရတဲ့အမှုက နှစ်လလောက်ရှိပြီ။ အမှုစစ်ကတည်းက တရားလိုဘက်က တစ်ယောက်မှ မလာတဲ့အတွက် လာမယ့် ၂၅ ရက် ၂၆ ရက်လောက်ဆိုရင် အမှုကလွတ်တော့မယ်လို့ မှန်းထားတာ။ အခုလိုဖြစ်သွားတာက ဗဟိုအကျဉ်းထောင်ထဲမှာ အကျဉ်းသားတွေရဲ့လုံခြုံရေးကို ဝန်ထမ်းတွေ လျော့တိလျော့ရဲထားတယ်လို့ပဲ မြင်တယ်" ဟု သေဆုံးသူ၏ မိသားစုဝင်တစ်ဦးဖြစ်သူ ဦးထူးမောင်က ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ရှိန်က တရားလိုပြုလုပ်တိုင်ခဲ့သည့်အတွက် အသက်သေဆုံးသည်အထိ ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြသော အချုပ်သားငါးဦးကို အောင်မြေသာစံမြို့နယ် အမှတ် (၂) နယ်မြေရဲစခန်းက (ပ)၁၃၀/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၁၁၄ တို့ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

M-04

# မြေထောက်ပဲဈေးနှုန်း ဆက်တိုက်တက်

**မန္တလေး၊ ဧပြီ ၂၂**

သင်္ကြန်ကာလပြီးနောက်ပိုင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် မြေထောက်ပဲဈေးနှုန်း ဆက်တိုက်မြင့်တက်နေကြောင်း မန္တလေးမြို့ပေါ်ရှိ ပဲအရောင်းအဝယ် လုပ်ကိုင်နေသူများထံမှ သိရသည်။

သင်္ကြန်မတိုင်မီ ကုန်စည်ဒိုင်မပိတ်ခင်ကာလအထိ မြေထောက်ပဲ (ထိပ်စ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၂,၀၀၀ မှ ၁၀၃,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိခဲ့ပြီး သင်္ကြန်ပြီးနောက်ပိုင်း ယခုရက်ပိုင်းတွင် မြေထောက်ပဲ (ထိပ်စ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀ ကျပ်အထိ ဈေးတက်လာကြောင်း မန္တလေးမြို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် (မန္တလေး) ၏ မှတ်တမ်းအရလည်း သိရသည်။

နယ်ဒေသများနေ၍ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာသော မြေထောက်ပဲများကို Export (ပြည်ပပို့ကုန်) သမားများနှင့် တရုတ်နိုင်ငံတို့မှ ဝယ်ယူနေသောကြောင့် ဈေးတက်နေခြင်းဖြစ်ကြောင်း ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး) အထွေထွေ အတွင်းရေးမှူး ဦးကျော်သွင်က ပြောကြားသည်။

"ဝယ်တာကလည်း နေ့စဉ် ဈေးကွက်မှာရသလောက်ဝယ်တယ်။ တောင်သူတွေကလည်း ဈေးကောင်းရတော့ ရောင်းတယ်" ဟု ၎င်းက ပြောဆိုသည်။

ယခုနှစ် ဇန်နဝါရီလကစ၍ ဈေးကွက်အတွင်းသို့မြေထောက်ပဲအသစ်များ ဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်တစ်သိန်းကျော်ဖြင့် ဈေးကွက်ဖွင့်ခဲ့ကြောင်း ကုန်စည်ဒိုင်က နေ့စဉ်ထုတ်ပြန်သော ဈေးနှုန်းများစာရင်းအရ သိရသည်။

သင်္ကြန်ပြီးချိန်တွင် ဝယ်လက်များက အပြိုင်အဆိုင်ဝယ်ယူနေသောကြောင့် ဈေးကွက်တွင် ပစ္စည်းလက်ကျန် နည်းသွားပြီဖြစ်၍ ယမန်နှစ်က အပိတ်ဈေး ကျပ် ၁၂၀,၀၀၀ အထက်သို့ ရောက်သွားနိုင်ကြောင်း ဦးကျော်သွင်က ထပ်မံပြောဆိုသည်။

"ဒီနှစ်ကတော့ ပစ္စည်းအညံ့ရော၊ အကောင်းရော အရောင်းအဝယ်ဖြစ်နေတယ်" ဟု ၎င်းကပြောကြားသည်။

ယခုနှစ်တွင် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် မြေထောက်ပဲအထွက်နည်းခဲ့ပြီး ဧရာဝတီအထက်ပိုင်း ဗန်းမော်ဒေသမှထွက်သော မြေထောက်ပဲများမှာ တရုတ်နိုင်ငံဈေးကွက်သို့ တိုက်ရိုက် တင်ပို့နေကြောင်း မန္တလေးဒေသခံပဲကုန်သည်များ အသိုင်းအဝိုင်းထံမှ သိရသည်။

ယမန်နှစ်က မန္တလေးဈေးကွက်အတွင်း ဇွန်၊ ဇူလိုင်လအထိ မြေထောက်ပဲအရောင်းအဝယ်ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ မေလမတိုင်မီပင် ဈေးကွက်ပိတ်နိုင်ကြောင်း ၎င်းတို့ကပြောဆိုသည်။

မင်းကွန်းအထက်ပိုင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် မုံရွာအထက်ပိုင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်သည် မြေထောက်ပဲအဓိက ထွက်ရှိရာဒေသများဖြစ်သည်။ ■

M-08

# သဘာဝဘေးခိုလှုံရန် ပြည်နယ်နှင့် တိုင်း လေးခု၌ အဆောက်အအုံ ၈၇ လုံး ဆောက်မည်

**ရန်ကုန်၊ ဧပြီ ၂၂**

သဘာဝဘေးသင့်မှု အရေးပေါ်ကာလများတွင် ခိုလှုံနိုင်ရန် ပြည်နယ်နှင့် တိုင်းလေးခု၌ အဆောက်အအုံ ၈၇ လုံး ဆောက်လုပ်ရန် စီစဉ်နေပြီး ယခုနှစ်အတွင်း လုပ်ငန်းစတင်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြောကြားသည်။

"အဓိကလိုတဲ့ ပြည်နယ်နဲ့တိုင်းတွေမှာ ဆောက်မယ်။ ဘေးအန္တရာယ် အကာအကွယ်ပေးမယ့် အဆောက်အအုံဖြစ်တော့ စနစ်တကျနဲ့ ခိုင်မာအောင် လုပ်ရမယ့်အပိုင်းတွေရှိတယ်။ ဒီနှစ်ထဲတော့ လုပ်ငန်းစနိုင်မှာပါ" ဟု ၎င်းက ဆိုသည်။

ဘေးအန္တရာယ်အဆောက်အအုံ တည်ဆောက်ရန် လျာထားချက်စာရင်းအရ ဧရာဝတီတိုင်းတွင် ၅၇ လုံး၊ ချင်းပြည်နယ်တွင် သုံးလုံး၊ ရခိုင်ပြည်နယ်တွင် ၂၆ လုံး အပါအဝင် ရှမ်းပြည်နယ်တွင် တစ်လုံး ဆောက်လုပ်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနထံမှ သိရသည်။

ထို့အပြင် ယခင်က သဘာဝဘေးအန္တရာယ်ခိုလှုံရန် ဆောက်လုပ်ခဲ့သော အဆောက်အအုံများသည် ထုထည်ကြီးမား၍ ငွေကုန်ကြေးကျခံ တည်ဆောက်ထားသော်လည်း သဘာဝဘေးဒဏ်နှင့် အမှန်တကယ်ကြုံတွေ့ပါက အဆိုပါအဆောက်အအုံသို့လာရောက်ရန် ကျေးရွာများနှင့် အလှမ်းဝေးကွာမှု မကြာခဏဖြစ်ပေါ်နေခြင်းကြောင့် ယခုအခါတွင် ကျေးရွာအလိုက် လိုအပ်မှုအပေါ်မူတည်ကာ တည်ဆောက်ပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထံမှ သိရသည်။

"သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွေက နှောင့်နှေးမှု ရှိသေးတယ်။ တကယ့် အရေးပေါ်အခြေအနေတွေဆို ခရီးမရောက်ဘူး။ နောက်ပြီးတော့ သဘာဝဘေးဒဏ်နဲ့ အသက်ဆုံးရှုံးရင် ကျပ်တစ်သိန်းလောက်ပဲ ထောက်ပံ့ပေးတဲ့စနစ်က ပြင်သင့်တယ်။ ဘတ်ဂျက်လျာထားချက်လည်း မြှင့်ဖို့လိုပြီလေ" ဟု ၂၀၁၈ ခုနှစ်က လူအသေအပျောက် အများဆုံးဖြစ်ခဲ့သည့် နာဂစ်မုန်တိုင်းသင့်ပြည်သူများ၏ ကယ်ဆယ်ရေးအစီအစဉ်များ စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးခဲ့ဖူးသူတစ်ဦးက ဆိုသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် (ယခင်) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဟု အမည်ပြောင်းလဲခဲ့သည်။ ■ J-17

The VOICE Daily CARTOON




ဖြန့်ချိရေးကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊

၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)


## ကုသိုလ်လမ်းညွှန်

မကြာခင် ကျောင်းဖွင့်ရာသီလည်းရောက်တော့မယ်ဆိုတော့ ဒေးဒရဲမြို့နယ်၊ နာဂစ်မုန်တိုင်းဒဏ်သင့်ခံရတဲ့ ကလေးတွေရဲ့ပညာသင်ထောက်ပံ့ကြေးအတွက် တတ်အားသရွေ့လှူဒါန်းနိုင်အောင် ညွှန်ပေးချင်ပါတယ်။ တစ်နှစ်စာ ကျောင်းစရိတ် မူလတန်းကလေးတွေအတွက်က သူငယ်တန်းကနေ ၄ တန်းအထိ ကလေးတစ်ယောက်ကို ၅၀,၀၀၀ ကျပ်၊ အလယ်တန်း (၅ တန်းကနေ ၈ တန်းအထိ) ကလေးတစ်ယောက်ကို ၁၀၀,၀၀၀ ကျပ်၊ အထက်တန်း (၉ တန်း) ကလေးတစ်ယောက်ကို တစ်နှစ်စာ ၁၅၀,၀၀၀ ကျပ်၊ တက္ကသိုလ်ဝင်တန်းကလေးတစ်ယောက်ကို ၃၅၀,၀၀၀ ကျပ်၊ အဝေးသင်တက္ကသိုလ် ကလေးတစ်ယောက်ကို ၃၀၀,၀၀၀ ကျပ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (Day) ကလေးတစ်ယောက်ကို ၃၅၀,၀၀၀ ကျပ်၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် (Day) ဂုဏ်ထူးတန်း/မဟာ ကလေးတစ်ယောက်ကို ၄၀၀,၀၀၀ ကျပ်၊ နည်းပညာတက္ကသိုလ်တစ်ယောက်ကို ၅၀၀,၀၀၀ ကျပ်နဲ့ M.E တစ်ယောက်ကို ၆၀၀,၀၀၀ ကျပ် အသီးသီး သတ်မှတ်ထားပါတယ်။ အသေးစိတ် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၂၀၀၁၅၃၅၀ ကို စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■

## ဈေးဝယ်လမ်းညွှန်



### ကိုယ့်အိမ်မှာပဲ အသုံးပြုနိုင်မယ့် ခြေဖဝါးအကြောပြေအနှိပ်စက်

တစ်နေ့တာ လမ်းလျှောက်များလာတာပဲဖြစ်ဖြစ်၊ ပင်ပန်းနွမ်းနယ်လာလို့ပဲဖြစ်ဖြစ် အညောင်းပြေအောင် ကိုယ့်အိမ်မှာပဲ အပန်းဖြေချင်သူတွေအတွက် အခုညွှန်ပေးချင်တာကတော့ ခြေဖဝါးအကြောပြေ ကျန်းမာရေးအနှိပ်စက်လေးဖြစ်ပါတယ်။ ဒီစက်လေးကိုအသုံးပြုချင်ရင် ခြေဖဝါးကိုပဲ သီးသန့်နှိပ်ချင်တာပဲဖြစ်ဖြစ် ခြေဆင်းပုံစံနဲ့ ခြေသလုံး စတဲ့အညောင်းပြေချင်တဲ့နေရာတွေကိုလည်း နှိပ်နယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စက်နဲ့အားမရလို့ လက်ထည့်ပြီးနှိပ်ချင်သူတွေအတွက်လည်း အသုံးပြုနိုင်မှာဖြစ်ပြီး အတိုး၊ အလျှော့လုပ်နိုင်မယ့် Function အစုံ ပါဝင်ပါသေးတယ်လို့ ရောင်းချသူက ဆိုပါတယ်။ တရုတ်နိုင်ငံထုတ်ဖြစ်ပြီး ပစ္စည်းအာမခံအတွက် ၃ လသက်တမ်းပေးထားကာ သတ်မှတ်ထားတဲ့ကာလအတွင်း ပစ္စည်းတစ်ခုခုချွတ်ယွင်းလာရင် အသစ်တစ်လုံး လဲလှယ်ပေးတယ်လို့ ထပ်ဆင့်ဆိုပါတယ်။ ဈေးနှုန်းက ၁၅၀,၀၀၀ ကျပ်ဖြစ်ပြီး သတ်မှတ်ထားတဲ့ ၁၅ မြို့နယ်ကို အခမဲ့ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ ၂၆၃၇၂၆၃၃၀ တို့ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ ■


ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# တာဝန်ယူမှု တာဝန်ခံမှု နိဒါန်းလား

သိန်းထွန်း(IR)



**တာဝန်ယူမှု တာဝန်ခံမှုရှိဖို့ဆိုရင် အပြန်အလှန်ထိန်းကျောင်းမှုလည်း အသက်ဝင်ဖို့ လိုအပ်ပါလိမ့်မယ်။ အပြန်အလှန်ထိန်း ကျောင်းမှု မရှိတာနဲ့အမျှ တာဝန်ယူမှု တာဝန်ခံမှုလည်း အားနည်းသွားမှာ အသေအချာပဲဖြစ်ပါတယ်။ လက်ရှိနိုင်ငံတည်ဆောက်ဆဲကာလမှာ အင်စတီကျူးရှင်းများခိုင်မာရေး အရေးတကြီးလိုအပ်နေပါတယ်။ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းဖို့အတွက် အပြန်အလှန်ထိန်းကျောင်းမှုစနစ်၊ တာဝန်ယူမှု တာဝန်ခံမှုစနစ်များကို ယခုလိုအချိန်မှာ ထူထောင်သင့်ပြီလို့ တိုက်တွန်းလိုပါတယ်။**

၂၀၁၁ နောက်ပိုင်း မြန်မာနိုင်ငံမှာ ယခင်က မကြားခဲ့ရဖူးသော စကားလုံးနှစ်လုံးကို အမြဲလိုလိုကြားနေရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်အတွင်းမှာလည်း ကြားရပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်အတွင်းမှာလည်း ကြားရပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်အတွင်းမှာလည်း ကြားရပါတယ်။ အခြားသောနေရာများမှာလည်း ကြားရပါတယ်။ ဒါပေမဲ့ စကားအဖြစ်သာ ကြားနေရပြီး လက်တွေ့အားဖြင့် ရှားပါးလှတာကတော့ ယနေ့အထိလို့ ဆိုနိုင်ပါလိမ့်မယ်။ အဲဒီစကားလုံးကတော့ Responsibility and accountability ဆိုတဲ့ တာဝန်ယူမှု တာဝန်ခံမှုပဲဖြစ်ပါတယ်။ တာဝန်ခံ တယ်ဆိုတာ မည်သို့တာဝန်ခံရမလဲ၊ မည်သူ့ကို တာဝန်ခံရမလဲ။

တာဝန်ခံခြင်းဆိုသည်မှာ မိမိ၏လုပ်ဆောင်မှုအတွက် တာဝန်ခံရန် တာဝန်ရှိခြင်း (being called to account for one's actions) လို့ အကျဉ်းချုပ်အားဖြင့် ဆိုပါတယ်။ တာဝန်ခံရခြင်းများမှာ မိမိရာထူး၊ တာဝန်အလိုက် ဆောင်ရွက်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒချမှတ်ခြင်းများ၊ အကောင်အထည်ဖော်မှုများ၊ ရှင်းလင်းတင်ပြခြင်း၊ အစီရင်ခံခြင်းများအပြင် နောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်များကို တာဝန်ခံခြင်းများ ပါဝင်ပါတယ်။ တာဝန်ခံရာမှာ မည်သူ့ကို တာဝန်ခံရမလဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄) မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟုဆိုသဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံသားများကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၃ အရ နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဌ) (၁) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ နိုင်ငံတော်သမ္မတကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ၊ လွှတ်တော်နဲ့ နိုင်ငံတော်သမ္မတကို တာဝန်ခံရမှာဖြစ်ပါတယ်။

တာဝန်ယူမှု တာဝန်ခံမှုအကြောင်း အခုလို နိဒါန်းချီနေရခြင်းကတော့ ၅.၄.၂၀၁၈ ရက်နေ့ထုတ် The Voice Daily သတင်းစာပါ သတင်းတစ်ပုဒ်ကြောင့် ဖြစ်ပါတယ်။ သတင်းစာပါ သတင်းခေါင်းစဉ်ကတော့ ချင်းတွင်းသင်္ကြန် ဖြစ်ပါတယ်။ မုံရွာသင်္ကြန်နဲ့ပတ်သက်လို့ အသံမျိုးစုံကြားခဲ့ရတာပါ။ ကန့်ကွက်သံ၊ ဝေဖန်သံတွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူများရဲ့ ပြောကြားသံတွေ၊ ဘက်စုံအသံတွေ ကြားသိနေခဲ့တာပါ။ မုံရွာသင်္ကြန်ကို ချင်းတွင်းမြစ်ထဲ ကျင်းပခြင်းအပေါ် အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးက တွေးဆကြတာပါ။ ဒီလိုအချိန်မှာ ချင်းတွင်းသင်္ကြန်နဲ့ပတ်သက်လို့ သတင်းမှာဖော်ပြထားတာက ဒီဝေဖန်တာတွေနဲ့ပတ်သက်ပြီးတော့ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ကတော့ ဖြစ်သမျှအဆိုးအကောင်း တာဝန်ယူမယ်လို့လည်း ပြောထားပါတယ်လို့ ဖတ်ရပါတယ်။ ဖြစ်သမျှ အဆိုး အကောင်း တာဝန်ယူမယ်ဆိုတဲ့ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ရဲ့ တာဝန်ယူ တာဝန်ခံတဲ့စကားကို အလွန်ကျေနပ်မိပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်တဲ့ ပြည်သူကို တာဝန်ခံခြင်း၊ လွှတ်တော်ကို တာဝန်ခံခြင်း၊ နိုင်ငံတော်သမ္မတကို တာဝန်ခံခြင်းကို ကိုယ်တွေ့ဖတ်လိုက်ရလို့ပါ။ ယခုတော့ မုံရွာချင်းတွင်းသင်္ကြန်လည်း ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ချင်းတွင်းသင်္ကြန်ကို လက်ခံသူများရှိသလို လက်မခံသူများလည်း ရှိနေပါလိမ့်မယ်။ အမြင်မတူ ရှုထောင့်မတူတာ သဘာဝမို့ နားလည်နိုင်ပါတယ်။

အဓိက တင်ပြလိုရင်းအချက်ကတော့ မိမိတို့နိုင်ငံရဲ့ တာဝန်ယူမှု တာဝန်ခံမှု အနေအထားဖြစ်ပါတယ်။ ဖြစ်စဉ်သုံးခုကို ဥပမာပေး ဖော်ပြလိုပါတယ်။

ပထမဖြစ်စဉ်က ၂၀၁၅ ခုနှစ် မတ်လ ၁၃ ရက်နေ့ညက ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှ အရှေ့တောင်ဘက် မိုင် ၆၀ ခန့်အကွာ ငပသုန်ကျွန်းနှင့် မြောက်ကြိမ်ကျွန်းကြားမှာ အောင်တံခွန် (၃) သင်္ဘောနစ်မြုပ်ခဲ့ပြီး လူ ငါးဆယ်ကျော် အသက်ဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်ပါ။ သင်္ဘောနစ်မြုပ်မှုနှင့်ပတ်သက်ပြီး အောင်တံခွန်သင်္ဘောဟာ နှစ်ပေါင်း (၂၀) ကျော်သက်တမ်းရှိကာ ပင်လယ်ပြင်သို့ထွက်ရန် ကြံ့ခိုင်မှုမရှိကြောင်း၊ ခရီးသည်နှင့်ကုန်များကို သတ်မှတ်ထားသည်ထက် ပိုမိုတင်ဆောင်ထားပြီး အရေးပေါ်အသက်ကယ်ဆယ်ရေးပစ္စည်းကိရိယာများလည်း ပြည့်စုံလုံလောက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အောင်တံခွန် (၃) သင်္ဘောနစ်မြုပ်မှုအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းစစ်ဆေးခဲ့ပြီး တာဝန်ရှိတဲ့အရာရှိနဲ့ ဝန်ထမ်းတွေကို တာဝန်မှရပ်စဲခြင်း၊ ရာထူးတစ်ဆင့်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

ဒုတိယဖြစ်စဉ်က မြောင်းမြတံတား ပြတ်ကျမှုဖြစ်ပါတယ်။ မြောင်းမြကြိုးတံတားဟာ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်၁နာရီ၄၅မိနစ်အချိန်က မြောင်းမြဘက်ကမ်း ဆိုင်းကြိုးပြတ်တောက်ကာ တံတားပြတ်ကျခဲ့ခြင်း ဖြစ်ပါတယ်။ သံမဏိကြိုးများဆွေးမြည့်ပြီး ကြိုးပြတ်၍ တံတားကျိုးကျပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ ပြတ်ကျခဲ့သော မြောင်းမြကြိုးတံတားသည် တည်ဆောက်ပြီးစဉ်ကတည်းက စောင်းနေခဲ့ပြီး အမြဲနှစ်စဉ်စောင့်ကြည့်စစ်ဆေးခဲ့ရကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဧပြီလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ တံတားသက်တမ်း နှစ်(၂၀)ပြည့်မြောက်သည့် ၂၀၁၆ ခုနှစ်မှစ၍ လစဉ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးရာတွင် တံတားကြမ်းခင်းများ၊ မူလီများ၊ Expansion Joint များ၊ Suspender Rod များမကောင်းလျှင် လဲလှယ်မှုများ ချက်ချင်းပြုလုပ်ခဲ့တယ်လို့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ မြောင်းမြမြစ်ကူးကြိုးတံတားကြီး ရွှေးမြစ်ထဲကို ပြတ်ကျသွားရာမှာ ခြောက်ဘီးကုန်တင်ယာဉ်နဲ့အတူ ယာဉ်မောင်း မဲကြီး(ခ)သန့်ဇော်ထိုက်နဲ့ ယာဉ်နောက်လိုက်တစ်ဦးတို့ မြစ်ထဲကို ပြုတ်ကျသေဆုံးသွားခဲ့ပါတယ်။ သေဆုံးသူတစ်ဦးကိုဆောက်လုပ်ရေးဝန်ကြီးက ကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၃ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကျပ် ၃ သိန်း စုစုပေါင်း ငွေကျပ် ၂၆ သိန်းစီကို သူတို့ရဲ့ မိသားစုဝင်တွေထံ ပေးအပ်ခဲ့ကြောင်းလည်း သိရပါတယ်။ ဒါပေမဲ့ သေဆုံးသူကိုသန့်ဇော်ထိုက်ရဲ့ဇနီးဖြစ်သူကတော့ သူ့ရဲ့အမျိုးသားဟာ သူတို့မိသားစုကို ရှာဖွေကျွေးမွေးနေသူဖြစ်တာကြောင့် သူ့ယောက်ျားကို ဒီငွေတွေနဲ့ မလဲနိုင်ဘူးလို့ပြောတာ ဖတ်ရပါတယ်။ ဒီဖြစ်စဉ်တွေက မြန်မာ နိုင်ငံမှာဖြစ်တဲ့ ဖြစ်စဉ်များနဲ့ တာဝန်ယူမှု တာဝန်ခံမှု အခြေအနေနမူနာ ဖြစ်ပါတယ်။

တတိယဖြစ်စဉ်က ၂၀၁၄ ခုနှစ် ဧပြီလထဲက တောင်ကိုရီးယားက ကူးတို့သင်္ဘောနစ်မြုပ်မှု ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ လူ ၃၀၀ ကျော် ပျောက်ဆုံးသေကျေခဲ့ရတဲ့ ကူးတို့သင်္ဘောနစ်မြုပ်မှုအပေါ် အစိုးရအနေနဲ့ လုံလုံလောက်လောက် တုံ့ပြန်မှုမပေးနိုင်ခဲ့တာအတွက်လို့ပြောပြီး တောင်ကိုရီးယားသမ္မတ Park Geun-hye က တောင်းပန်ခဲ့ပါတယ်။ ဒီဖြစ်ရပ်ဆိုးကြီးမဖြစ်အောင် မတားဆီးနိုင်ခဲ့တာအတွက်ရော အစပိုင်းကယ်ဆယ်ရေးကို လုံလုံလောက်လောက် မလုပ်ပေးနိုင်ခဲ့တာရောကြောင့် ကျွန်မ တောင်းပန်သင့်ပါတယ်။ ဒါပေမဲ့ ဒီလိုတောင်းပန်လိုက်လို့ရော နာကျင်ခံစားရသူတွေရဲ့ ဝေဒနာတွေ လျော့သွားပါ့မလား။ ဒီဖြစ်ရပ်ဆိုးကြောင့် တန်ဖိုးရှိတဲ့ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရတာအတွက် လှိုက်လှိုက်လှဲလှဲ တောင်းပန်ချင်ပါတယ်လို့ သမ္မတ Park ပြောသွားခဲ့ပါတယ်။ ဒီဖြစ်ရပ်ကြောင့် ဝန်ကြီးချုပ် Chung Hong-won ကတော့ ရာထူးက နုတ်ထွက်စာတင်ခဲ့ပါတယ်။ အစိုးရအဖွဲ့မှာ ကျွန်တော် ဆက်ရှိနေသေးမယ်ဆိုရင် ကျွန်တော့်ကြောင့် အစိုးရအဖွဲ့ဟာ ဝန်ထုပ်ဝန်ပိုးဖြစ်နေမယ်လို့ သူက ရဲရဲရင့်ရင့်ပြောဆိုခဲ့တာကို ဖတ်ရပါတယ်။

ဒီဖြစ်စဉ်တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဘာတွေကို အဓိကပြင်ဖို့လိုမယ်ဆိုတာ ပေါ်လွင်နေပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတယ်ဆိုရာမှာ ကိုယ်လိုချင်တဲ့အချက်တွေကိုသာ ရင်ပေါင်တန်းပြီး ကိုယ့်ကိုနစ်နာစေမယ့်အချက်များကိုတော့ လျစ်လျူရှုထားလို့ မရပါဘူး။ ပြည်သူကို မျက်နှာမူမယ်ဆိုရင်တော့ တာဝန်ယူမှု တာဝန်ခံမှု လက်တွေ့ကျဖို့ လိုပါလိမ့်မယ်။ ဒါမှလည်း ပြည်သူရဲ့ယုံကြည်မှု ရရှိနိုင်မှာပါ။

ဒီလိုအချိန်မှာ ချင်းတွင်းသင်္ကြန် စီစဉ်ဆောင်ရွက်တဲ့ကိစ္စကို စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆုံးဖြတ်လုပ်ဆောင်ပြီး ဖြစ်သမျှ အဆိုးအကောင်းကို တာဝန်ယူမယ်လို့ ပြောခဲ့တာဟာ ထူးခြားမှုတစ်ခုပါ။ ဒါဟာ မြန်မာနိုင်ငံဒီမိုကရေစီအပြောင်းအလဲမှာ တာဝန်ယူမှု တာဝန်ခံမှုနိဒါန်း ဖြစ်လာမလားလို့ ယူဆမိပါတယ်။ တာဝန်ယူခြင်း တာဝန်ခံခြင်းဆိုရာမှာလည်း လုပ်ငန်းတာဝန်ကြီးတာ၊ ငယ်တာ သာမကဘဲ ပြည်သူများရဲ့လိုလားချက်နဲ့လည်း တိုက်ရိုက်ပတ်သက်နေပါတယ်။ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းဟာ အပြန်အလှန်ထိန်းကျောင်းမှု၊ စီမံအုပ်ချုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှု အရည်အသွေး၊ လာဘ်ပေးလာဘ်ယူမှု စတဲ့ ကဏ္ဍများနဲ့လည်း များစွာဆက်စပ်နေပါတယ်။

လွှတ်တော်ဟာ ပြည်သူကို တာဝန်ခံရပါတယ်။ နိုင်ငံတော်သမ္မတဟာ လွှတ်တော်ကို တာဝန်ခံရပါတယ်။ ပြည်ထောင်စုဝန်ကြီးများဟာ လွှတ်တော်ကိုလည်းကောင်း၊ သမ္မတကိုလည်းကောင်း တာဝန်ခံရပါတယ်။ ထို့အတူ အခြားသောရာထူးအဆင့်ဆင့်များဟာလည်း တည်ဆဲဥပဒေများနဲ့အညီ တာဝန်ခံရပါတယ်။ တာဝန်ယူမှု တာဝန်ခံမှုရှိဖို့ဆိုရင် အပြန်အလှန်ထိန်းကျောင်းမှုလည်း အသက်ဝင်ဖို့ လိုအပ်ပါလိမ့်မယ်။ အပြန်အလှန်ထိန်းကျောင်းမှု မရှိတာနဲ့အမျှ တာဝန်ယူမှု တာဝန်ခံမှုလည်း အားနည်းသွားမှာ အသေအချာပဲဖြစ်ပါတယ်။ လက်ရှိနိုင်ငံတည်ဆောက်ဆဲကာလမှာ အင်စတီကျူးရှင်းများခိုင်မာရေး အရေးတကြီးလိုအပ်နေပါတယ်။ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းဖို့အတွက် အပြန်အလှန်ထိန်းကျောင်းမှုစနစ်၊ တာဝန်ယူမှု တာဝန်ခံမှုစနစ်များကို ယခုလိုအချိန်မှာ ထူထောင်သင့်ပြီလို့ တိုက်တွန်းလိုပါတယ်။ သီအိုရီသဘောတရားကို လက်တွေ့ကျကျ ကျင့်သုံးဖို့ လိုအပ်နေပါပြီ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကတော့ ချင်းတွင်းသင်္ကြန်ကို တာဝန်ယူမှု တာဝန်ခံမှုနဲ့ အကောင်အထည်ဖော်ခဲ့ပါပြီ။ ဒါဟာ တည်ဆောက်ဆဲကာလ မိမိတို့နိုင်ငံအတွက် တာဝန်ယူမှု တာဝန်ခံမှု နိဒါန်းဖြစ်လာမလားလို့ ယူဆမိပါတယ်။

■သိန်းထွန်း(IR)

# မွန်နှင့် ကရင် သင်္ကြန်တစ်ခေါက်

ချစ်ဝင်းမောင်



**ယခုတော့ မြောက်ပိုင်း ကချင်ပြည်နယ်မှာ တိုက်ပွဲသံတွေ ပြင်းထန်နေသလောက် ကရင်ပြည်နယ်မှာ အသံတိတ်နေခဲ့သည်။ အကျိုးဆက်ကတော့ ဟိုတစ်ချိန်က ချောက်ချောက်ချားချား သွားလာခဲ့ရသည့်နယ်မြေမှာ စိတ်အေးချမ်းသာ သွားလာနိုင်လာခြင်းဖြစ်သည်။**

သင်္ကြန်ရက်များအတွင်း မော်လမြိုင်၊ မုဒုံ၊ ချောင်းဆုံ၊ ဘားအံ အစ ရှိသည့် မွန်နှင့် ကရင်ပြည်နယ်မြို့အချို့ကို ရောက်ရှိဖြစ်ခဲ့သည်။ ရန်ကုန်မြို့ကလွဲပြီး နယ်အဝေးသို့ ကိုယ်ပိုင်ကားဖြင့်သွားလေ့မရှိသော စာရေးသူအတွက်တော့ အသစ်အဆန်းဖြစ်သလိုစိတ်လှုပ်ရှားစရာလည်းကောင်းပါသည်။ လွန်ခဲ့သည့်နှစ်များစွာက ထိုဒေသများကို မီးရထားဖြင့်၊ အဝေးပြေး ဘတ်စ်ကားများဖြင့် ရံဖန်ရံခါ သွားခဲ့ဖူးသော်လည်း ယခုလိုမျိုးတော့ မသွားခဲ့ဖူးပါ။ လမ်းတွေကလည်းကောင်း၊ ကြည့်စရာရှုစရာ ပတ်ဝန်းကျင်ကလည်း သာသာယာယာမို့စိတ်ကြည်နူးစရာကောင်းလှသော ခရီးစဉ်တစ်ခုပင်။

ရန်ကုန်-မော်လမြိုင်ကားလမ်းက အတော်လေးပြေပြစ်ချောမွေ့ကောင်းမွန်လာခဲ့သလို လမ်းတစ်လျှောက်မှာလည်း ယခင်က မရှိခဲ့သော စားသောက်ဆိုင်တွေ၊ စက်သုံးဆီဆိုင်တွေ တွေ့လာရသည်။ အမြဲတမ်းသွားလာနေကြသူတွေအတွက် အသစ်အဆန်းမဟုတ်တော့သော်လည်း ကိုယ်တွေအတွက်တော့ အသစ်အဆန်းတွေဖြစ်နေသည်။ ကျိုက်ထိုမြို့အဝင်မှာ နာမည်ကြီး Feel စားသောက်ဆိုင်လို၊ ခိုင်ခိုင်ကျော်လိုဆိုင်တွေ တိုးလာတာ တွေ့ရသည်။ သည်လမ်းမပေါ်မှာ နာမည်ကြီးသော 'စိမ်းလဲ့တင်' မှာလည်း ကိုယ်ပိုင်ကားတွေတန်းစီပြီး ရပ်နားနေတာတွေ့ရသည်။ ရန်ကုန်-ကျိုက်ထီးရိုးကားလမ်းက ပြည်တွင်းခရီးသွားများရော နိုင်ငံခြားသား ခရီးသွားများပါ အများဆုံး အသုံးပြုနေသော လမ်းတစ်လမ်းဖြစ်သည်။ တစ်လမ်းလုံး ကားတွေ ဥဒဟို အဆက်မပြတ်။ ရန်ကုန်ထွက်ကတည်းက မြို့တိုင်းလိုလို မြို့ဝင်ကြေးပေးရသည်။ မများလှပါ။ ၂၀၀ ကျပ်။ မြို့ဝင်ကြေးပေးပြီးတော့ လမ်းတစ်လျှောက် အပိုင်းလိုက် Toll ဂိတ်တွေမှာ ဖြတ်သန်းခပေးရပြန်သည်။ BOT စနစ်အရ ဒီလမ်းပိုင်းကို သူတို့ကထိန်းသိမ်းနေရသည့်အတွက် ပေးဆောင်ရခြင်းဖြစ်သည်ဟု ဆိုသည်။ မြို့တွေ၊ လမ်းတွေက ဆက်နေတော့ တစ်နေရာရောက်တိုင်း ၂၀၀ ကျပ်၊ ၅၀၀ ကျပ် စသည်ဖြင့် ပေးလာလိုက်သည်မှာ ခရီးဆုံးရောက်တော့ နှစ်ထောင်ကျော်၊ သုံးထောင်လောက်ကျသင့်နေသည်။ မြို့ဝင်ကြေးကို ဘီးခွန်ဟုလည်းခေါ်သည်။ ထိုလမ်းမပေါ်တွင် ထောင်ပေါင်းများစွာသောကားတွေ ဥဒဟိုသွားလာနေကြသဖြင့် မြို့ဝင်ကြေးတွေ၊ လမ်းကြေးတွေ တော်တော်တော့ ရကြမည်ထင်သည်။ မြို့အဝင်တိုင်းမှာ နေ့ရော ညပါ မြို့ဝင်ကြေးကောက်နိုင်ဖို့ မီးတိုင်တွေတန်းစီပြီး စိုက်ထားတာလည်းတွေ့ရသည်။ ပေးရသည့် မြို့ဝင်ကြေးပမာဏက မများလွန်းလှသော်လည်း မြို့တိုင်း မြို့တိုင်းက ယခုလိုကောက်ခံနေကြတာကိုကြည့်ပြီး စိတ်ထဲဘဝင်မကျသလိုတော့ ဖြစ်မိသည်။ အခြားနိုင်ငံတွေမှာ ဒီလိုပဲမြို့အဝင်မှာ တားပြီး ဝင်ကြေးကောက်နေကြသလား မသိပါ။ အာဏာပိုင်တွေနှင့် လုပ်ငန်းရှင်တွေ လက်ဝါးချင်းရိုက် လေလံပေးထားသောလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံ့ဘဏ္ဍာထဲသို့ ဘယ်လောက်ရောက်သည်ကိုတော့ ဘယ်သူမှ မသိနိုင်ပါ။ စိတ်ထဲ ဘဝင်မကျလှသော်လည်း အများနည်းတူ မြို့ဝင်ကြေးတွေ၊ လမ်းကြေးတွေ တောက်လျှောက်ပေးပြီး ခရီးဆက်ရသည်။

ရန်ကုန်-မော်လမြိုင်လမ်းက အတော့်ကိုကောင်းသွားတာတော့ အမှန်။ လမ်းတွေကောင်းသွားသလို နယ်မြေဒေသကလည်း အေးချမ်းသွားသဖြင့် ယခုနှစ်များအတွင်း ပြည်တွင်းခရီးသွားတွေက မွန်နှင့် ကရင်ပြည်နယ် ဒေသန္တရဘုရားဖူးခရီးစဉ်ကို အများဆုံး ရွေးချယ်လာခဲ့ကြသည်။ အချို့က အာရှအဝေးပြေးလမ်းမကြီးအတိုင်း ထိုင်းနိုင်ငံနယ်စပ် မြဝတီ၊ မဲဆောက်အထိ သွားကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော်၊ သုံးဆယ်ကာလတုန်းကတော့ သည်လမ်းမတွေက ယခုလိုညက်ညက်ညောညောမရှိသေးသလို နယ်မြေအခြေအနေကလည်း အေးအေးချမ်းချမ်းမရှိ။ ကရင်ပြည်နယ်မှာ ပစ်သံခတ်သံတွေ မပြတ်ကြားနေရသည်။ မီးရထားတံတား မိုင်းခွဲတာ၊ ကားလမ်းခါးပြတိုက်တာတွေက မရိုးနိုင်သောပုံပြင်တွေဖြစ်သည်။ မှောင်ခိုတစ်ခေတ်လုံး ရန်ကုန်-မော်လမြိုင်က ရထားကိုသာ အားကိုးအားထားပြုရသည်။ ကရင်ပြည်နယ် ဘားအံဆိုသည်ကလည်း မော်လမြိုင်ရောက်ပြီးမှ သင်္ဘောခရီး အဓိကအားကိုးသွားရသည့်မြို့။ ရထားသည်ပင် မော်လမြိုင်ကို တိုက်ရိုက်မပေါက်။ မုတ္တမဆိုသော ရထားလမ်းဆုံးမြို့ကလေးမှတစ်ဆင့် မော်လမြိုင်ဘက်ကမ်းသို့ နှစ်ထပ်ကူးတို့သင်္ဘောတွေ၊ ဇက်သင်္ဘောကြီးတွေနှင့် ကူးပြီးမှရောက်သည်။ ပြောရလျှင် ထိုစဉ်ကာလများက မွန်နှင့် ကရင်ပြည်နယ်က အမည်းရောင်နယ်မြေ။ ထိုင်း-မြန်မာနယ်စပ်မှာ ကေအင်ယူ၊ မွန်ပြည်သစ်တို့ ခြေကုပ်ယူထားသည်။ ၁၉၈၈ အရေးအခင်းကြီးပြီးတော့ ကျောင်းသားလက်နက်ကိုင်အဖွဲ့တွေပါ တိုးပွားလာသည်။ ညနေ ၆ း ၀၀ နာရီကျော်လျှင် ကားလမ်းတံတားတွေကို ဖြတ်ကျော်သွားလာခွင့်မရှိတော့။ ညအမှောင်ယွန်းသည်နှင့် ချောက်ချားစရာဖြစ်သွားသောနယ်မြေ။ သည်ဒေသမှာ မာနယ်ပလောတိုက်ပွဲလိုတိုက်ပွဲကြီးတွေဖြစ်သည်။ ဒေသခံတိုင်းရင်းသားတွေ တစ်ဖက်နိုင်ငံကိုထွက်ပြေးတိမ်းရှောင်ရသည်။ ထိုင်း-မြန်မာနယ်စပ်မှာ ဧရာမဒုက္ခသည်စခန်းကြီးတွေ ပေါ်လာသည်။

ထိုင်းနယ်စပ်မှာ ကေအင်ယူမှ ဒီကေဘီအေခွဲထွက်မှု ပေါ်ပေါက်လာပြီးနောက်ပိုင်းမှာတော့ ဘားအံမြို့အနီးမှာ သံလွင်မြစ်ကူးတံတားကြီးတစ်စင်း ပေါ်လာသည်။ ရန်ကုန်-ဘားအံ ခရီး တိုက်ရိုက် စတင်နိုင်ခဲ့သည်။ မော်လမြိုင်အနီးမှာ အတ္တရံကြိုးတံတား၊ ဂျိုင်းကြိုးတံတားကြီးတွေ ပြီးသွားတော့ ရန်ကုန်-မော်လမြိုင် တိုက်ရိုက်သွားလာနိုင်ခဲ့သည်။ မုတ္တမ-မော်လမြိုင် သံလွင်တံတားကြီး မရှိသေး။ ယခုအချိန်မှာ ထိုဒေသများသို့ နေ့နေ့ညည အချိန်မရွေး စိတ်အေးလက်အေး ဥဒဟိုသွားလာနိုင်ပြီဖြစ်သော်လည်း ဟိုစဉ်တစ်ချိန်ကတော့ သည်နေရာတွေက ကားတစ်တန်၊ လှေတစ်တန်၊ သင်္ဘောတစ်တန်နှင့် ရင်တမမသွားခဲ့ရသည်ကို မမေ့နိုင်သေးပါ။ သာမညဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိစဉ်က ရန်ကုန်-သာမညခရီးစဉ်က အတော်ပင် အသွားအလာစိပ်ခဲ့သည်။ ထိုစဉ် ရန်ကုန်မှထွက်သောကားတွေ ဘားအံတစ်ဖက်ကမ်း မြိုင်ကလေးအထိသာ ရောက်သည်။ မြိုင်ကလေးဘက်မှ ဘားအံသို့ သံလွင်မြစ်ကို လှေစီးဖြတ်ကျော်ပြီးမှ သာမညကို ခရီးဆက်ရသည်။ ဘားအံမြို့က သံလွင်မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသလို ဟိုတစ်ချိန်တုန်းကတော့ ရေကြောင်းလမ်းခရီးတစ်ခုတည်းကိုသာ အဓိက အားထားခဲ့ရသည်။

မရောက်ဖြစ်သည့် သုံးလေးနှစ်အတွင်းမှာ သည်ဒေသက အပြောင်းအလဲကြီး ပြောင်းလဲသွားသည်ကို အံ့အားသင့်နေမိသည်။ သထုံကိုကျော်လွန်သည်နှင့် မော်လမြိုင်၊ ဘားအံက အလှမ်းမဝေးတော့။ မုတ္တမ-မော်လမြိုင် တံတားကြီး ပြီးသွားကတည်းက ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် တစ်ဆက်တည်း အရပ်အနားမရှိ နေ့နေ့ညညသွားလာနိုင်ခဲ့သည်။ ယခင်လို တံတားအရောက်မှာ မိုးချုပ်သွားလို့ ညအိပ်စောင့်ရတာမျိုးတွေ မရှိတော့။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းသွားတော့ မြို့တွေကလည်း ပုံသဏ္ဍာန်ပြောင်းသွားသည်။ ဟိုတစ်ချိန်က သံလွင်မြစ်ထဲက လှမ်းကြည့်လိုက်လျှင် ခနော်နီခနော်နဲ့ ခြေတံရှည်တိုင်လုံးကြီးတွေနှင့် အဆောက်အအုံဟောင်းတွေ၊ မြစ်ဘက်မျက်နှာမူထားသော ဆိပ်ခံတံတားတွေနှင့် မော်လမြိုင်ကမ်းနားက ဟိုတယ်သစ်ကြီးတွေ၊ အဆောက်အအုံသစ်တွေနှင့် သပ်ရပ်လှပနေသည်။ သံလွင်မြစ်ဝထဲက ခေါင်းဆေးကျွန်းသည် ယခုအခါ သံလွင်တံတားကြီးအောက် ရောက်သွားပြီ။ ဘားအံကျပြန်တော့ ရန်ကုန်-မြဝတီ အာရှအဝေးပြေးလမ်းမကြီးပေါ်မှာ ယခင်လို သွေ့သွေ့ခြောက်ခြောက်မြို့ငယ်မဟုတ်တော့။ ဟိုတယ်သစ်တွေ၊ နိုင်လွန်ကတ္တရာလမ်းတွေ၊ ပန်းခြံတွေနှင့် အတော်ပင်တိုးတက်ပြောင်းလဲသွားတာ တွေ့ရသည်။ ယခု ဘားအံမှာ သင်္ဘောဆိပ်မရှိတော့ပါ။ တစ်ခါတုန်းက စည်စည်ကားကားဖြစ်ခဲ့သော မော်လမြိုင်ဆိပ်ကမ်း ဇာတံတားတွေလည်း ယခုတော့ အသက်မဲ့သွားပြီ။ အနီးဆုံး ဘီလူးကျွန်းသည်ပင်လျှင် တံတားသစ်ကြီးနှင့် ပနံရနေသည်။

ဆယ်စုနှစ်တစ်ခုအတွင်း သည်ဒေသ ပြောင်းလဲသွားရသည့် အကြောင်းအရင်းတစ်ခုက လက်နက်ကိုင်ပဋိပက္ခ ကြီးကြီးမားမား မရှိတော့တာလည်းပါသည်။ ထူးခြားသည်ဟု ဆိုရမည်။ ကေအင်ယူသည် အစောဆုံး အန်စီအေလက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သည့်အဓိက လက်နက်ကိုင်အုပ်စုတစ်စုဖြစ်လာခဲ့သည်။ ၁၉၉၉ ခုနှစ် အရှေ့မြောက်ပိုင်းဒေသမှာ ဗကပပြိုကွဲအပြီး ပေါ်ပေါက်လာသည့် လက်နက်ကိုင်အစုအဖွဲ့များနှင့် နဝတအစိုးရတို့ လက်နက်နှင့်ငြိမ်းချမ်းရေး အလဲအလှယ်ပြုလုပ်နေကြစဉ်မှာ ကရင်ပြည်နယ်မှာတော့ တိုက်ပွဲကြီးတွေ ပြင်းထန်နေဆဲဖြစ်သည်။ နဝတသည် အခြားသော လက်နက်ကိုင်အစုအဖွဲ့များကို အပေးအယူလုပ် ချေးသိပ်ငြိမ်းချမ်းရေး လုပ်ထားနိုင်ခဲ့သော်လည်း ကေအင်ယူနှင့်တော့ မလုပ်နိုင်ခဲ့။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်ကျမှ ကေအင်ယူ၊ ဒီကေဘီအေနှင့် တပ်မတော် ဆက်ဆံရေး တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာပြီး နောက်ဆုံး အန်စီအေလက်မှတ်ရေးထိုးသည်အထိ ဖြစ်ခဲ့သည်။ ယခုတော့ မြောက်ပိုင်း ကချင်ပြည်နယ်မှာ တိုက်ပွဲသံတွေ ပြင်းထန်နေသလောက် ကရင်ပြည်နယ်မှာ အသံတိတ်နေခဲ့သည်။ အကျိုးဆက်ကတော့ ဟိုတစ်ချိန်က ချောက်ချောက်ချားချား သွားလာခဲ့ရသည့်နယ်မြေမှာ စိတ်အေးချမ်းသာ သွားလာနိုင်လာခြင်းဖြစ်သည်။

ရောက်တုန်း ရောက်ခိုက် အဝေးကသာ အမြဲမျှော်ကြည့်ခဲ့ရသည့် ဘီလူးကျွန်းကို တံတားကြီးဖြတ်ပြီး သွားကြည့်ဖြစ်ခဲ့သည်။ ဘီလူးကျွန်းကတော့ အပြောင်းအလဲသိပ်မရှိသေးပါ။ ရှေးတုန်းကလို မွန်ရိုးရာအိမ်လေးတွေနှင့် ရွာတွေက တစ်ဆက်တစ်စပ်တည်း ရှိနေသည်။ ချောင်းဆုံအထိ ရွာလမ်းကျဉ်းကျဉ်းလေးတွေကို ဖြတ်ရသည်။ နာမည်ကျော်ခဲ့ဖူးသော ရွာလွတ်တို့ မုဒ္ဒန်းတို့က အိမ်တွင်းလက်မှုလုပ်ငန်းတွေက သည်ဘက်ခေတ်မှာတော့ မတွင်ကျယ်လှတော့။ မော်လမြိုင်သင်္ကြန်က နှစ်ဆန်းတစ်ရက်နေ့အထိ ရေပက်ကြသည်။ အပြန်မှာ အတ္တရံနှင့် ဂျိုင်းကြိုးတံတားနှစ်စင်းကို ဖြတ်၍ ဘားအံသို့ ဝင်ခဲ့သည်။ လမ်းတစ်လျှောက်လုံး လူငယ်လူရွယ်တွေ ဟိုနားတစ်စု၊ သည်နားတစ်စု ကားလမ်းဘေးမှာ ဆောင်းဘောက်အကြီးကြီးတွေနှင့် ဒီဂျေတီးလုံးတွေဖွင့်ပြီး ရေပက်ကစားနေကြတာ တွေ့ရသည်။ သင်္ကြန်က ကျေးလက်ရော မြို့ပြပါ ဒီဂျေသံလွှမ်းသော၊ ပါတီအကများဖြင့် လှုပ်ရှားသော ပွဲတော်တစ်ခုဖြစ်နေပြီ။ ပျော်စရာတော့ကောင်းပါသည်။ ဘယ်နေရာကြည့်ကြည့် ခုန်ပေါက်ပျော်ရွှင်နေသော ရေကစားသူတွေကိုတွေ့ရသည်။

တစ်နှစ်မှ တစ်ခါသာ ပျော်ကြရသော နှစ်သစ်ကူးပွဲတော်ဖြစ်သလို ယခုပျော်ရွှင်နေကြသော လူငယ်လူရွယ် အတော်များများကလည်း တစ်နှစ်မှ တစ်ကြိမ် မိမိတို့ရပ်ရွာကို ပြန်လာပြီး ပျော်ခွင့်ရကြသူများဖြစ်သည်။ သင်္ကြန်ပြီးသည်နှင့် သူတို့လုပ်ငန်းခွင်အသီးသီးရှိရာ တစ်ဖက်နိုင်ငံဆီသို့ ပြန်ကြရမည် မဟုတ်ပါလား။ မွန်၊ ကရင်ပြည်နယ်တွေက ယခင်လို ပစ်ခတ်သံတွေ၊ ထိတ်လန့်ကြောက်ရွံ့နေရမှုတွေ မရှိတော့သော်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေကတော့ ယနေ့အထိ ပျောက်ဆုံးနေဆဲပါ...။

■ ချစ်ဝင်းမောင်

# သမ္မတထောက်ခံပွဲ ဝန်ထမ်းများအား မပျက်မကွက် တက်ခိုင်းခြင်းအပေါ် သမ္မတရုံးထံ တိုင်ကြားနိုင်ဟုဆို

**ထားဝယ်၊ ဧပြီ ၂၂**

ထားဝယ်မြို့တွင် ပြုလုပ်သည့် နိုင်ငံတော်သမ္မတအား ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဝန်ထမ်းများ မပျက်မကွက် တက်ရန်အမိန့်ထုတ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးထံတိုင်ကြားနိုင်ကြောင်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

ထားဝယ်မြို့တွင် ဧပြီလ ၂၀ ရက်နေ့က ကျင်းပသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား လှိုက်လှဲစွာ ကြိုဆိုပါ၏ဟူသည့် စာသားပါ ဆိုင်းဘုတ်ဖွင့်ပွဲသို့ တနင်္သာရီတိုင်းအစိုးရအဖွဲ့က ဝန်ထမ်းများအားလုံးမပျက်မကွက်(မပျက်မကွက်) တက်ရောက်ရန် ညွှန်ကြားခဲ့သည်။

ယင်းသို့ ညွှန်ကြားခဲ့သည်နှင့် ပတ်သက်ပြီး လူထုကြားတွင်လည်း ဝေဖန်မှုမြင့်တက်ခဲ့သည်။

"ဝန်ထမ်းတွေအနေနဲ့ သူတို့သမ္မတရုံးကို တင်ပြနိုင်တယ်။ အခုချိန်အထိတော့ တင်ပြတိုင်ကြားလာတာ မရှိသေးဘူး" ဟု ဦးဇော်ဌေးက ပြောသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေနှင့် နိုင်ငံတော်သမ္မတအား ထောက်ခံပေးရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားခြင်းမရှိကြောင်း ဦးဇော်ဌေးက ပြောသည်။ **Dawei Watch**



ဓာတ်ပုံ - ဝေယံစိုး (Dawei Watch)

ထားဝယ်တွင် ပြုလုပ်သည့် သမ္မတထောက်ခံပွဲ မြင်ကွင်း


## Classifieds

**Ko Myo Car Rental**
Ph: 09 5032420
09 400292720

STAR

SHINNING STAR

HONDA

Nyo
(Mobile Service)

SKY

Hein Htet Aung
(Home Design Workshop)
In & Exterior & Landscape

TOYOTA GROUP

## မော်တော်ယာဉ်စီးရေနှင့် ယာဉ်ထိန်းရဲအရေအတွက်

**ခိုင်ချယ်ရီထွန်း**

## “ယာဉ်ကြောကျပ်တည်းတာတွေ၊ ယာဉ်လမ်းရှင်းလင်းတာတွေကို ရှိတဲ့အင်အားနဲ့ အဆင်ပြေအောင် ဆောင်ရွက်နေပါတယ်”

**ရဲမှူး မျိုးအောင်မြင့် (အမှတ် ၈ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး)**

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အဓိက ကြီးကြပ်ဆောင်ရွက်ရတာပါ။ ယာဉ်လမ်းအန္တရာယ်တွေမဖြစ်အောင် ပညာပေးတွေ ခဏခဏလုပ်ပါတယ်၊ ရန်ကုန်မှာ ယာဉ်ထိန်းအင်အားက ၁၃၀၀ ကျော်ပဲရှိတာပါ။ ယာဉ်ကြောကျပ်တည်းတာတွေ၊ယာဉ်လမ်းရှင်းလင်းတာတွေကို ရှိတဲ့အင်အားနဲ့ အဆင်ပြေအောင်ဆောင်ရွက်နေပါတယ်။ လူစည်ကားတဲ့ မြို့တွင်းခြောက်မြို့နယ်ကိုတော့ ဦးစားပေးဆောင်ရွက်နေတာပေါ့။ မော်တော်ဆိုင်ကယ်ဆိုရင် စည်ပင်နယ်နိမိတ် ၃၁ မြို့နယ်ကို လုံးဝစီးခွင့်မပြုပါဘူး။ ဒါပေမဲ့ စီးတဲ့သူတွေရှိနေတယ်။ ယာဉ်ထိန်းကတွေ့တာနဲ့ စစ်ဆေးအရေးယူပါတယ်။ တချို့မြို့နယ်တွေမှာဆိုရင် ပြည်သူတွေ လိုအပ်ချက်အရ ဆိုင်ကယ်ကယ်ရီကို စီးနေရတာလည်း ရှိပါတယ်။ နားလည်မှုနဲ့ စီးနေကြတာပေါ့။ ယာဉ်ထိန်းရဲတွေက မြို့နယ်တွေကို နယ်မြေ ယာဉ်ထိန်းရဲနဲ့ အလှည့်ကျ စစ်ဆေးဖမ်းဆီးတာကို တာဝန်ယူဆောင်ရွက်နေပါတယ်။ ယာဉ်ထိန်းမရှိတဲ့အချိန် စည်းကမ်းချိုးဖောက်တဲ့သူက ထပ်မံချိုးဖောက်တာပါပဲ။ ■

## “ကင်မရာစောင့်ကြည့်စနစ်တွေကို လုံလုံလောက်လောက် ထားဖို့လိုမယ်”

**ဦးရဲဇွန်အောင် (ခရီးသည်)**


Ye Zon Aung(FB)

လက်ရှိယာဉ်စည်းကမ်း ဖောက်ဖျက်မှုနှုန်းနဲ့ဆို ယာဉ်ထိန်းရဲတွေ ဒီထက်ပိုရှိဖို့လိုတယ်။ အနည်းဆုံး နှစ်ဆလောက်ပဲ။ ရှိတဲ့လူတွေကိုလည်း အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ချင်စိတ်ရှိလာအောင် လေ့ကျင့်ပေးထားဖို့လိုမယ်။ ကင်မရာစောင့်ကြည့်စနစ်တွေကို လုံလုံလောက်လောက် ထားဖို့လိုမယ်။ ဒီလိုမှမဟုတ်ရင် ယာဉ်စည်းကမ်းထိန်းသိမ်းရာမှာ အဆင်မပြေနိုင်ဘူး။ တကယ်လည်း စည်းနဲ့ကမ်းနဲ့အညီ အရေးယူမှုတွေ လုပ်ဖို့လည်းလိုမှာပေါ့။ ခုဆို ရဲမလုံလောက်တော့ ပြည်သူလည်း အဆင်မပြေဘူး။ ရှိတဲ့လူတွေကလည်း ရှိတဲ့အင်အားလေးနဲ့ မျှလုပ်နေရတော့ ဘယ်နေရာမှလည်း ကာဗာမဖြစ်ဘူး။ ■

## “တကယ်အန္တရာယ်ကင်းရှင်းကြဖို့အတွက်ကိုရော ဖိဖိစီးစီးလုပ်ကြရဲ့လား ဆိုတာပဲ”

**ကိုနိုင်ဝင်းထွဋ် (မန္တလေးမြို့ ကိုယ်ပိုင်ယာဉ်မောင်း)**


Naing Win Htut(FB)

တကယ်ရှုပ်တဲ့ ဈေးချိုဘက်တွေနဲ့ တခြားမိန်းလမ်းတွေမှာကျ တစ်ခါတစ်ခါ အရမ်းပိတ်နေတာမျိုး ရှိတယ်။ တစ်ခါတလေ ယာဉ်ထိန်းတွေ ရှင်းပေးနေတာရှိပေမယ့် တစ်ခါတလေ မရှိဘူး။ ဘာလို့မရှိလည်း မသိပေမယ့် အဲဒီလိုမရှိရင် တော်တော်ဒုက္ခရောက်တယ်။ ဟိုဘက်ဒီဘက် အတင်းလမ်းလုပြီး မောင်းကုန်ကြတော့ မလိုအပ်ဘဲ ပိုရှုပ်သွားရော။ ယာဉ်ထိန်းမလုံလောက်တာထက် ရှိတဲ့အနေအထားမှာတင် စနစ်တကျ ဖိဖိစီးစီးမရှိတာဘဲ ထင်တယ်။ အခုပုံစံအတိုင်းက ယာဉ်ထိန်းတိုးလာလည်း တိုးလာတာပဲရှိမှာ။ ညဘက်တွေဆို တချို့မီးပွိုင့်တွေကလွဲပြီး တစ်မြို့လုံးစာအနေနဲ့ ယာဉ်ထိန်းအနေအထား အတော်လေးအားနည်းတယ်။ အဲဒီတော့ ညဘက်တွေမှာကျ လုံးဝကြီးစည်းပျက်ကမ်းပျက်ဖြစ်သွားတယ်။ ဦးထုပ်မဆောင်းတော့ဘူး။ မီးနီလည်း ဖြတ်ချင်ဖြတ်မယ်။ စစ်မယ့်သူမရှိတော့ လိုင်စင်မရှိဘဲလည်း တက်မောင်းရင် မောင်းနေမှာပဲ။ ရှင်းရှင်းပြောရရင် စည်းကမ်းပျက်တွေကို ဒဏ်ရိုက်ဖို့လောက်ပဲ လုပ်နေမယ့်အစား တကယ် အန္တရာယ်ကင်းရှင်းကြဖို့အတွက်ကိုရော ဖိဖိစီးစီး လုပ်ကြရဲ့လားဆိုတာပဲ။ ■

**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ရန်ကုန် -၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price – Kyats(Lakh) |
|---|---|---|---|
| 1 | Suzuki Ciaz | 2018 | Over 248(+Tax) |
| 2 | Suzuki Ertiga | 2018 | Over 233(+Tax) |
| 3 | Honda Fit Shuttle | 2012-13 | 210 to 280 |
| 4 | Alphard | 2007 | 720 |
| 5 | Volvo XC 90 | 2016 | 1250-1450 |
| 6 | Toyota Ractis | 2010-11 | 175 to 220 |
| 7 | Honda Fit | 2011-12 | 160 to 190 |
| 8 | Hijet | 2006-11 | 90-120 |
| 9 | Royal Saloon | 2004 | 430 |
| 10 | Toyota Wish | 2003-2006 | 250-310 |
| 11 | Cadillac | 2017 | About 1300-1400 |
| 12 | Toyota Vanguard | 2006 | 550 |
| 13 | Kluger | 2003-2006 | 350-500 |
| 14 | KIA Sorento(GTLine) | 2018 | Over 875(US 65000) |
| 15 | Mazda 6 | 2017 | 748(US55500,+Tax) |

မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## Jokes

### လွှင့်ပစ်စရာ မလိုဘူး

ဘတ်စ်ကားလက်မှတ်ဝယ်ရန် တန်းစီနေသော အဘွားကြီးက ယာဉ်နောက်လိုက်ကို တစ်ဆယ်တန် ရှုဘယ်ငွေစက္ကူ ပေးလိုက်သည်။ ယာဉ်နောက်လိုက်က ယင်းငွေစက္ကူကိုကြည့်ကာ အဘွားကြီးကို ပြောလိုက်သည်။

“ဒီငွေစက္ကူက အဟောင်းကြီးလေ။ သုံးလို့မှ မရတာ။ လွှင့်ပစ်လိုက်ပါ အဘွား”

“ဟဲ့။ ဘာဖြစ်လို့ လွှင့်ပစ်ရမှာတုံး။ ပြန်ပေး။ ငါ ဘုရားကျောင်းက အလှူခံပုံးကို ထည့်လိုက်မှာပေါ့ဟဲ့” ■ E-11

### ကျွန်တော့်လက်ချက်ပါ

နံနက် ရုံးတက်ချိန်တွင်ဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်တွင် ကားရပ်စောင့်နေသူ လွန်စွာ များပြားလှသည်။ ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်။ ရှေ့ဆုံးတွင် ရပ်နေသော ယောက်ျားက ယဉ်ကျေးသိမ်မွေ့သူ၊ တစ်ဖက်သားကို စာနာတတ်သူ ဖြစ်ဟန်တူသည်။

ရှေ့ဆုံးတွင် ရပ်နေသူဖြစ်၍ ကားပေါ်သို့ အရင်ဦးဆုံးတက်နိုင်သော်လည်း အမျိုးသမီးခရီးသည်များကို ဦးစားပေးတက်ခိုင်းသည်။ တက်နိုင်စေရန်လည်း အကူအညီပေးသည်။ နောက်ဆုံးအမျိုးသမီးတစ်ဦးကို တင်ပေးလိုက်သည်။

အမျိုးသမီးသည် ကားပေါ်ရောက်သည်နှင့် ရုတ်တရက်ပြန်လှည့်ကာ ယင်းယောက်ျားကို ပါးရိုက်လိုက်သည်။ ကားတံခါးပိတ်ပြီး ကားလည်းထွက်သွားတော့သည်။

“အတော်တုံးတဲ့ ကောင်မစုတ်၊ စေတနာဟာ ဝေဒနာဖြစ်ရတယ်”

အနောက်ဘက်နားတွင် ကပ်လျက်ရပ်နေသော ချာတိတ်တစ်ယောက်ကလည်း ထိုအမျိုးသား၏စကားကို ထောက်ခံလိုက်သည်။

“ဟုတ်တယ်။ အတော်တုံး အတော် အသုံးမကျတဲ့မိန်းမ။ ကျွန်တော်တို့ရဲ့အတန်းပိုင်ဆရာမလေ။ ကားပေါ်အတက်မှာ သူ့တင်ပါးကို ကျွန်တော်ဆိတ်လိုက်တယ်ဗျ” ■ E-11

### လမ်းသိလို့ပဲ ဖြစ်ရမယ်

ရထားတွဲထဲတွင် အမျိုးသမီးနှစ်ဦး စကားပြောဖြစ်ကြသည်။

“ရထားမောင်းတဲ့လူဟာ အင်မတန် အံ့သြစရာကောင်းတယ်နော်။ ဥမင်လိုဏ်ခေါင်း ထဲ သူမို့လို့ တည့်တည့်မတ်မတ်ကြီး မောင်းနိုင်တာ။ ကျွန်မဆို ကားဂိုဒေါင်ထဲ ကားသွင်းတာတောင် မကြာခဏ တိုက်မိတယ်”

“သူက လမ်းကို ကောင်းကောင်းသိလို့နဲ့ တူတယ်” ■ E-11

**ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .**

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဘေးကင်းစွာ ကားမောင်းနှင်နိုင်ဖို့ဆိုရင်




ဒီတစ်ပတ်အတွက်တော့ ဘေးကင်းစွာ ကားမောင်းနှင်နိုင်စေဖို့ ကားမမောင်းခင်မှာ ဂရုစိုက်သင့်တဲ့အရာတွေကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။ သတိမမူ ဂူမမြင်ဆိုတဲ့ မြန်မာစကားပုံရှိတဲ့အတိုင်း ကားမောင်းကျွမ်းကျင်သူပဲဖြစ်ဖြစ်၊ မကျွမ်းကျင်သေးတဲ့သူပဲဖြစ်ဖြစ် သတိမမူမိမှာစိုးတဲ့အတွက် ကားမမောင်းခင် ဘာတွေလုပ်သင့်လဲဆိုတာတွေကို တင်ပြပေးလိုက်ပါတယ်။ ကားမထွက်ခင် ဘာတွေကိုလုပ်သင့်လဲ။ ဒါက ရိုးရှင်းတဲ့မေးခွန်းတစ်ခုပါပဲ။ ဒါက မေးလိုက်မယ်ဆိုရင် ကားနဲ့ ရင်းနှီးကျွမ်းဝင်တဲ့သူတိုင်း ပါးစပ်နဲ့ဖြေတတ်မယ့် မေးခွန်းလေးတစ်ခုပါပဲ။ အခုက ကားမထွက်ခင် လုပ်ရမှာတွေကို နည်းစနစ်ကျကျ ဘယ်လိုလုပ်ရမလဲဆိုတာကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ကားမထွက်ခင် သတိထားရမှာတွေက စတီယာရင်ပေါ် လက်တင်ပုံ၊ ယာဉ်မောင်းခုံချိန်ညှိမယ်၊ နောက်ကြည့်မှန်ချိန်ညှိမယ်၊ ထိုင်ခုံခါးပတ်ပတ်မယ် စတာတွေကို ဘယ်လိုနည်းစနစ်ကျကျလုပ်ရမလဲ ကြည့်လိုက်ကြရအောင်။

**စတီယာရင်ပေါ် လက်တင်ပုံ**

ကားမောင်းကျွမ်းကျင်ရင် ကျွမ်းကျင်လာသလို သတိလက်လွတ်ဆိုသလို စတီယာရင်ကို ယာဉ်မောင်းစိတ်ကြိုက် ကိုင်မောင်းတတ်ကြပါတယ်။ တချို့က လက်တစ်ဖက်တည်း ကိုင်ပြီးမောင်းတာမျိုး၊ လက်တစ်ဖက်က အရာဝတ္ထုတစ်ခုခု ကိုင်ဆောင်မောင်းနှင်တာမျိုး၊ ပြတင်းပေါက်ပေါင်ပေါ်လက်တင်ပြီး မောင်းနှင်တာမျိုးအပါအဝင် ပုံစံအမျိုးမျိုးနဲ့ မောင်းနှင်တတ်ကြပါတယ်။ အဲဒီလိုပုံစံတွေထက် နိုင်ငံတကာ ယာဉ်အန္တရာယ်လုံခြုံရေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေက စတီယာရင်ကိုင်တွယ်မောင်းနှင်ပုံကို တညီတညွတ်တည်း သတ်မှတ်ပေးထားတာကတော့ နာရီလက်တံ ၂ နာရီနဲ့ ၁၀ နာရီပုံစံ ဖြစ်ပါတယ်။ ဒီပုံစံမှာ ဘယ်လက်က ၁၀ နာရီနေရာမှာထားပြီး ညာလက်က ၂ နာရီနေရာမှာထားပြီး မောင်းရမှာဖြစ်ပါတယ်။ ဒီပုံစံက ဘေးအကင်းဆုံးနဲ့ ရုတ်တရက်ကြုံလာနိုင်မယ့် အန္တရာယ်တွေကို ရှောင်လွှဲနိုင်မယ့်အပြင် အကွေ့တွေမှာဆိုရင်လည်း အလွယ်တကူကွေ့နိုင်မှာ ဖြစ်ပါတယ်။

**ယာဉ်မောင်းထိုင်ခုံချိန်ညှိခြင်း**

ထိုင်ခုံချိန်ညှိပြီး မောင်းတဲ့နေရာမှာဆိုရင် ယာဉ်မောင်းအမျိုးမျိုးက ပုံစံအမျိုးမျိုးနဲ့ မောင်းနှင်တတ်ကြပါတယ်။ ဒီလိုမောင်းနှင်တဲ့နေရာမှာ ရုတ်တရက်အခြေအနေတွေကို ပြန်လည်တုံ့ပြန်တဲ့နေရာတွေမှာ အခက်အခဲတွေ ဖြစ်ပေါ်စေတတ်ပါတယ်။ အခုခေတ်ပေါ် ကားတော်တော်များများမှာတော့ ထိုင်ခုံချိန်ညှိတာကို အလိုအလျောက်စနစ်နဲ့ ထည့်သွင်းပေးလာသလို Memory စနစ်တွေလည်း ထည့်သွင်းပေးထားတဲ့အတွက် ကိုယ်မောင်းနေကျကားတစ်စီးကို တစ်ခါချိန်ညှိပေးလိုက်ရုံနဲ့ နောက်တစ်ခါချိန်ညှိစရာ မလိုတော့ပါဘူး။ ဒါပေမဲ့ ခန္ဓာကိုယ်အရွယ်အစားအမျိုးမျိုး၊ အရပ်အမြင့်အမျိုးမျိုးရှိတဲ့အတွက် အဲဒီပေါ်မှာအခြေခံပြီး ယာဉ်မောင်းထိုင်ခုံကို ချိန်ညှိရမှာ ဖြစ်ပါတယ်။ နည်းစနစ်ကျကျ ထိုင်ခုံချိန်ညှိပုံကို ကြည့်လိုက်ကြရအောင်။ နည်းစနစ်ကျကျ မောင်းနှင်နိုင်မယ့် ထိုင်ခုံချိန်ညှိပုံမှာဆိုရင် စတီယာရင်ဦးပိုင်းနဲ့ ကိုယ့်ရဲ့ပါးစပ်နဲ့က တစ်တန်းတည်းဖြစ်နေရမှာဖြစ်သလို နောက်ကို အရမ်းမလျှောစေရသလို အရမ်းလည်း မမတ်ရပါဘူး။ ယာဉ်မောင်းသူ သက်သောင့်သက်သာလည်းဖြစ်အောင် နောက်ကို အနည်းငယ်လျှောထားစေရပါတယ်။ အကောင်းဆုံးကတော့ အထက်ကပြောခဲ့သလို ယာဉ်မောင်းရဲ့မေးစေ့က စတီယာရင်ထိပ်ပိုင်းနဲ့ တစ်တန်းတည်း ဖြစ်နေဖို့ လိုပါတယ်။ စတီယာရင် အကွာအဝေးကတော့ စတီယာရင်ပေါ်မှာ ယာဉ်မောင်းရဲ့လက်ကောက်ဝတ်က ကပ်လျက်အနေအထားနဲ့ ခြေထောက်က ဘရိတ်ကို လုံးဝမိအောင်နင်းနိုင်ရမယ့် အခြေအနေဖြစ်နေပါမယ်။

**နောက်ကြည့်မှန် ချိန်ညှိခြင်း**

ခေတ်ပေါ်ကားတွေ တော်တော်များများကတော့ ဘက်မှန်ချိန်ပေးဖို့ မလိုပါဘူး။ ဘက်မှန်အခေါက်အသိမ်း ခလုတ်လေးတွေလည်း ပါလာသလို ခလုတ်ကလေးဖွင့်လိုက်ရုံနဲ့ အလိုအလျောက် ချိန်ညှိပြီးသားဖြစ်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဘက်မှန်ချိန်ညှိတဲ့နေရာမှာလည်း လူစီးကားတွေမှာဆိုရင် အရင်ကလို ကားပေါ်မှာ တစ်ယောက်ကနေပြီး တစ်ယောက်က ဘက်မှန်ကိုကိုင်ပြီး လှည့်ပေးနေစရာမလိုဘဲ ကားထဲကနေ တစ်ယောက်တည်း စိတ်ကြိုက်ချိန်ညှိနိုင်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ဆီက မြို့တွင်းဘတ်စ်ကားတွေကတော့ အထက်ကပြောတဲ့ တစ်ယောက်ကထိုင်ပြီး တစ်ယောက်က လှည့်ပေးရတဲ့နည်း ရှိနေတုန်းပါပဲ။ ဒီလိုဆိုတဲ့အခါမှာ နည်းစနစ်ကျကျ ဘက်မှန်ချိန်ညှိပုံကဆိုရင် နောက်ကကားကို ဘယ်ဘက် ဘက်မှန်ကပဲကြည့်ကြည့် မြင်နေရအောင် ချိန်ညှိထားဖို့ လိုအပ်ပါတယ်။ နောက်ကကားကို ယာဉ်မောင်းရဲ့ဘယ်ဘက် ဘက်ကြည့်မှန်ကပဲဖြစ်ဖြစ်၊ ညာဘက် ဘက်ကြည့်မှန်ကပဲဖြစ်ဖြစ်၊ အတွင်းခန်းထဲက ဘက်ကြည့်မှန်ကပဲဖြစ်ဖြစ် မြင်သာထင်သာရှိနေစေအောင် ချိန်ညှိရမှာဖြစ်ပါတယ်။ နောက်ကကားကို ဘက်မှန်တစ်ခုခုက မမြင်ရဘူးဆိုရင်တော့ ဒီနည်းက ဘက်မှန်ချိန်ညှိနည်းမှားနေပြီ ဖြစ်ပါတယ်။

**ထိုင်ခုံ ခါးပတ်ပတ်ခြင်းရဲ့ အကျိုးကျေးဇူး**

နိုင်ငံတကာမှာ ဆိုရင်တော့ ကားပေါ်တက်ပြီးတာနဲ့ ခါးပတ်ပတ်တဲ့အကျင့်ကို ယာဉ်မောင်းအပါအဝင် ရှေ့ခုံမှာထိုင်တဲ့သူတွေ တော်တော်များများ ဂရုတစိုက်လုပ်တတ်ကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီအကျင့်ကိုလုပ်စေဖို့ မော်တော်ယာဉ်ဥပဒေထည့်ပြီး ဒဏ်ကြေးတပ်ပြီး ပြီးခဲ့တဲ့နှစ်ပိုင်းတွေကစပြီး လုပ်နေပါပြီ။ ဒါပေမဲ့ ယာဉ်မောင်းအချို့က ခါးပတ်ပတ်တာကို သဟဇာတဖြစ်သေးတဲ့ပုံစံတော့ မဟုတ်သေးပါဘူး။ ယာဉ်ထိန်းရဲလစ်ရင်လစ်သလို ဖြုတ်ပြီးမောင်းတတ်ကြပါတယ်။ ဒီလိုဖြုတ်မောင်းရတဲ့အကြောင်းအရင်းက ရာသီဥတုပူပြင်းတာရယ်နဲ့ ကားမောင်းရတာ မလွတ်လပ်ဘူးဆိုတဲ့ အကြောင်းပြချက်တွေ ပြတတ်ကြပါတယ်။ ခါးပတ်ပတ်မောင်းဖို့အတွက် ဒီမှာ ကမ်ပိန်းတွေ များစွာပြုလုပ်လာကြပါတယ်။ တစ်ကမ္ဘာလုံးအတိုင်း အတာအရ ခါးပတ်မပတ်ဘဲ ကားမောင်းရင် သေဆုံးနိုင်ခြေ နှစ်ဆရှိနိုင်ပါတယ်။ ခါးပတ်ပတ်မောင်းရင် သေဆုံးနိုင်ခြေနည်းမှာ ဖြစ်ပါတယ်။ ရှေ့ခုံက လူတွေအတွက် ၅၀ ရာခိုင်နှုန်းနဲ့ နောက်ခုံက လူတွေအတွက် ၇၅ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ခြေ လျော့ကျစေပါတယ်။

**ထိုင်ခုံခါးပတ် ပတ်နည်း**

- သင့်နားထင်ဟာ ထိုင်ခုံခေါင်းပိုင်းရဲ့အလယ်မှာရှိနေရပါမယ်။
- ထိုင်ခုံခါးပတ်ကြိုးအပေါ်ပိုင်းဟာ ညှပ်ရိုးရဲ့အပေါ်မှာ ရှိနေရပါမယ်။
- ထိုင်ခုံကို နောက်အရမ်းမမှီရပါဘူး။
- ထိုင်ခုံအောက် ခါးပတ်ကြိုးဟာ လူနဲ့ကပ်ပြီး ထိနေရပါမယ်။

## ဟိန်းမြတ်စိုး

**ကိုယ်ဝန်ဆောင်များ ယာဉ်စီးမည်ဆိုပါက**

ကိုယ်ဝန်ဆောင် ယာဉ်မောင်းသူနဲ့ လိုက်ပါစီးနင်းသူ အမျိုးသမီးတွေ အန္တရာယ်ကင်းစေဖို့ဆိုရင် ခါးပတ်ကို အမြဲပတ်ဖို့လိုပါတယ်။ ပြီးတော့ ခါးပတ်ကို နေရာမှန်မှန်ပတ်တတ်ဖို့လိုပါတယ်။ ခါးပတ်ကို နေရာမှန်မှန်မပတ်မိရင် အထဲက သန္ဓေသားကို အန္တရာယ်ဖြစ်စေပါတယ်။ လိုက်ပါစီးနင်းမယ့် ကိုယ်ဝန်ဆောင်တွေအနေနဲ့ စတီယာရင်၊ လေအိတ်တွေနဲ့ ဝေးရာမှာ တတ်နိုင်သမျှ လိုက်ပါစီးနင်းကြပါ။

**ကိုယ်ဝန်ဆောင်ယာဉ်မောင်းများ ခါးပတ်ပတ်နည်း**

ကိုယ်ဝန်ဆောင်ယာဉ်မောင်းတွေ ခါးပတ်ပတ်မောင်းမယ်ဆိုရင် အကောင်းဆုံးနည်းလမ်းကတော့ ခါးပတ်ကြိုးကို ဗိုက်ရဲ့အပေါ်ဘက်နဲ့ အောက်ဘက်တွေမှာပဲ ပတ်ပါ။ ဗိုက်ပေါ်တွေ လုံးဝ(လုံးဝ)မပတ်ရပါဘူး။

**ကလေးများအတွက် ထိုင်ခုံ**

အခုနောက်ပိုင်းခေတ်တွေမှာဆိုရင် ကားစက်ရုံထုတ် ကတည်းကနေ ကလေးတွေအတွက် လုံခြုံမှုရှိစေမယ့်ထိုင်ခုံတွေ တပ်ဆင်ထုတ်လုပ်ပေးလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ကလေးတွေအတွက် ထိုင်ခုံဟာ အသက်ကိုကယ်တင်နိုင်ပါတယ်။ ဒီထိုင်ခုံတွေကြောင့် တစ်နှစ်အောက် ကလေးသေဆုံးမှုကို ၇၀ ရာခိုင်နှုန်း လျှော့ချနိုင်ပြီး ကလေးငယ်တွေ သေဆုံးမှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါတယ်။ ကလေးသီးသန့် ထိုင်ခုံရွေးဝယ်မယ်ဆိုရင် ကလေးရဲ့အရပ်နဲ့ အလေးချိန်ကို ကိုယ်ညီစေမယ့် ထိုင်ခုံတွေကို ရွေးဝယ်ဖို့ လိုပါတယ်။ ပြီးရင် ကားနောက်ခုံကို သေချာစွာထားပါ။ ISOFIX ဆိုတဲ့ လုံခြုံမှုမြင့် ကလေးထိုင်ခုံတွေကို သုံးမယ်ဆိုရင်လည်း ယာဉ်စီးနင်းခြင်းကြောင့် ကလေးတွေ အသက်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ကလေးတွေရဲ့ထိုင်ခုံတွေမှာဆိုရင် ထိုင်ခုံဘက်ကိုကလေးမျက်နှာလှည့်ထားတဲ့ပုံစံ၊ ကားရဲ့ရှေ့ကို ကလေးမျက်နှာလှည့်ထားတဲ့ပုံစံဆိုပြီး ၂ မျိုးရှိတဲ့အပြင် နောက် ၂ မျိုးနဲ့လည်း လိုက်ပါစီးနင်းစေနိုင်ပါတယ်။

**ကားထဲက အိမ်မွေးတိရစ္ဆာန်တွေ**

အိမ်မွေးတိရစ္ဆာန်ချစ်တတ်သူတွေအနေနဲ့ ကိုယ်ကားမောင်းအပြင်ထွက်တဲ့နေရာကို ခေါ်ဆောင်သွားတတ်သူတွေ ရှိတတ်တဲ့အတွက် အိမ်မွေးတိရစ္ဆာန်တွေကို ကားထဲခေါ်သွားမယ်ဆိုရင် ဘေးကင်းစေဖို့ လိုပါတယ်။ အများစုကတော့ ခွေးနဲ့ကြောင်တွေကိုယာဉ်မောင်းသူတွေနဲ့အတူ ခေါ်သွားတတ်ကြပါတယ်။ သူတို့ဘေးကင်းစေဖို့အတွက် တိရစ္ဆာန်သယ်ဆောင်ခုံဟာ စိတ်အချရဆုံးပါပဲ။ ဒီတိရစ္ဆာန်သယ်ဆောင်ခုံကို ကားရဲ့ ထိုင်ခုံနောက်ဘက် ဒါမှမဟုတ် ထိုင်ခုံအောက်တွေမှာ သေချာသိမ်းထားပါ။ ဘယ်လိုခေါ်ဆောင်သွားသင့်တယ်၊ ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတာတွေ၊ ဘယ်လိုထိန်းသိမ်းထားသင့်လဲဆိုတာတွေကိုတော့ တိရစ္ဆာန်ဆရာဝန်ဆီမှာ အကြံဉာဏ်တောင်းခံပါ။

ဒါတွေကတော့ ယာဉ်မောင်းတွေနဲ့ ယာဉ်ပေါ်မှာ လိုက်ပါစီးနင်းသူတွေအတွက် ဘေးကင်းပြီး လိုရာခရီးကို ချောမွေ့စွာ ရောက်နိုင်စေဖို့ ဖော်ပြပေးခဲ့တာဖြစ်ပါတယ်။ စာဖတ်သူအနေနဲ့ ခါးပတ်ပတ်တာပဲဖြစ်ဖြစ်၊ ထိုင်ခုံချိန်ညှိတာပဲဖြစ်ဖြစ်၊ ဘက်မှန်ချိန်ညှိတာပဲဖြစ်ဖြစ် နည်းစနစ်ကျကျမလုပ်တတ်သေးဘူး။ မကျသေးဘူးလို့ ထင်တယ်ဆိုရင် အခုဒီစာလေးဖတ်ပြီး ပြုပြင်နိုင်ပါပြီ။

■ ဟိန်းမြတ်စိုး

**Reference- Ford Myanmar**

## Brake Pad

ကားမောင်းနေစဉ် ဘရိတ်ဆီက အသံကြားရင် ဘရိတ်ပတ် (Brake Pad) အသစ်လဲဖို့ လိုလာပါပြီ။ ဒီလိုဆိုရင်တော့ အရည်အသွေးကောင်းပြီး စိတ်ချရတဲ့ ဘရိတ်ပတ်တွေ သုံးဖို့လိုပါတယ်။ ဘရိတ်ပတ်တွေမှာ Wear Indicator လေးရှိတယ်။ ဘရိတ်ပတ်ပါးလာရင် ဒီ Indicator လေးက ဘရိတ်ဒရမ်ပြားနဲ့ထိပြီး တချွင်ချွင်နဲ့ အသံထွက်လာတတ်ပါတယ်။ ဒါဆိုဘရိတ်ပတ် အသစ်လဲရပါတော့မယ်။ ဘရိတ်နင်းတဲ့အခါ ကားက အရင်လို ချက်ချင်းမရပ်ဘဲ နည်းနည်းကြာနေမယ်ဆိုရင် ဘရိတ်ပတ်ကို စစ်ဆေးဖို့လိုလာပါပြီ။ ဘရိတ်အုပ်တဲ့အခါ ကားကတစ်ဖက်ဖက်ကို စွေသွားမယ်ဆိုရင်လည်း ဘရိတ်ပတ်ကို စစ်ရမယ်။ ဘယ်ညာ ဘရိတ်ပတ်ထဲက တစ်ဖက်ဖက်စားသွားလို့ ဖြစ်တာပါ။ ဒါကို မပြင်ဘဲဆက်မောင်းနေရင် စတီယာရင်ကိုပါ ဒုက္ခပေးလာပါလိမ့်မယ်။ ဘရိတ်အုတ်တိုင်း အသံကြီးမြည်ပြီး တုန်နေမယ်ဆို ဘရိတ်ပတ်အသစ်လဲလိုက်ပါ။ ကားဘေးကင်းလုံခြုံမှုအတွက် အရေးကြီးတဲ့ဘရိတ်ကို သေချာစွာစစ်ဆေးနိုင်ဖို့ လိုပါတယ်နော်။ ဘရိတ်ပတ်တွေက ကားအမျိုးအစားပေါ်မူတည်ပြီး ဈေးနှုန်းလည်း အမျိုးမျိုးကွဲပြားပါတယ်။ အနိမ့်ဆုံး ကျပ်နှစ်သောင်းကနေ လေးသောင်းလောက်အထိရှိပါတယ်။ ဘရိတ်ပတ်ကောင်းကောင်းကို ဝယ်ယူချင်တယ်ဆိုရင်တော့ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ရွာမရပ်ကွက်၊ အမှတ် ၆၃ က၊ သီရိမင်္ဂလာလမ်းမှာရှိတဲ့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ) မှာပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ် ၀၉ ၄၂၀၀၂၃၅၉၊ ၀၉ ၂၅၂၀၇၆၄၇၆ နဲ့ ၀၉ ၂၅၂၀၇၆၄၇၇ တို့ကို ဆက်သွယ်နိုင်ပါတယ်။

■ S-04



## ကား အရောင်းအဝယ်အေး

**ရန်ကုန်၊ ဧပြီ ၂၂**

မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်များအပြီး ရန်ကုန် ကားဈေးကွက်အခြေအနေသည် အေးစက်နေဆဲဖြစ်ကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

လတ်တလော ပြည်တွင်းထုတ် ကားအချို့ဖြစ်သည့် ဆူဇူကီးကားအချို့နှင့် တစ်ပတ်ရစ်ကားအချို့သာ အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိပြီး ကျန်ကားအရောင်းအဝယ်ဖြစ်ပေါ်မှုမရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

“ကားဈေးကွက်က ခပ်အေးအေးရှေ့ဆက်နေတယ်။ ဈေးကလည်း ဒီအတိုင်း အပြောင်းအလဲမရှိပါဘူး” ဟု ကားလုပ်ငန်းရှင် ဦးရန်မျိုးအောင်က ပြောဆိုသည်။

ထို့ပြင် စလစ်ဈေးနှုန်းမှာလည်း ငြိမ်သက်နေပြီး အရောင်းအဝယ်အေးစက်ကာ ယာဉ်အိုယာဉ်ဟောင်း အပ်ကား ရှားပါးနေကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

■ S-04

# Celebrities' Choice

# "ကိုယ်နဲ့အဆင်ပြေနိုင်မယ့် ကိုယ်နဲ့သင့်တော်မယ့် ကားမျိုးလောက်ပဲ ရွေးဝယ်ဖြစ်တယ်"

## သရုပ်ဆောင်အလင်းရောင်နှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

ဒီတစ်ပတ်ရဲ့ Celebrities' Choice ကဏ္ဍမှာတော့ ရွှေကြာရုပ်ရှင်ဇာတ်ကားကြီးမှာ ခေါင်းဆောင်မင်းသားနေရာကနေ သရုပ်ဆောင်ရိုက်ကူးထားပြီး ပရိသတ်အားပေးမှုကိုရရှိထားတဲ့ သရုပ်ဆောင်အလင်းရောင်နဲ့တွေ့ဆုံပြီး သူစီးနေတဲ့ကားအကြောင်း မေးမြန်းဖြစ်ခဲ့တာလေးကို ဖော်ပြပေးလိုက်ပါတယ်။




Alinnyaung Light(FB)

**Voice : လက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး ပြောပြပေးပါ။**

**ALY :** လက်ရှိ ကျွန်တော်စီးနေတဲ့ ကားအမျိုးအစားက KIA စီးနေပါတယ်။

**Voice : ဝယ်ထားတာရောကြာပြီလား။**

**ALY :** ဝယ်ထားတာတော့ ခြောက်လ၊ ခုနစ်လလောက်တော့ ရှိသွားပါပြီ။

**Voice : ဒီကားရဲ့အားသာချက်လေးရော သိပါရစေ။**

**ALY :** အားသာချက် ဘယ်လိုပြောရမလဲ။ ကျွန်တော် အရင်တုန်းက ဆလွန်းစီးတယ်။ နောက်ပိုင်း နယ်ဘက်ကို ကျွန်တော်ကားရိုက်တွေ သွားတဲ့အခါကျတော့ 4 Wheel က ပိုပြီးအဆင်ပြေတယ်။ Sorento က ပိုပြီး ကျယ်တော့ ပစ္စည်းလည်းပိုဆံ့တယ်ဆိုပြီး သုံးဖြစ်တာ။

**Voice : မောင်လေးအနေနဲ့ရော ကားအမျိုးအစားအများကြီးရှိတဲ့အထဲက ဘာလို့ဒီကားမျိုးအစားကို ရွေးဝယ်ဖြစ်သွားတာလဲ။**

**ALY :** အင်း။ ကျွန်တော် ကားဝယ်ခါနီးမှာ တော်တော်များများလိုက်ကြည့်တယ်။ တချို့ကားတွေကျတော့လည်း ဒီဈေးနဲ့ကို ပုံမဆန်းဘူး။ ဒါပေမဲ့ KIA လေးကျတော့ နည်းနည်းကြွားကြွားရွားရွား လည်းရှိတယ်။ ပုံကလည်းခန့်တယ်။ ပြီးတော့ အဲဒီကောင်က ဆီစားလည်း သက်သာတယ်။ ကားက ခရီးတွေသွားရတာကောင်းတယ်။ အဝတ်အစားတွေလည်း သယ်သွားရတာဆံ့တယ်။

**Voice : ယောကျ်ားလေးတွေအများစုက ကားတို့ ကင်မရာတို့ သဘောကျတာများတယ်။ အလင်းရောင်ကရော ကားအပေါ်မှာ ခရေဇီဖြစ်တာမျိုးရှိလား။**

**ALY :** ကားပေါ်မှာ အရမ်းကြီးတော့ ခရေဇီမဖြစ်ဘူး။ ကျွန်တော်ကြိုက်တဲ့ Brand တွေတော့ရှိတယ်။ ဒါပေမဲ့ ဝယ်မစီးနိုင်သေးဘူး။ အဲဒီတော့ ကိုယ်နဲ့အဆင်ပြေနိုင်မယ့် ကိုယ်နဲ့သင့်တော်မယ့် ကားမျိုးလောက်ပဲ ရွေးဝယ်ဖြစ်တယ်။

**Voice : ဘယ်လိုကားမျိုးကို အလင်းရောင်ကြိုက်လဲ။**

**ALY :** ကျွန်တော်ကြိုက်တာဆိုရင်တော့ ကျွန်တော်က ပြိုင်ကားအမျိုးအစားတွေ သဘောကျတယ်။ ဒါပေမဲ့ ပြိုင်ကားကျ ကျွန်တော့်အလုပ်နဲ့က အဆင်မပြေဘူး။

**Voice : ပြိုင်ကားတွေမှာရော ဘယ်လို Brand တွေ သဘောကျလဲ။**

**ALY :** နာမည်ကြီး Brand တွေ အကုန်ကြိုက်ပါတယ်။

**Voice : နောက်ပိုင်းကျရင်ရော ဝယ်စီးသွားဖို့ အစီအစဉ်ရှိလား။**

**ALY :** နောက်ပိုင်း ပိုက်ဆံတွေရှိလာရင်တော့ ဝယ်စီးဖြစ်မယ်ထင်ပါတယ်။ ■ခိုင်ချယ်ရီထွန်း

## Toyota CHR

**မော်ဒယ်လ် - ၂၀၁၆**

**အင်ဂျင်ပါဝါ - ၁၅၀၀ စီစီ**

**လောင်စာဆီအမျိုးအစား - ဓာတ်ဆီ**

**ဈေးနှုန်း - ကျပ်သိန်း ၄၅၀ မှ ၅၀၀ ဝန်းကျင်**

# G U I D E



၂၀၁၈ ဇန်နဝါရီ ၁ ရက်ကစပြီး ဘယ်မောင်းတွေပဲ သွင်းရမယ့် မူဝါဒခဲ့တဲ့အတွက် ကားလုပ်ငန်းရှင်တွေအတွက် တော်တော်အခက်အခဲ တွေ့ခဲ့ရပါတယ်။ ဘယ်မောင်းတွေ တင်သွင်းရောင်းချရမယ့် ဈေးကွက်သစ်တွေကို ရှာကြတဲ့အခါမှာ မြန်မာစားသုံးသူတွေ အကြိုက် ဂျပန်လည်း ဖြစ်ရမယ်၊ ဘယ်မောင်းလည်း ဖြစ်ရမယ့်ကားတွေကို လိုက်ရှာတဲ့အခါမှာ ယူအေအီးလို၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေက ကားတွေကို သွားတွေ့ကြပါတယ်။ အဲဒီလိုနဲ့ Toyota CHR လို ဘယ်မောင်းမော်ဒယ်လ်မြင့်ကားလေးတွေကို ဒီနှစ်ထဲကစပြီး တင်သွင်းလာကြပါတယ်။ ဒီတစ်ပတ်အတွက် အဲဒီကားလေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

ဒီကားလေးက ပြောမယ်ဆို ဒီမှာ Hot ဖြစ်ခဲ့တဲ့ Mitsubishi RVR နဲ့ ပုံစံတူပါတယ်။ SUV အမျိုးအစားဖြစ်ပြီး Luxury ဆန်တဲ့ ကားအမျိုးအစားဖြစ်တဲ့အတွက် ဇိမ်ခံကားကိုမှ ကြွားကြွားဝါဝါ စီးချင်တဲ့သူတွေကို အကြိုက်တွေ့စေမယ့် ကားမျိုးလေးပါ။ သူ့မှာ ဂရိတ်ခွဲတွေများစွာရှိသလို ဂရိတ်ခွဲရင် ခွဲသလောက်၊ မြင့်ရင် မြင့်သလောက် ဈေးနှုန်းကလည်း မြင့်သွားမှာပါ။ ကားတန်ဖိုးချည်းပဲဆိုရင် အမေရိကန်ဒေါ်လာ သုံးသောင်းကနေ ငါးသောင်းကျော်လောက်ထိရှိပါတယ်။ ဒီက အခွန်တွေအားလုံးပေါင်းနဲ့ တွက်မယ်ဆိုရင် ဂရိတ်နိမ့်တဲ့ကားဆိုရင်တောင် ကျပ်သိန်း ၄၀၀ ဝန်းကျင်ကနေ ၅၀၀၊ ၆၀၀ လောက်ထိ ရှိနိုင်ပါတယ်။ လက်ရှိပြည်တွင်းကို ဝင်နေတာကတော့ မူဝါဒအရ ၂၀၁၆ ကနေ ၂၀၁၈ ခုနှစ်အထိ ခွင့်ပြုထားပေမယ့် အခွန်သက်သာအောင်ရယ်၊ ကားတန်ဖိုး သက်သာစေဖို့အတွက် ၂၀၁၆ နဲ့ ၂၀၁၇ မော်ဒယ်လ်လေးတွေကို တင်သွင်းစီးနင်းတာများကြပါတယ်။ နောက် CHR လို ဒီနှစ်ထဲမှာမှ ဘယ်မောင်းကားအဖြစ် အရှေ့အလယ်ပိုင်းနိုင်ငံတွေက သွင်းကြတဲ့ Toyota ကားအမျိုးအစားသစ်လေးတွေလည်း ရှိနေပါသေးတယ်။ ■ S-04

ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ခေတ်မီအဆင့်မြင့်နည်းပညာအိမ်သာများ တရုတ်တွင် တည်ဆောက်

**ဘေဂျင်း၊ ဧပြီ ၂၂**




တရုတ်နိုင်ငံတွင် အိမ်သာတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲသည့် အနေနှင့် ၂၀၁၅ ခုနှစ်ကတည်းက သမ္မတ ရှီကျင့်ဖျင်၏ လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်လျက်ရှိရာ ခေတ်မီ အဆင့်မြင့် နည်းပညာများ တပ်ဆင်အသုံးပြု ထားသည့် အများသုံးရေအိမ်များကို တစ်နိုင်ငံလုံးတွင် တည်ဆောက်ရန် ပြင်ဆင်လျက်ရှိကြောင်း South China Morning Post သတင်းတွင် ဖော်ပြထားသည်။

အများသုံးရေအိမ်များတွင် Wi-Fi စနစ်များ၊ တီဗီများနှင့် ATM ငွေထုတ်စနစ်စက်များ ထားရှိပေးရုံမက ရေချိုးခန်းများလည်း ထားရှိပေးမည်ဖြစ်ပြီး လူမျက်နှာပြင်ကို မှတ်သားထားသည့် စနစ်ဖြင့် လောဘကြီးပြီး ရေအိမ်သုံး စက္ကူကို အလစ်သုတ်သူများဘေးမှ ကာကွယ်ရန်စနစ်များကိုလည်း အသုံးပြုမည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ယခုအခါ မြို့ကြီးနှစ်မြို့တွင် အဆင့်မြင့်အိမ်သာများကို တည်ဆောက်လျက်ရှိပြီး၊ ရေအိမ်သုံးစက္ကူကို ဆွဲထုတ် ရာတွင် သုံးစွဲသူမျက်နှာတစ်ခုလျှင် ၄၀ စင်တီမီတာမှ ၈၀ စင်တီမီတာအထိသာ ထုတ်ယူသုံးစွဲနိုင်စေရန် စနစ်များကိုပါ ထည့်သွင်း စီစဉ်ပေးထားသည်။

အကယ်၍ ရေအိမ်စက္ကူကို သတ်မှတ်ထားသည့် စင်တီမီတာထက် ပိုမိုသုံးစွဲချင်လျှင် နောက်ထပ် ၉ မိနစ် စောင့်ပြီးမှ မျက်နှာကိုပြကာ ထပ်မံထုတ်ယူနိုင်မည်ဖြစ်သဖြင့် မတန်တဆ စက္ကူဖြုန်းတီးခြင်းကိုပါ အကာ အကွယ်ပေးနိုင်စေရန် စီစဉ်ထားကြောင်း South China Morning Post တွင် ရေးသားထားသည်။

ခေတ်မီစနစ်ကျသည့် အိမ်သာအဖြစ် ဖန်တီးလုပ်ဆောင်ပေးထားသည်နှင့်အညီ ဆပ်ပြာ၊ စက္ကူ၊ လက်သုတ်ပဝါ များခိုးယူခြင်းတို့ကလည်း အကာအကွယ်ပေးနိုင်မည့် အစီအစဉ်များကိုပါဆောင်ရွက်ထားသည်။

တရုတ်နိုင်ငံတွင် လက်ရှိအသုံးပြုနေသော ရေအိမ်များတွင် စက္ကူလိပ်များကို ခိုးယူမှုနှုန်း အလွန်မြင့်မားနေသော ကြောင့် ယခုကဲ့သို့ သူခိုးဖမ်းပြီး၊ အကုန်နည်းစေနိုင်မည့် စနစ်များကို ထည့်သွင်းထားရခြင်းဖြစ်ကြောင်း တာဝန် ရှိသူများက ပြောကြားသည်။

မျက်နှာပြင်ကို မှတ်သားထားသည့် ကွန်ပျူတာစနစ်များကို တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ရှမြို့တွင် စတင် အသုံးပြုနေပြီး ချုံကင်းမြို့တွင်ပါ တိုးမြှင့်သုံးစွဲနိုင်ရန် စီစဉ်လျက်ရှိသည်။

တရုတ်သမ္မတကြီးက ကျေးလက်ရောမြို့ပြများတွင်ပါ ကမ္ဘာလှည့် ခရီးသည်များ အလာများသည့် ဒေသများ၌ ခေတ်မီအဆင့်မြင့် ရေအိမ်များကို တည်ဆောက်ပေးရန် လမ်းညွှန်ထားသော်လည်း စည်းကမ်းမဲ့ သုံးစွဲတတ် သူများနှင့် အလစ်သုတ်သူများကြောင့် ရေအိမ်ကာကွယ်ရေးစနစ်များကိုပါ တိုးချဲ့လုပ်ဆောင်နေရကြောင်း South China Morning Post သတင်းတွင် ရေးသားထားသည်။ ■

# ကမ္ဘာ့ပထမဆုံး ပြွန်လုံးရထားအစီအစဉ် ၂၀၂၀ တွင် ပြေးဆွဲနိုင်ရန် ဒူဘိုင်းတွင် ပြင်ဆင်

**အဘူဒါဘီ၊ ဧပြီ ၂၂**




ကမ္ဘာ့ပထမဆုံး စီးပွားဖြစ် ပြွန်လုံးရထား ပြေးဆွဲရေးစနစ် (Hyperloop) ကို လာမည့် ၂၀၂၀ ပြည့်နှစ်က စတင်ပြီး ဒူဘိုင်းတွင် ပြေးဆွဲနိုင်ရေးအတွက် စတင်တည်ဆောက်လျက်ရှိပြီဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထား သည်။

တစ်နာရီလျှင် မိုင် ၇၆၀ နှုန်းပြေးဆွဲနိုင်မည့် ပြွန်တွင်းရထား ပြေးဆွဲရေးစနစ်အတွက် လမ်းကြောင်းစတင်မှုကို ၆ မိုင်အထိ စတင်ဖောက်လုပ်ခဲ့ပြီး အဘူဒါဘီနှင့် ဒူဘိုင်းမြို့နှစ်မြို့ကြား အယ်လ် မဲ့ခ်တွန် လေဆိပ်အနီးတွင် ပြေးဆွဲမှုကို လုပ်ဆောင်နေပြီဖြစ်သည်။

ပြွန်လုံးရထားလိုင်းကို လာမည့် Expo 2020 အမီ အဆင်သင့်ဖြစ်စေရန် တည်ဆောက်သွားမည်ဖြစ်ပြီး ရီရတ်နှင့် ဆော်ဒီအာရေးဗီးယားအထိ မိုင်ပေါင်း ၆၂၁ မိုင် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

Hyperloop Transportation Technologies (HyperloopTT) အတွက် တာဝန်ယူတည်ဆောက်ပေးနေသည့် Culver ကုမ္ပဏီက မြန်နှုန်းမြင့်ပြွန်လိုင်းများဖြင့် ကုန်သေတ္တာများကိုပါ ဆိပ်ကမ်းမြို့များမှ သယ်ယူပို့ဆောင် နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

Culver ကုမ္ပဏီအနေနှင့် အရှေ့အလယ်ပိုင်းဒေသအတွင်း ပြွန်လိုင်းရထားလိုင်းဖြင့် သယ်ယူပို့ဆောင်ရေး စနစ်ကို တိုးချဲ့လုပ်ဆောင်ရန် စီစဉ်နေကြောင်း၊ ဤစနစ်ကို စတင်ပြေးဆွဲနိုင်လျှင် အာရပ်စော်ဘွားများ နိုင်ငံသည် ကမ္ဘာ့ပထမဆုံး Hyperloop စနစ်ဖြင့် သယ်ယူပို့ဆောင်ရေးကို လုပ်ဆောင်သည့် နိုင်ငံအဖြစ် သမိုင်း ဝင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ဘီဘော့ ဂရက်စတာကပြောကြားသည်။

Hyperloop ရထားပြွန်လိုင်း စနစ်ဖြင့် ပြေးဆွဲရေး စိတ်ကူးကို ကမ္ဘာကျော် သူဌေးကြီး အီလန် မာ့စ်က ၂၀၁၃ ခုနှစ် ကတည်းက ဖော်ထုတ်ခဲ့ပြီး၊ မိုင် ၃၈၀ ကွာဝေးသည့် လော့စ်အိန်ဂျလိစ်မှ ဆန်ဖရန်စစ္စကိုသို့ မိနစ် ၃၀ နှင့် အရောက် သယ်ယူပို့ဆောင်ပေးမည်ဟု ပြောခဲ့သည်။

ဤနည်းသည် ပြွန်လုံးရထားလိုင်းအတွင်း လေဟာနယ်အဖြစ် ဖန်တီးထားပြီး လေ၏တွန်းအားဖြင့် လေသေနတ်ထဲသို့ ကျည်ထည့်ပစ်သည့်ပုံစံအတိုင်း ရထားအိမ်များကို ပစ်လွှတ်လိုက်ကာ ပြေးဆွဲ ပေးမည်ဖြစ်သည်။

ရထားပြွန်လိုင်းများကိုလည်း လျှပ်စစ်ဓာတ်နှင့် ရာသီဥတုဒဏ် ပိုခံနိုင်စေရန် မိုးပျံစနစ်များဖြင့် ဆောက်လုပ်ထား မည်ဖြစ်ကာ၊ အလားတူ ပရောဂျက်ကို အိန္ဒိယနိုင်ငံ မွန်ဘိုင်းတွင်လည်း တည်ဆောက်ရန်ရှိကြောင်း ရစ်ချတ် ဘရန်ဆန်ကပြောကြားသည်။ ■

## NEWS IN BRIEF

### စင်ကာပူတက္ကသိုလ်တွင် ပိုက်ဆံမဲ့စနစ်ကျင့်သုံးမည်

စင်ကာပူနိုင်ငံ NUS (National University of Singapore) ကျောင်းဝင်းတစ်ခုလုံးအတွင်း ငွေကြေးကိုင်တွယ် သုံးစွဲစရာမလိုသည့် ပိုက်ဆံမဲ့စနစ် (cashless) ကို စာသင်နှစ်စတွင် စတင်အသုံးပြုသွားရန် စီစဉ်ထားကြောင်း Today သတင်းတွင် ဖော်ပြထားသည်။

NUS တက္ကသိုလ်တစ်ခုလုံးတွင် Wi-Fi ဆက်သွယ်ရေးစနစ်များကို ဖြန့်ကြက်ထားရုံမက၊ အင်တာနက်ကိုလည်း ပြည့်စုံလုံလောက်စွာ ရယူသုံးစွဲနိုင်စေရန် စီမံဖန်တီးပေးထားသဖြင့် အွန်လိုင်းကတစ်ဆင့် ဝယ်ယူမှုမှန်သမျှကို ပေးချေနိုင်ပြီဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

တက္ကသိုလ်အတွင်းရှိ စားသောက်ဆိုင်များတွင် ဝယ်ယူစားသောက်မှုများအား ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အတွင်း Cashless စနစ်ဖြင့် ငွေပေးချေလျှင် စင်ကာပူ တစ်ဒေါ်လာခွဲသုံးတိုင်း ဆင့် ၅၀ လျှော့ပေးသည့် ပရိုမိုးရှင်းကာလအဖြစ်စတင်စည်းရုံးလုပ်ဆောင်နေကြောင်း Today တွင် ရေးသားထားသည်။ ■

### ဗိုက်သားတွင် အဆီထွက်ပြီး ဗိုက်ပူနေသူများ နှလုံးရောဂါဖြစ်နိုင်ခြေများဟုဆို

အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုးတားပြည်နယ်၊ ရိုချက်စ်တာမှာ လူပေါင်း ၁၇၀၀ ခန့်ကို နှစ်ပေါင်း ၁၆ နှစ်ကြာ လေ့လာဆန်းစစ်မှုအားပြုလုပ်ခဲ့ပြီးနောက် European Society for Cardiology အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဝမ်းဗိုက်တွင် အဆီများစုဆောင်းပြီး ဗိုက်ပူနေသူများ၌ နှလုံးရောဂါဖြစ်နိုင်ခြေပိုများကြောင်း ABC သတင်းတွင် ဖော်ပြထားသည်။ ဗိုက်တွင် အဆီများနေသူများသည် နှလုံးရောဂါသာမက ဆီးချိုဝေဒနာပါဖြစ်ရန် သေချာနေပြီး ပုံမှန်သက်တမ်းထက်ပိုပြီး စောစီးစွာ သေဆုံးနေကြရကြောင်း ယင်းသတင်းကဆိုသည်။

ဝမ်းဗိုက်တွင် အဆီများစုပြီး ဗိုက်မထွက်စေရန် ထိန်းသိမ်းသင့်ပြီး ဆေးလိပ်မသောက်၊ လမ်းလျှောက်၊ လေ့ကျင့်ခန်း ပုံမှန်လုပ်ကာ တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ခန့် အေရိုးဗစ်ကဲ့သို့သော လေ့ကျင့်ခန်းမျိုးကိုလုပ်သင့်ကြောင်း BMI အဖွဲ့က အကြံပြုထားသည်။ ■

### ကမ္ဘာမြေကိုလွှမ်းခြုံထားမည့် ဂြိုဟ်တုရုပ်သံလွှင့်စနစ်အတွက် ဘီလ်ဂိတ်စ် မတည်ထောက်ပံ့

ကမ္ဘာမြေ၏ အာကာသအတွင်း ဂြိုဟ်တုပေါင်း ၅၀၀ ခန့်ကို စေလွှတ်ထားပြီး အင်တာနက်လိုင်းကတစ်ဆင့် ဗီဒီယိုများကို ချိတ်ဆက်ကြည့်ရှုနိုင်မည့် အစီအစဉ်အတွက် မိုက်ခရိုဆော့ဖ်သူဌေးကြီး ဘီလ်ဂိတ်စ်က ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပေးခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

EarthNow ဆိုသည့် ကုမ္ပဏီသစ်သည် တိုက်ရိုက်ရုပ်သံထုတ်လွှင့်မှုများကို သုံးစွဲသူများအလွယ်ကူဆုံး ဖမ်းယူရရှိကြည့်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ယင်းပရောဂျက်ကို SoftBank ကုမ္ပဏီက လည်း အထောက်အကူပေးထားကြောင်း ယင်းသတင်းကဆိုသည်။

ယင်းဂြိုဟ်တုများကတစ်ဆင့် ရုပ်သံထုတ်လွှင့်မှုများအပြင် တရားမဝင်ငါးခိုးဖမ်းမှုများ၊ ရာသီဥတု အခြေ အနေများနှင့် ကမ္ဘာ့ရွှေ့ပြောင်းနေပြည်သူများကိုလည်း စောင့်ကြည့်သွားမည်ဖြစ်ကြောင်း AFP တွင် ရေးသားထားသည်။ ■

### ကိုယ်ပျောက်လေယာဉ်များကို ထောက်လှမ်းနိုင်မည့် သုတေသန ကနေဒါလုပ်ဆောင်

လေကြောင်းပျံသန်းမှု ဂျက်လေယာဉ်များကို ရေဒါဖြင့် ထောက်လှမ်း၍မရနိုင်စေရန် ပုံဖျက်တီထွင်မှုများ ပြုလုပ် ထားမှုကို တန်ပြန်ထောက်လှမ်းနိုင်ရေးအတွက် ကနေဒါနိုင်ငံ၊ ဝါတာလူးတက္ကသိုလ်မှ သုတေသီများသည် ကွမ်တမ်ရေဒါစနစ်များကို အသုံးပြုပြီး ထောက်လှမ်းနိုင်ရန် စီစဉ်နေကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

ယင်းပရောဂျက်အတွက် အမျိုးသားကာကွယ်ရေးဌာနက ဒေါ်လာ ၂ ဒသမ ၇ သန်း အထောက်အပံ့ပေးကာ အစဉ်အလာ ရေဒါစနစ်ကို ပယ်ဖျက်နိုင်စေမည့် စနစ်များ ဖော်ထုတ်လုပ်ဆောင်နေကြောင်း ယင်းသတင်းကဆိုသည်။

တန်ပြန်ထောက်လှမ်းနိုင်မည့် ကွမ်တမ်ရေဒါစနစ်များကို မကြာမီအသုံးပြုပြီး အမျိုးသားလုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည်ဟု IQC သုတေသနအဖွဲ့မှ ဂျိုနာသန်ဘော့ကပြောကြားသည်။ ■

### NASA ၏ Orion ဒုံးပျံထိပ်ဖူး အစိတ်အပိုင်း ၁၀၀ ကျော်အား 3D ပရင်တာဖြင့် ထုတ်လုပ်

အမေရိကန် အာကာသသိပ္ပံ NASA အဖွဲ့၏ အာကာသ ဒုံးပျံထိပ်ဖူးတွင် ထည့်သွင်းခဲ့သည့် အစိတ်အပိုင်း ပေါင်း ၁၀၀ ကျော်ကို 3D ပရင်တာများဖြင့် ပုံစံဖော်ထုတ်လုပ်ထားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ကာကွယ်ရေးဌာန၏ ကန်ထရိုက်အဖြစ်ခန့်အပ်ခြင်း ခံရသည့် Lockheed Martin ကုမ္ပဏီက ခံနိုင်ရည်အားရှိစေမည့် ယာဉ်အစိတ်အပိုင်းများကို ကွန်ပျူတာ စနစ်ဖြင့် တွက်ချက်ကာ 3D ပရင်တာကြီးများနှင့် ပုံဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

Orion ဒုံးပျံထိပ်ဖူးကို ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၆၀ အကွာ အာကာသထဲတွင် ပျံသန်းနေသည့် နိုင်ငံတကာ အာကာသယာဉ်ဆီသို့ ယာဉ်မှူးများကို ပို့ဆောင်ရာတွင် အသုံးပြုခဲ့ပြီး ယခုအခါ ယင်းထိပ်ဖူးကို အနားပေးထားပြီဖြစ်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

# ချစ်သူရှိနေပေမယ့် အချိန်စောသေးတဲ့အတွက် ပရိသတ်ကို တရားဝင်အသိမပေးချင်ဘူးဆိုတဲ့ ရတနာဗို

ရန်ကုန်၊ ဧပြီ ၂၂

ပရိသတ်ရဲ့ အားပေးမှုကို ရရှိထားတဲ့ အနုပညာပျိုးခင်း ၂ ရဲ့စင်တင်မင်းသမီးတစ်ဦးဖြစ်သူ သရုပ်ဆောင် ရတနာဗိုက လက်ရှိမှာ ချစ်သူရှိနေပြီဖြစ်ပေမယ့် အချိန်စောသေးတဲ့အတွက် ပရိသတ်ကို တရားဝင်အသိမပေးချင်ဘူးလို့ The Voice ကို ပြောကြားပါတယ်။

"ညီမရဲ့အချစ်ရေးကတော့ အေးအေးဆေးဆေးပါပဲ။ ညီမမှာ ချစ်သူရှိပေမယ့် အချိန်စောနေသေးတဲ့အတွက် ပရိသတ်ကို တရားဝင်အသိမပေးချင်သေးဘူး။ ကိုယ်က မိန်းကလေးလည်းဖြစ်တော့ ပိုဆိုးတာပေါ့နော်။ ဒါပေမဲ့ ချစ်သူက ညီမထက် နှစ်နှစ်ကျော် သုံးနှစ်လောက်တော့ ငယ်ပါတယ်။ လောလောဆယ် သူက ပြည်ပမှာ ကျောင်းတက်နေပါတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။


ဓာတ်ပုံ- ဝင်းထွန်းနိုင်

သူငယ်ချင်းအဖြစ် သုံးနှစ်လောက် ခင်မင်လာပြီးမှာ ချစ်သူဖြစ်ကြတာကြောင့်တစ်ယောက်နဲ့တစ်ယောက်က ပွင့်ပွင့်လင်းလင်းလည်းရှိသလို ပိုပြီးတော့လည်း ရင်းနှီးကြောင်း၊ ချစ်သူအဖြစ် ရွေးချယ်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းက ကိုယ့်လိုပဲ အနေအေးတာကြောင့်ဖြစ်ကြောင်း သရုပ်ဆောင် ရတနာဗိုက ပြောထားပါတယ်။

"သူနဲ့က သူငယ်ချင်းစဖြစ်ရာကနေ ချစ်သူဖြစ်သွားတာပေါ့နော်။ အဲ့ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက်က ပွင့်ပွင့်လင်းလင်းလည်းရှိတယ်၊ ပိုပြီးလည်း ရင်းနှီးတော့ အဆင်ပြေပါတယ်။ နောက်တစ်ခုက လူတစ်ယောက်နဲ့တစ်ယောက်မှာ ချစ်ကြပြီဆိုရင်တော့ အဆင်ပြေအောင်နေရတယ်။ တစ်ယောက်ရဲ့ အားနည်းချက်ကို တစ်ယောက်က အပြန်အလှန် နားလည်ပေးပြီး ယုံကြည်မှုတွေ ထားရတာပေါ့နော်။ ဒါပေမဲ့ ကံတရားဆိုတာမျိုးက ကျိန်းသေပြောလို့ မရနိုင်တော့ အဆင်ပြေတဲ့အချိန်ထိပေါ့နော်" လို့ ၎င်းကပြောပါတယ်။



## နိုင်ငံတကာ ရုပ်ရှင်ပွဲတော်နှစ်ခုမှာ ဆုရခဲ့တဲ့ ကိုရီးယားရုပ်ရှင် 'Memoir Of A Murderer'

ဆိုးလ်၊ ဧပြီ ၂၂

ကိုရီးယားရုပ်ရှင်ဇာတ်ကား 'Memoir Of A Murderer' ရုပ်ရှင်ဇာတ်ကားဟာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်နှစ်ခုမှာ ဆုနှစ်ဆုရခဲ့ကြောင်း ဇာတ်ကားကို ထုတ်လုပ်ဖြန့်ချိတဲ့ Showbox က သတင်း ထုတ်ပြန်ပေးခဲ့ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားက ပြင်သစ်နိုင်ငံမှာ ဧပြီလ ၄ ရက်နေ့ကနေ ၈ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ၁၀ ကြိမ်မြောက် Beaune International Film Festival မှာ Jury Prize ဆုကို ရရှိခဲ့သလို ဘယ်လ်ဂျီယမ်နိုင်ငံမှာ ဧပြီလ ၃ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ကျင်းပတဲ့ Brussela International Fantastic Film Festival မှာ အထူးဆုရရှိခဲ့ပါတယ်။

နာမည်ကျော် ကိုရီးယားစာရေးဆရာ ကင်ယောင်းဟွာရဲ့ ဝတ္ထုကို အခြေခံပြီး ရိုက်ကူးတဲ့ 'Memoirs Of A Murderer' ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် ဆိုကျောင်းဂူက တစ်ချိန်က ကိုယ်တိုင်လည်း လူတွေအများကြီး သတ်ခဲ့တဲ့ လူသတ်သမားတစ်ယောက်ဖြစ်ပြီး လက်ရှိကာလမှာတော့ သမီးဖြစ်သူကို လူသတ်သမားတစ်ဦး လက်ကနေကာကွယ်ပေးတဲ့ သူ့အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကို လွန်ခဲ့တဲ့ နှစ် စက်တင်ဘာလက ကိုရီးယားနိုင်ငံမှာ ရုံတင်ပြသခဲ့ပြီး ပရိသတ်ဦး ရေ ၂.၆၆ သန်း ခန့်ကြည့်ရှုအားပေးခဲ့ကြပါတယ်။

# "ကျွန်တော်တို့ရိုက်တဲ့ ဇာတ်ကားတွေ၊ ပြောနေတဲ့စကားတွေက ပရိသတ်ကို ကြည့်ချင်လာအောင် ပြောတယ်ဆိုတာထက် ကျွန်တော်တို့လုပ်တဲ့ အလုပ်တစ်ခုအပေါ်မှာ ပရိသတ်အတွက် တန်ဖိုးထားပြီးတော့ လုပ်နေတာပါ"

**နေတိုးနဲ့ တွေ့ဆုံခြင်း** ဝင်းထွန်းနိုင်


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ဧပြီလ ၂၇ ရက်နေ့မှာ ရုံတင်ပြသတော့မယ့် 'မုန်းလို့ရရင် မုန်းချင်တယ်' ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်နေတိုးနဲ့တွေ့ဆုံပြီး ဇာတ်ကားအကြောင်း၊ ဇာတ်ရုပ်အကြောင်းနဲ့အတူ ၂၀၁၈ ခုနှစ်ထဲမှာ ရုံတင်ပြသနိုင်အောင် ကြိုးစားနေတဲ့ 'Rose Rider' ရုပ်ရှင်ကားအကြောင်း အပြည့်အစုံကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: 'မုန်းလို့ရရင် မုန်းချင်တယ်' ရုပ်ရှင်ကားက ရိုက်ထားတာ နည်းနည်းကြာပြီဆိုတော့ လက်ရှိအနေအထားနဲ့ ကွာဟသွားမှာ စိုးရိမ်စိတ်ဖြစ်မိလား။**

**NT:** ဒီကားက ကျွန်တော်တို့ရိုက်ခဲ့တဲ့ အချိန်ကာလနဲ့ဆိုရင်တော့ နည်းနည်းလေး ရုံတင်ဖို့ နောက်ကျနေတဲ့ ကားတစ်ကားလို့ပြောရင် ရတယ်။ ဒါပေမဲ့ လက်ရှိအနေအထားတစ်ခုမှာ ဒီကားရဲ့ Trailer ကို အွန်လိုင်းမှာ ပရိသတ်က ပြန်ပြီးတော့ စိတ်ဝင်စားမှုတွေ့ရတော့ ကျွန်တော်တို့အတွက် အသစ်တစ်ခုလို၊ လတ်ဆတ်မှုတစ်ခုကို ပြန်ခံစားရတယ်။ နောက်တစ်ခုက ဒီကားရဲ့ဇာတ်လမ်းပုံစံက မပြည့်စုံခင်မှာ အိမ်ထောင်ကျသွားတာကြောင့် ရှုန်းကန်ရတဲ့ လင်မယားနှစ်ယောက်အကြောင်းကို အခြေခံထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်၊ ဘဝတစ်ခု ပြည့်စုံဖို့အတွက်ဆိုရင် ငွေရေးကြေးရေးကလည်း အရေးကြီးသလို ချစ်ခြင်းမေတ္တာကလည်း အရေးပါတယ်ဆိုတာကို အဓိကထည့်သွင်းရိုက်ကူးထားပါတယ်။ ဒီကားက မင်းသားနဲ့ မင်းသမီး ညားထားပြီးသား ဇာတ်လမ်းတစ်ခုကိုမှ ပရိသတ်ကို ဆွဲဆောင်မှုရှိအောင် လုပ်ရတဲ့ဇာတ်လမ်းဖြစ်တော့ ရိုက်ကူးရတဲ့ ဒါရိုက်တာပိုင်းမှာရော ဇာတ်ညွှန်းပိုင်းမှာပါ ခက်ခဲမှု ရှိပါတယ်။

**Voice: တေးရေးဆရာတစ်ယောက်နေရာကနေ ပါဝင်သရုပ်ဆောင်ထားတာဆိုတော့ ဇာတ်ဝင်သီချင်းတွေကို ဝင်ဆိုထားသေးလား။**

**NT:** ဒီကားမှာ ကျွန်တော်က အရင်တုန်းက ကောင်မလေးနဲ့ ပတ်သက်ပြီး ရေးခဲ့တဲ့သီချင်းတစ်ပုဒ်ကိုတော့ ကိုယ်တိုင်ဆိုထားပါတယ်။ တခြားပါတဲ့ သီချင်းတွေကိုတော့ ပြိုင်ပွဲက အဆိုတော်လေးတွေက ဆိုထားတာပါ။ နောက်တစ်ခုက ဒီကားက အိမ်ထောင်ရေးတစ်ခုကို အဓိကအခြေခံထားပေမယ့် သီချင်းရေးဆရာတစ်ယောက်ရဲ့ဘဝအကြောင်းလည်းပါတော့ တေးရေးဆရာတစ်ယောက် အနေနဲ့ အောင်မြင်လာရင်ကြုံတွေ့ရမယ့်အကြောင်းအရာလေးတွေကိုလည်း ထည့်ရိုက်ထားတယ်။ ဥပမာ- သီချင်းတစ်ပုဒ်က အောင်မြင်ပြီဆိုရင် အဲ့ဒီသီချင်းရဲ့နောက်ကွယ်မှာ ဘာတွေရှိတယ်ဆိုတာကိုလည်း ပြထားတယ်။ သီချင်းတစ်ပုဒ်အောင်မြင်ဖို့အတွက် တေးရေးဆရာတစ်ယောက်က ဘယ်လောက်ထိ ရင်ကွဲခံထားရတယ်ဆိုတာကအစ ရိုက်ပြထားတယ်။ သီချင်းတစ်ပုဒ်က တေးရေးဆရာတစ်ယောက်ရဲ့ဘဝတစ်ခုလည်းဖြစ်နိုင်တယ်ဆိုတာမျိုးကိုပြထားတာဆိုတော့ ပရိသတ်တွေအတွက် ရသတစ်မျိုးတော့ ဖြစ်စေမှာပေါ့နော်။

**Voice: 'Rose Rider' ရုပ်ရှင်ကားကလည်း တည်းဖြတ်နေတဲ့ အဆင့်ရောက်နေပြီဆိုတော့ ကိုယ်ကိုယ်တိုင်ပြန်ကြည့်ဖြစ်လား၊ ဇာတ်ကားအပေါ် သုံးသပ်ပေးပါဦး။**

**NT:** ဒီကားရဲ့နာမည်ဖြစ်တဲ့ 'Rose Rider' ဆိုတာက အငြိမ့်ကနေ ဆင်းသက်လာတာပေါ့နော်။ အဲ့ဒါကြောင့် ဒီကားကို တည်ဆောက်တဲ့အချိန်မှာ အငြိမ့်ရဲ့အရသာကို ထည့်ချင်တယ်၊ ဇာတ်ရုပ်တစ်ခုမှာသော်လည်းကောင်း၊ ဇာတ်လမ်းကို ဖွဲ့စည်းတဲ့နေရာမှာသော်လည်းကောင်း ထည့်ချင်တော့ ကိုယ်တွေဖြစ်ချင်တဲ့ ဇာတ်လမ်းပုံစံမျိုးကို အရင်ရွေးခဲ့တယ်။ ကျွန်တော်တို့က ဇာတ်လမ်းတစ်ခုကို ဝယ်ရိုက်တာမျိုး မဟုတ်ဘူးပေါ့နော်။ ဒီကားမှာ ကျွန်တော်ဆိုလည်း DOP အနေနဲ့ပါဝင်တယ်၊ ကိုကြံ့ဆိုလည်း လက်ထောက်ဒါရိုက်တာအနေနဲ့ ပါဝင်တယ်၊ ကိုကျော်ဆိုလည်း Music ဒါရိုက်တာအနေနဲ့ ပါဝင်ထားတယ်၊ ရဲလေးဆိုလည်း ဒီကားထဲမှာပါတဲ့ ဇာတ်ဝင်သီချင်း နှစ်ပုဒ်လောက်ကိုရေးထားတယ်။ အဲ့ဒါကြောင့် ဒီကားကတော့ ထူးခြားမှုတစ်ခု မဟုတ်တစ်ခု ပရိသတ်ကိုပေးနိုင်မယ်လို့တော့ ယုံကြည်ထားပါတယ်။

**Voice: "Rose Rider" ရုပ်ရှင်ကားအပေါ် ကိုယ်ကိုယ်တိုင်က ဘယ်လောက်ထိမျှော်လင့်ထားလဲ။**

**NT:** အမှန်အတိုင်းပြောရရင် ပရိသတ်က ကျွန်တော်တို့ရဲ့ ဓာတ်ပုံတစ်ပုံကို ကြည့်လိုက်ရတဲ့အချိန်မှာသော်လည်းကောင်း၊ အင်တာဗျူးတစ်ခုကို နားထောင်လိုက်ရတဲ့အချိန်မှာသော်လည်းကောင်း ကျွန်တော်တို့လျှို့ ဝှက်ရင် လျှို့ဝှက်ထားသလောက် သူတို့ စိတ်ဝင်စားမှုရှိတယ်၊ ကျွန်တော်တို့ ဖွင့်ဟရင်ဖွင့်ဟသလောက် သူတို့ရဲ့ဉာဏ်နဲ့ စဉ်းစားပြီးတော့မြင်ကြည့်တယ်။ အဲ့ဒါကြောင့် ပရိသတ်တိုင်းမှာ မျှော်လင့်ချက်တွေအများကြီးရှိတယ်။ ကျွန်တော်တို့ ပရိသတ်ဖြစ်ခဲ့တုန်းကလည်း ရှေ့မှာရှိတဲ့ ရုပ်ရှင်ကားတွေ ကြည့်တယ်၊ မဂ္ဂဇင်းတွေက အင်တာဗျူးတွေဖတ်ပြီးတော့ ကားထွက်လာရင် ဘယ်လိုမျိုး ထွက်လာမလဲဆိုပြီး မျှော်လင့်မိတာပဲ။ လက်ရှိမှာတော့ ကျွန်တော်တို့ ရိုက်တဲ့ဇာတ်ကားတွေ၊ ပြောနေတဲ့စကားတွေက ပရိသတ်ကိုကြည့်ချင်လာအောင် ပြောတယ်ဆိုတာထက် ကျွန်တော်တို့လုပ်တဲ့ အလုပ်တစ်ခုအပေါ်မှာ ပရိသတ်အတွက် တန်ဖိုးထားပြီးတော့ လုပ်နေတာပါ။ အဲ့ဒါကြောင့် 'Rose Rider' ရုပ်ရှင်ကားက ကြည့်ရတဲ့အချိန်မှာ ပရိသတ်က မျှော်လင့်ထားတဲ့ မျှော်လင့်ချက်ထက် ကို ပိုပြီးတော့ သာလွန်တဲ့ အနုပညာရသကို ပေးနိုင်တဲ့ကားတစ်ကားဖြစ်အောင် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒီကားကို ၂၀၁၈ ခုနှစ်ထဲမှာ ရုံတင်နိုင်အောင်လည်း ကျွန်တော်တို့ ကြိုးစားနေပါတယ်။

**Voice: လတ်တလောရိုက်ကူးနေတဲ့ 'တိမ်ခိုမိုး' ရုပ်ရှင်ကားမှာ ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ရုပ်ပုံစံကိုလည်း ပြောပြပေးပါဦး။**

**NT:** ဒီကားမှာ ကျွန်တော်က ဆေးကျောင်းသားတစ်ယောက်နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ သူက ကိုယ်နဲ့ ထိစပ်နေတဲ့ အရာမှန်သမျှ၊ သက်ရှိ သက်မဲ့အစုံအပေါ်မှာ အရမ်းကိုခံစားလွယ်တယ်။ သူက ပျော်ရွှင်မှုကို အမြဲတမ်းလိုလားနေတဲ့ လူတစ်ယောက်ပေါ့နော်။ ကိုယ်ကိုယ်တိုင်ပျော်ရွှင်ဖို့ထက် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့လူတွေရဲ့ပျော်ရွှင်မှုကို ပိုလိုလားတဲ့ လူတစ်ယောက်ပုံစံမျိုးပါ။ ဒီကားကတော့ ဆေးကျောင်းတက်နေတဲ့ အချိန်ကာတစ်ခုမှာ ဖြစ်ပျက်ခဲ့တဲ့ တကယ့်အဖြစ်အပျက်တစ်ခုကို အခြေခံထားတဲ့ကားပါ။ ဒီကားရဲ့ဇာတ်လမ်းကိုဖတ်ကြည့်တဲ့အချိန်မှာကတည်းက အနုပညာနဲ့ပတ်သက်ပြီးတော့ ထူးခြားတဲ့ လုပ်ဆောင်ချက်လေးတွေပါတယ်။ နောက်တစ်ခုက တကယ်ကို နှစ်နှစ်ကာကာနဲ့ ရင်ထဲကနေ အသေးစိတ်လုပ်ရမယ့် သရုပ်ဆောင်ခွင့်ရမယ့် ကားတစ်ကား ဖြစ်တာကြောင့် လက်ခံပြီး ရိုက်ကူးဖြစ်တာပါ။

Voice: **ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံပြီး ရိုက်တာဆိုတော့ သရုပ်ဆောင်ရတဲ့ စိတ်ခံစားမှုက ဘယ်လိုရှိလဲ။**

NT: ကျွန်တော်ရိုက်ခဲ့တဲ့ Romance ကားတွေတော်တော်များများရှိခဲ့ပါတယ်။ ဒီကားကတော့ ကျွန်တော်တို့ ပုံမှန်ရိုက်နေကျ Romance ကားတွေနဲ့ မတူဘဲနဲ့ တကယ့်ကို စိတ်အတွင်းထဲကနေမှ ခံစားမှုတွေပါမယ်။ စကားလုံးတွေနဲ့မဟုတ်ဘဲနဲ့ အပြုအမူတွေနဲ့ မေတ္တာတရားကိုဖော်ကျူးတဲ့ကားလေးဖြစ်တော့ ပရိသတ်လည်း ကြိုက်နှစ်သက်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ရိုက်ဖြစ်တာပါ။ ဇာတ်ရုပ်ပိုင်းကတော့ ကျွန်တော်လုပ်ဖူးနေကျဇာတ်ရုပ်ပါပဲ။ ဒါပေမဲ့ စိတ်ခံစားမှုအရကတော့ ခံစားမှုအသစ်၊ သရုပ်ဆောင်မှုအသစ်ပေါ့နော်။



# "မိန်းမတွေ ထက်ထက်မြက်မြက် ဖြစ်လို့ရှိရင် လူ့အဖွဲ့အစည်းက သိပ်လက်မခံချင်တာလေးတွေလည်း တွေ့ရပါတယ်"

**ခရစ္စတီးနားခ်ီနဲ့ တွေ့ဆုံခြင်း**

**သန့်ဇင်ဦး**

**မြန်မာ့ရုပ်ရှင်လောကကို ရိုက်ခတ်စေခဲ့တဲ့ 'ဥပါယ်တံမျဉ်'၊ 'မုဒြာရဲ့ခေါ်သံ' စတဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ရိုက်ကူးခဲ့တဲ့ အမျိုးသမီး ဒါရိုက်တာခရစ္စတီးနားခ်ီကို မြန်မာ့အသိဉာဏ်ပစ္စည်းစောင့်ရှောက်ရေး အဖွဲ့ကနေပြီး 'Women In Innovation And Creativity Award' ချီးမြှင့်ခဲ့ပါတယ်။ ယင်းအကြောင်းနဲ့ ပတ်သက်ပြီး ဒါရိုက်တာ ခရစ္စတီးနားခ်ီကို The Voice က တွေ့ဆုံမေးမြန်းထားပါတယ်။**

**Voice: မြန်မာ့အသိဉာဏ်ပစ္စည်း စောင့်ရှောက်ရေးအဖွဲ့ကနေပြီး 'Women In Innovation And Creativity Award' ချီးမြှင့်ခဲ့တဲ့အပေါ် ဘယ်လို ခံစားရလဲ။**

**CK:** ဒီဆုကိုရခဲ့တဲ့အတွက် အမှန်အတိုင်းပြောရရင် အံ့သြပြီးတော့ ဝမ်းသာမိပါတယ်။ အစ်မတို့ မိန်းမတွေကို အခုလို ဆုချီးမြှင့်ခံရတဲ့အဆင့်မျိုးဆိုတာ ကမ္ဘာပေါ်မှာ ရှားလည်း ရှားပါတယ်။ နောက်တစ်ခုကလည်း အမျိုးသမီး ဒါရိုက်တာ ဆိုတာ ရှားတယ်ပေါ့။ ဟောလိဝုဒ်မှာတောင် လေးရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ မြန်မာနိုင်ငံမှာတောင် အမျိုးသမီး ဒါရိုက်တာဆိုတာ အရမ်း ရှားပါသေးတယ်။ အဲ့ဒါကို အသိအမှတ်ပြုတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**Voice: အစ်မလက်ခံထားတဲ့ အမျိုးသမီးတစ်ယောက်မှာရှိတဲ့ Power က ဘာများဖြစ်မလဲ။**

**CK:** အစ်မတော့ မိန်းမ Power ၊ ယောကျ်ား Power ဆိုပြီး ခွဲခြားဆက်ဆံမှုမျိုး ကိုယ့်ကိုယ်ကိုယ်လည်း မလုပ်ပါဘူး။ အဲ့ဒီလို စိတ်မျိုးလည်း မထားပါဘူး။ ဒါပေမဲ့လည်း မိန်းမတွေ အများစု ခွဲခြားခံနေရတဲ့အပေါ်မှာတော့ အစ်မစိတ်မကောင်းဘူး။ ဒီခွဲခြားမှုကိုလည်း အစ်မ မကြိုက်ဘူး။ မိန်းမပဲဖြစ်ဖြစ် ယောကျ်ားပဲဖြစ်ဖြစ် လုပ်နိုင်တဲ့ အပိုင်းမှာ ကိုယ့်တာဝန်ကိုယ် ကျေတယ်ဆိုရင် တန်းတူပဲ ဖြစ်သင့်တယ်လို့ အစ်မကတော့ မြင်ပါတယ်။

**Voice: မြန်မာ့လူ့အဖွဲ့အစည်းမှာရော အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို ဘယ်လိုသုံးသပ်မိလဲ။**

**CK:** အစ်မတို့ မြန်မာနိုင်ငံမှာတော့ ယဉ်ကျေးမှုကို ထိန်းသိမ်းရင်းကနေ တစ်ခါတလေမှာတော့ ခေတ်နောက်ပြန်ဆွဲ သွား တတ်တဲ့ အရာလေးတွေ ရှိတာပေါ့လေ။ မိန်းမတွေ ထက်ထက်မြက်မြက်ဖြစ်လို့ရှိရင် လူ့အဖွဲ့အစည်းက သိပ်လက်မခံချင်တာလေးတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ယဉ်ကျေးမှု ထိန်းသိမ်းတာနဲ့ ခေတ်နောက်ပြန် ဆွဲတယ်ဆိုတာက မတူပါဘူး။ ယဉ်ကျေးမှုဆိုတာကတော့ မိမိနိုင်ငံရဲ့ယဉ်ကျေးမှု၊ မိမိမွေးဖွားလာရာဇစ်မြစ်ကို သိရမယ်။ ဒါပေမဲ့ ခေတ်ကို လည်း နောက်ပြန်ဆွဲ စရာမလိုပါဘူး။ ခေတ်နဲ့ ရင်ပေါင်တန်းပြီးတော့ မိန်းမတစ်ယောက်အနေနဲ့လည်း ရပ်တည်နိုင်ပါတယ်။

**Voice: ကိုယ့်ကို ဆုချီးမြှင့်ပေးတာက မြန်မာ့ အသိဉာဏ်ပစ္စည်းစောင့်ရှောက်ရေးအဖွဲ့က ဖြစ်နေတော့ မူပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့ရော အနုပညာရှင်တစ်ယောက်အနေနဲ့ ဘယ်လိုသဘောထားရှိလဲ။**

**CK:** အစ်မတို့ကတော့ Intellectual Property ဆိုတာက သူတစ်ပါးရဲ့ ဖန်တီးမှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှုလို့ ခေါ်တာပေါ့။ အထူးသဖြင့် အစ်မတို့အနုပညာသမားတွေကျတော့ စိတ်ထဲက ခံစားရတဲ့အရာက ရင်ထဲကနေ လာရတယ်ပေါ့။ ငိုခြင်း၊ ရယ်ခြင်း၊ တမ်းတခြင်း စတဲ့ ခံစားမှုမျိုးစုံကို ရင်ထဲကနေ အရင်လာပြီး အစ်မတို့ရဲ့ဦးနှောက်က ဆုံးဖြတ်ချက်ချတယ်ပေါ့။ တကယ်တမ်းတော့ အနုပညာဖန်တီးမှုတိုင်းက ထွက်ပေါ်လာဖို့ ခက်ခဲပါတယ်။ လေ့လာဆည်းပူးမှုရှိရတယ်။ အစ်မတို့ရဲ့ရင်ထဲကနေ မွေးဖွားလာတဲ့ အနုပညာတွေကို အသိအမှတ်ပြုသင့်တယ်လို့ ထင်ပါတယ်။ သူတစ်ပါးရဲ့ အနုပညာဆိုတာကို ခွင့်ပြုချက်မရဘဲနဲ့ သွားရောက်ပြီးတော့ ယူဆောင်ပြီးတော့ မိမိရဲ့ ကိုယ်ပိုင်ဖန်တီးမှုသဏ္ဍာန် မလုပ်ဆောင်သင့်ဘူးလို့ အစ်မကတော့ ခံယူထားတယ်။

**Voice: လူငယ်တွေမှာ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်စွမ်းရှိဖို့ဆိုရင် ဘာတွေက အရေးကြီးဆုံး ဖြစ်မယ်ထင်လဲ။**

**CK:** ပထမဆုံး ပညာရေးကိုပဲ စပြီးတော့ ပြောရပါလိမ့်မယ်။ အစ်မကတော့ တီထွင်ဖန်တီးနိုင်တဲ့ စွမ်းအားရှိတဲ့ ပညာရေးစနစ်ကိုပဲ ပြုပြင်ပြောင်းလဲသင့်တယ်လို့ထင်ပါတယ်။ ငယ်စဉ်အခါကတည်းက ဆရာပြောတာကို တိုက်ရိုက် လုပ်ဆောင်တာထက်၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်စွမ်းနဲ့ လုပ်ကြည့်ဖို့ ကြိုးစားစေချင်ပါတယ်။ လူတစ်ယောက်ကို လွတ်လွတ်လက်လပ် ဖန်တီးခွင့်၊ ရေးသားခွင့်တွေ ပေးလိုက်မယ်ဆိုရင်တော့ တီထွင်ဖန်တီးနိုင်စွမ်းတွေ မြင့်တက်လာမှာပါ။ ပညာရေးစနစ်က ပြောင်းရင်တော့ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းအားတွေ ပိုမြင့်လာမှာပါ။

**Voice: မြန်မာနိုင်ငံမှာ မူပိုင်ခွင့် ဥပဒေတွေ အသက်ဝင်လာဖို့ဆိုရင် ဘာတွေ ထပ်ပြီးလုပ်ဆောင်ရမယ်လို့ ထင်လဲ။**

**CK:** မူပိုင်ခွင့် ဥပဒေအတွက် ကြိုးစား အားထုတ်နေတဲ့သူတွေ အများကြီး ရှိပါတယ်။ သူတို့ ကြိုးစားလာတာလည်း နှစ်ပေါင်းများစွာ ကြာနေပြီပေါ့နော်။ ဒါပေမဲ့ ဥပဒေတစ်ခု ချမှတ်တဲ့အချိန်မှာ ကျွန်မတို့က သည်းညည်းခံရပါမယ်။ ဥပဒေတစ်ခုကနေ တစ်ခုကို အပြောင်းအလဲမှာ ချက်ချင်းကိုယ်ဖြစ်ချင်သလို ဖြစ်လို့တော့ မရဘူးပေါ့။ ကျွန်မကတော့ မူပိုင်ခွင့် ဥပဒေဆိုတာကို မတွေးသေးဘဲ ကိုယ့်ကိုယ်ကိုယ် လေးစားမှုလေး အရင်ပေးစေချင်တယ်။ ဥပဒေတစ်ခု ပြောင်းမှ ဥပဒေကနေ ချမှတ်ထားတဲ့ဟာကို လိုက်ပြောင်းစရာမလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ပြောင်းကြည့်မယ် ဆိုရင် မူပိုင်ခွင့်ဥပဒေတောင် ထွက်ပေါ်လာစရာ မလိုဘူးလို့ ထင်ပါတယ်။ အဓိကကတော့ ကိုယ်ချင်းစာတရားပါပဲ။

# 'ကြိုးဝိုင်း' ရုပ်ရှင်ဇာတ်ကားအတွက် ပြင်ဆင်မှုတွေလုပ်နေတဲ့ အောင်ရဲလင်း



ဓာတ်ပုံ- သန့်ဇင်ဦး

**ရန်ကုန်၊ ဧပြီ ၂၂**

ဒါရိုက်တာ ဝင်းထွန်းထွန်းနဲ့ မကြာမီ ရိုက်ကူးမယ့် မြန်မာ့ လက်ဝှေ့ နောက်ခံ 'ကြိုးဝိုင်း' ရုပ်ရှင်ဇာတကား အတွက် လက်ရှိမှာ ပြင်ဆင်မှုတွေ ပြုလုပ်နေကြောင်း နာမည်ကျော် သရုပ်ဆောင် အောင်ရဲလင်းက The Voice ကို ပြောကြားပါတယ်။

"လောလောဆယ်မှာ တော့ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်အတွက် Gym ကို သေချာဆော့ဖြစ်နေပါတယ်။ ကျွန်တော် သရုပ်ဆောင်ရမယ့် ကာရိုက်တာအတွက်ကတော့ ဒါရိုက်တာ ကိုဝင်းထွန်းထွန်းနဲ့ တိုင်ပင်ပြီးတော့ သေချာပြင်ဆင်သွားမှာပါ" လို့ ၎င်းကထပ်လောင်း ပြောဆိုပါတယ်။

မြန်မာ့လက်ဝှေ့ကို အခြေခံ ထားတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် ကိုယ်တိုင်လည်း ရိုက်ရမှာ ရင်ခုန်နေသလို၊ ကြည့်ရတဲ့ ပရိသတ်တွေအတွက်လည်း ထူးခြားမှုရှိမယ်လို့ယုံကြည်ကြောင်း၊ ဇာတ်လမ်းမှာလည်း ပရိသတ်တွေ စိတ်ဝင်စားမယ့် အလှည့်အပြောင်းလေးတွေ အများကြီး ပါဝင်ကြောင်း အောင်ရဲလင်းက ပြောကြားပါတယ်။

"ကျွန်တော် အရင်တုန်းက လက်ဝှေ့ကို အခြေခံတဲ့ ဇာတ်ကားတချို့ရိုက်ဖူးတော့ လက်ဝှေ့ သင်ခဲ့ဖူးပါတယ်။ ကျွန်တော် ကစ်ဘောင်ဆင်တို့၊ တိုက်ကွမ်ဒိုတို့လည်း ဆော့ဖူးတယ်။ မြန်မာ့ လက်ဝှေ့ဆိုရင် သဃ်န်းကျွန်းမှာရှိတဲ့ တကယ့် ကလပ်ထဲမှာ သွားပြီး ကျင့်ဖူးတယ်။အခုရိုက်မယ့် ဇာတ်ကားအတွက်တော့ သေချာပြန်လေ့ကျင့်ရမှာပေါ့" လို့ ၎င်းကဆိုပါတယ်။

ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးမယ့် 'ကြိုးဝိုင်း' ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် ရန်အောင်၊ ရဲမင်းပိုင်၊ အောင်ရဲလင်း၊ သင်ဇာဝင့်ကျော်နဲ့ ခင်ဝင့်ဝါတို့ ပါဝင်ကြမှာ ဖြစ်ပါတယ်။



# ပရိသတ်နှစ်ခြိုက်ခဲ့တဲ့ The Incredibles ဒုတိယဇာတ်လမ်း လာပြီ

၂၀၀၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ The Incredibles ဟာ ဆူပါဟီးရိုး ကာတွန်း ရုပ်ရှင် ဇာတ်လမ်းဖြစ်ပြီး ဇာတ်လမ်းရော၊ လက်ရာရော၊ ဟာသမြောက်မှုတွေရောကြောင့် အောင်မြင်ခဲ့တဲ့ ဇာတ်ကား ဖြစ်ပါတယ်။

ခုတော့ ၁၄ နှစ်ကြာမှ အဆိုပါ ဇာတ်ကားရဲ့ ဒုတိယကား ထပ်ထွက်လာပါတော့မယ်။ The Incredibles 2 ပါ။

ဆူပါဟီးရိုးမိသားစုတစ်စုမှာ ကြုံရတဲ့ အခက်အခဲတွေ၊ အများအကျိုးဆောင်ရွက်ကြပုံ တွေကို ပထမဇာတ်ကားထဲကအတိုင်း ပျော်ရွှင်စရာရသမျိုးစုံနဲ့ ပါဝင်လာမှာ မလွဲပါဘူး။

ဆူပါဟီးရိုးတွေ ဘဝကို ပြန်လည် ခံယူရင်း အလုပ်ထွက်လုပ်ကြတဲ့အခါ အိမ်ထောင်ရှင်မ ဟယ်လင် elastic girl က အလုပ်ထွက်လုပ်ပြီး ဖခင် ဟီးရိုးကြီးက တော့ အိမ်မှာပဲ ကလေးထိန်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါပေမဲ့ သမီးကြီး ကိုယ်ပျောက်မယ်၊ သားအလတ် လျှပ်စီးလူသားလေးနဲ့ အငယ်ဆုံး ကလေး ရုပ်ပြောင်းမီးပါဝါလေးကို ထိန်းရတဲ့ ဖအေကြီးခမျာ ရန်သူတစ်ထောင်နဲ့သာ သက်စွန့်ဆံဖျား နွှဲလိုက်ချင်ပါသေးသတဲ့။

ဒီလိုခက်ခဲတဲ့ကြားက ကမ္ဘာကို တိုက်ခိုက်မယ့် ဗီလိန်ကြီးတစ်ယောက်ကို မိသားစုလိုက် ရင်ဆိုင်ရဖို့ ဖြစ်လာတဲ့အခါ။

Pixar studio က ထုတ်လုပ်ပြီး Walt Disney က ဖြန့်ချိမယ့် ဒီဇာတ်ကားကို ဇွန်လ ထဲမှာ ပရိသတ်တွေ ကြည့်ရှုရတော့မှာပါ။

F-02

# နျူပိုကာဝိုင်းမှာ 'တစ်'ဖဲ ထုတ်ပြလိုက်တဲ့ ကင်ဂျုံအန်း



**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တောင်ကိုရီးယား သမ္မတမွန်ဂျေအင်းတို့နှင့် ထိပ်သီးဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်နေချိန်တွင် သူ့နိုင်ငံသည် နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများ ရပ်ဆိုင်းလိုက်ပြီဟု ရုတ်တရက် ကြေညာလိုက်သည်။**

'မြောက်ကိုရီးယားက နျူကလီးယားဗုံးစမ်းလိုက်ပြန်ပြီ၊ ဒုံးကျည်လွှတ်လိုက်ပြန်ပြီ' ဆိုသော စိတ်ဝင်စားစရာ၊ စိုးရိမ်ဖွယ်ရာသတင်းများ၏အဆုံးသတ်ဟု မျှော်လင့်စရာရှိသော်လည်း သမိုင်းနောက်ခံကို ပြန်ကြည့်လျှင်တော့ အများကြီး မျှော်လင့်ထား၍ မရသေးသည်ကို တွေ့နိုင်မည်ဖြစ်သည်။

ပထမအချက်၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက စမ်းသပ်မှုများရပ်ဆိုင်းလိုက်ပြီး ပွန်ဂျီရီ နျူစမ်းသပ်စခန်းကို ပိတ်ရန် ကြေညာလိုက်ခြင်း၏အကြောင်းပြချက်မှာ သူ့နိုင်ငံအနေနှင့် နျူကလီးယားလက်နက်ကို ကျွမ်းကျင်သွားပြီဖြစ်သောကြောင့် စမ်းသပ်ရန်မလိုတော့ဟု ခံစားမိ၍ဖြစ်နိုင်သည်။ အတည်ပြုရန်ခက်ခဲသော်လည်း နျူလက်နက်ပိုင်နိုင်စွာ ထုတ်လုပ်နိုင်ပြီဆိုသော မြောက်ကိုရီးယား၏ အစောပိုင်းကြေညာချက်များမှာ ဝါကြွားမှုမဟုတ်သည်ကတော့ သေချာသည်။

၁၉၉၈ ခုနှစ်က အိန္ဒိယနှင့် ပါကစ္စတန်တို့ ဆောင်ရွက်ချက်များကို ပြန်ကြည့်နိုင်သည်။ ထိုနှစ်နိုင်ငံသည် နိုင်ငံတကာက ကန့်ကွက်နေသည့်ကြားမှ နျူကလီးယားစမ်းသပ်မှုခြောက်ကြိမ်စီ လုပ်ဆောင်ခဲ့ကြသည်။ အောင်မြင်သွားပြီးနောက်ပိုင်းတွင်တော့ နောက်ထပ်မစမ်းသပ်ကြတော့ဘဲ နျူလက်နက်နိုင်ငံများ အသင်းဝင်အဖြစ် ခပ်တည်တည်နေနိုင်သွားကြသည်။

မြောက်ကိုရီးယားသည်လည်း ခြောက်ကြိမ်လောက် စမ်းသပ်အပြီးမှာ နျူလက်နက်ဒီဇိုင်းနှင့်ပတ်သက်၍ ဆက်လက်လေ့လာရဖွယ်ရှိသော်လည်း ထပ်စမ်းစရာလိုတော့မည်မဟုတ်ပေ။

## မြို့ဖျက်ဗုံး ရပြီ

ပေါက်ကွဲထိမှန်နိုင်သော အကျယ်အဝန်းအရ ပြောလျှင် ၂၀၁၆ နှင့် ၂၀၁၇ မြောက်ကိုရီးယား၏ ပဉ္စမနှင့် ဆဋ္ဌမမြောက် နျူကလီးယားစမ်းသပ်မှုများသည် အရေးပါသော မှတ်ကျောက်များဖြစ်သည်။ ၂၀၁၆ စက်တင်ဘာစမ်းသပ်မှုတွင် တာတို၊ တာလတ်၊ တာဝေးမှသည် တိုက်ချင်းပစ်ဒုံးကျည်အထိ ဒုံးကျည်အမျိုးမျိုးတွင် တပ်ဆင်နိုင်သည့် စံမီကျစ်လျစ်သော နျူကလီးယားထိပ်ဖူး စမ်းသပ်မှုပါဝင်ခဲ့သည်။

အဆိုပါလက်နက်များ၏ ပေါက်ကွဲဖျက်ဆီးနိုင်စွမ်းသည် ဒုတိယကမ္ဘာစစ် နောက်ဆုံးရက်ပိုင်းအတွင်း နာဂါဆာကီတွင် အမေရိကန်ကြဲချခဲ့သော နျူကလီးယားဗုံး၏ သုံးပုံ နှစ်ပုံမျှသာရှိသည်။ သို့သော်လည်း မြောက်ကိုရီးယား၏ ရည်ရွယ်ချက်အတွက်တော့ လုံလောက်သည့်အရွယ်အစားဟု ဆိုနိုင်သည်။

မြောက်ကိုရီးယား၏ နောက်ဆုံးစမ်းသပ်မှုမှာ ပိုမိုအားကောင်းကျယ်ပြန့်စွာ ပေါက်ကွဲနိုင်သည့် နျူကလီးယားဗုံးများ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သရုပ်ပြခြင်းဖြစ်ပြီး ပိုအရေးကြီးသည့် စွမ်းရည်ဖြစ်သည်။

မြောက်ကိုရီးယားသည် ၎င်းတို့ ကြေညာသလို သာမိုနျူကလီးယားဗုံးတစ်လုံး ထုတ်နိုင်သည်အထိ အစွမ်းရှိ၊ မရှိကို ပညာရှင်များ၊ ထောက်လှမ်းရေးများအကြား အငြင်းပွားနေကြသော်လည်း မြောက်ကိုရီးယားသည် မြို့တစ်မြို့စာ ပျံ့နှံ့ပေါက်ကွဲနိုင်သည့် ဗုံးမျိုးထုတ်နိုင်ပြီဆိုသော အချက်ကိုတော့ တစ်ကမ္ဘာလုံး လက်ခံထားကြသည်။

မကြာသေးမီက ကင်ဂျုံအန်း၏ တရုတ်ပြည် ခရီးစဉ်သည် အင်အားပြမှုဟု ဆိုနိုင်သည်။ ပြည်တွင်းတွင် အာဏာခိုင်ခိုင်မာမာ ထိန်းချုပ်ထားနိုင်ပြီဖြစ်သောကြောင့် ပြည်ပနိုင်ငံများသို့ နောက်ဆံမတင်းဘဲ ခရီးထွက်နိုင်ပြီဆိုသည့်အချက်ကို သက်သေပြခြင်းဖြစ်သလို နျူကလီးယားမစမ်းသပ်တော့ဟု ပြောခြင်းသည်လည်း စမ်းစရာမလိုတော့ ဆိုသော ယုံကြည်မှုကို ပြသခြင်းဖြစ်သည်။

## ဗုံးထက် ဒုံးက ပြဿနာ

ဒုံးကျည်နှင့်ပတ်သက်လာလျှင်တော့ ကင်ဂျုံအန်းက တိုက်ချင်းပစ်ဒုံးကျည် (ICBM) များ ထပ်မစမ်းတော့ဟု ကြေညာလိုက်သည်။ ယင်းရွှေ့ကွက်ကတော့ အံ့သြစရာပိုကောင်းသည်။

မြောက်ကိုရီးယားသည် အမေရိကန်ကုန်းမကြီးအထိ နျူကလီးယားထိပ်ဖူးတပ်ပစ်လွှတ်နိုင်သော ဒုံးကျည်မျိုး သုံးခါသာ စမ်းသပ်ခဲ့သည်။ ယင်းစမ်းသပ်မှုတစ်ခုတွင်မျှ နျူကလီးယားတိုက်ခိုက်မှုအတွက် လိုအပ်သော ဒုံးကျည်သွားလမ်းအတိုင်း ဒုံးကျည်တစ်စင်းကို ပစ်ပြခြင်းမျိုး မပါဝင်ခဲ့။ မြောက်ကိုရီးယားသာ အမှန်တကယ် အမေရိကန်ကုန်းမကြီးကို ဒုံးကျည်ဖြင့် ပစ်လိုပါက နောက်ထပ် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ လိုအပ်နေသည်က အမှန်ပင်ဖြစ်သည်။

သို့သော်လည်း မြောက်ကိုရီးယားတွင် အခြားအစီအစဉ်များရှိပုံရသည်။ ဥပမာအားဖြင့် သူတို့ထံတွင် အမေရိကန်ကို သဘောတရားအရ ခြိမ်းခြောက်ရန် လိုအပ်သည့်အရာအားလုံး ကျွမ်းကျင်သွားသည့်တိုင် သူ့ဒုံးကျည်တပ်ဖွဲ့အတွက် ဒုံးလွှတ်စင် (missile launcher) အနည်းငယ်သာရှိသည်။

လက်ရှိတွင် မြောက်ကိုရီးယား၌ အလွန်ဆုံး တိုက်ချင်းပစ် ဒုံးကျည်လွှတ်စင် ခြောက်ခုထက် မပို။

၂၀၁၈ နှစ်သစ်ကူး မိန့်ခွန်းတွင် ကင်ဂျုံအန်းက သူ၏ နျူကလီးယားတပ်မဟာ ပြည့်စုံပြီဟု ကြေညာခဲ့သော်လည်း တိုက်ချင်းပစ်ဒုံးကျည်များ ထပ်တိုးထုတ်လုပ်ရန်နှင့် နျူကလီးယားကွပ်ကဲထိန်းချုပ်ရေးစနစ်များ အဆင့်မြှင့်ရန် လိုအပ်နေဆဲဖြစ်သည်ဟု အများလက်ခံထားသည်။ သို့ဖြစ်ရာ နျူကလီးယား ထပ်မစမ်းရခြင်းသည် အကြောင်းမဟုတ်တော့လည်း တိုက်ချင်းပစ်ဒုံးကျည်ထပ်မစမ်းတော့ဟု ကြေညာလိုက်ခြင်းမှာမူ အံ့သြစရာကိစ္စဖြစ်လာသည်။

နျူကလီးယားမစမ်းတော့ ဆိုသည့်ကိစ္စသည် ပွန်ဂျီရီနျူကလီးယားစမ်းသပ်စခန်းမှ လုပ်ရပ်များဖြင့် သက်သေပြ၍ရသည်။ ဥပမာအားဖြင့် မြောက်ကိုရီးယားသည် စမ်းသပ်ဥမင်များကို ဖြိုဖျက်ပြနိုင်သည်။ ဧပြီလ ၂၂ ရက်နေ့ ထုတ်ပြန်ချက်တွင်တော့ စခန်းရှိ ပစ္စည်းကိရိယာများ ဖြုတ်သိမ်းသည်ဟုသာ ပါရှိသည်။

သို့သော်လည်း တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု မလုပ်တော့ ဆိုသည့်ကိစ္စကျတော့ ချိုးဖောက်ရလွယ်ကူသည်။ မြောက်ကိုရီးယားလက်ထဲမှာ ဒီဒုံးကျည်တွေ ရှိနေသမျှ အလွယ်တကူ စမ်းသပ်၍ရသည်။ ၁၉၉၉ တွင် မြောက်ကိုရီးယားက ဒုံးကျည်မစမ်းတော့ပါဟု ကတိပြုခဲ့သော်လည်း ၂၀၀၆ မှာ ပြန်လည်ချိုးဖောက်ခဲ့သည့်သာဓကရှိသည်။

ယခုကဲ့သို့ စမ်းသပ်မှုများ ရပ်ဆိုင်းသည့် ကြေညာချက်အပြင် ကင်ဂျုံအန်းသည် သူ၏နိုင်ငံလုံးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအကြောင်းကိုပါ ကြေညာသွားခဲ့သည်။ ဖွံ့ဖြိုးလမ်းစဉ်ဟု၍ ခေါ်သော စီမံကိန်းမှာ ပိုမိုသာယာဝပြောသော စီးပွားရေးနှင့် နိုင်ငံတော် နျူကလီးယားအင်အားစုကို တစ်ပြိုင်နက်ဖွံ့ဖြိုးရေးဟု အကျဉ်းရုံးပြောနိုင်သည်။

နျူကလီးယားစမ်းသပ်မှုများ ရပ်ဆိုင်းလိုက်ပြီးနောက် အားကောင်းသော ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်ရန်နှင့် ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးကိုသာ အာရုံစိုက်သွားတော့မည်ဟုလည်း ကင်ဂျုံအန်းက ကြေညာခဲ့သည်။ ယင်းအချက်၏ ဆိုလိုရင်းမှာ ယခုကဲ့သို့ နျူစမ်းသပ်မှုရပ်ဆိုင်းခြင်းဖြင့် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့၊ ဖယ်ရှားပေးရန် တောင်းဆိုတော့မည့်သဘောဖြစ်သည်။

## ဆွေးနွေးပွဲသည် ဆုလာဘ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့မှသာ နျူကလီးယားနှင့် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်မှုများ ရပ်ဆိုင်းခြင်းဆိုသော ဖဲချပ်ကို ချမပြဘဲ အဘယ့်ကြောင့် ကြိုပြီး ချပြခဲ့ပါသနည်း။ အဖြေက ရှင်းပါသည်။ အမေရိကန်သမ္မတတစ်ဦးနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခွင့်ရသည်ဆိုခြင်းကိုယ်က ဆုလာဘ်တစ်ခု ဖြစ်နေသည်။ သူ့အဘိုး၊ သူ့အဖေ မလုပ်နိုင်ခဲ့သော သံတမန်ရေး ရှိုးပွဲကြီးတစ်ခုကို သူ ကျင်းပခွင့်ရခဲ့ခြင်းကသည်ပင် အောင်မြင်မှုကြီးဖြစ်သည်။

နျူကလီးယားစမ်းသပ်စခန်းကြီးကို ဖြိုဖျက်ပြရဦး၊ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ ရပ်တန့်လိုက်ရစေဦးတော့၊ အမေရိကန်သမ္မတနှင့် တစ်စားပွဲတည်းထိုင်ပြီး နျူလက်နက်နိုင်ငံ့ ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်အပြုခံရလျှင် ထိုက်တန်သော ရင်းနှီးမှုဟု ဆိုရမည်ဖြစ်သည်။ ၂၂ ရက်နေ့ ကြေညာချက်ကို သေချာဖတ်လျှင် နျူဖျက်သိမ်းရေးဆိုသော စာသား တစ်လုံးတစ်ပါဒမှ မပါဝင်သည်ကို တွေ့နိုင်သည်။

အရှင်းဆုံးပြောရလျှင် မြောက်ကိုရီးယားခေါင်းဆောင်သည် သူ့အစိုးရ ရှင်ကျန်ရေးအတွက် အာမခံချက်ဖြစ်သော နျူကလီးယားလက်နက်များကို စွန့်လွှတ်ရန် ဆန္ဒလုံးဝမရှိဘဲ နှစ်ဦးမိန့်ခွန်းတွင် ပြောခဲ့သလို တာဝန်ယူတတ်သော နျူလက်နက်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံရရေး ကြိုးပမ်းမှုသာဖြစ်သည်။

အမေရိကန်နှင့် အနောက်ကမ္ဘာက မြောက်ကိုရီးယားကို နျူလက်နက်နိုင်ငံအဖြစ် အသာတကြည် လက်ခံပေးပါမည်လား။ ဒီမေးခွန်းကတော့ အနောက်ခေါင်းဆောင်များ ဖြေဆိုရမည့်ကိစ္စဖြစ်သည်။

ကင်ဂျုံအန်းဘက်ကတော့ တစ်ဖဲကို ချခင်းပြလိုက်သည်။ ဉာဏ်နီဉာဏ်နက်မျိုးစုံဖြင့် ကိုယ်ကျိုးစီးပွားကို အဓိကထားကစားကြသော နျူကလီးယားပိုကာဝိုင်းသည် မထင်မှတ်ဘဲ ပွဲကောင်းလာပြီဟု ဆိုရမည်ဖြစ်ပေသည်။

■ F-03

Ref : BBC, Why has Kim Jung-Un Halt North Korea tests now?

# ဒီမိုကရက်တစ်ပါတီက ရုရှား၊ ထရမ့်မဲဆွယ်အဖွဲ့နှင့် ဝီကီလိခ်ကို တရားစွဲ

**ဝါရှင်တန်၊ ဧပြီ ၂၂**

၂၀၁၆ သမ္မတရွေးကောက်ပွဲကို နှောင့်ယှက်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြင့် ရုရှား၊ ထရမ့်မဲဆွယ်အဖွဲ့နှင့် ဖော်ကောင်ဝက်ဘ်ဆိုက်ဒ် ဝီကီလိဒ်တို့ကို အမေရိကန် ဒီမိုကရက်တစ်ပါတီက တရားစွဲဆိုလိုက်ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ထရမ့်မဲဆွယ်အဖွဲ့သည် ရွေးကောက်ပွဲအနိုင်ရရေးအတွက် ရုရှားအကူအညီကို ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီက စွဲချက်တင်ထားသည်။

သမ္မတဒေါ်နယ်ထရမ့်ကမူ ပတ်သက်မှုရှိသည်ဆိုသောစွဲချက်များကို ထပ်တလဲလဲငြင်းဆိုထားသလို ရုရှားကလည်း ငြင်းဆိုထားသည်။

ဒီမိုကရက်တစ်ပါတီ၏ တရားစွဲဆိုမှုသည် အကျိုးမရှိဘဲပယ်ချခံရမည်သာဖြစ်ကြောင်း ထရမ့်မဲဆွယ်အဖွဲ့က တုံ့ပြန်ထားသည်။

“၂၀၁၆ သမ္မတရွေးကောက်ပွဲတွင် ပြည်သူတို့၏ ဆန္ဒကိုတန်ပြန်ရန် ကြိုးစားနေသည့် ဒေဝါလီခံလုနီးပါး ဒီမိုကရက်တစ်ပါတီ၏ ဤအနှစ်မရှိသည့်တရားစွဲဆိုမှုသည် အခြေအမြစ်မရှိသည့် ရုရှားပတ်သက်သည်ဆိုသော စွဲချက်များအတွက် အထောက်အပံ့ ရလိုရငြားနောက်ဆုံးအားထုတ်မှုမျှသာဖြစ်သည်” ဟု ထရမ့်မဲဆွယ်အဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ဝေဖန်ခဲ့သည်။

ရုရှားသည် ရွေးကောက်ပွဲတွင် ထရမ့်အသာရစေရန် ကူညီခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေး အေဂျင်စီများက သုံးသပ်ထားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

ယခုကဲ့သို့ တရားစွဲဆိုခြင်းဖြင့် အခြားစုံစမ်းစစ်ဆေးမှုများတွင် မဖော်ထုတ်နိုင်သေးသည့် ကိစ္စများကိုအသစ်ဖော်ထုတ်ပေးနိုင်ဖွယ်ရာ မရှိသော်လည်း ယင်းကိစ္စကို အများပြည်သူအာရုံစိုက်မှုဆက်ရှိစေရန်အတွက်မူ အထောက်အကူရစေနိုင်ကြောင်း BBC ၏ ဝါရှင်တန်သတင်းထောက် နစ်ဘရိုင်ယန့်က သုံးသပ်ထားသည်။

မင်ဟက်တန်ရှိပြည်ထောင်စုတရားရုံးတစ်ရုံးတွင် စွဲဆိုသောအဆိုပါအမှုတွင် ထရမ့်၏ အဓိကလက်ရုံးများဖြစ်သော သမက်ဖြစ်သူ ဂျရက်ကုရှ်နာ၊ မဟာဗျူဟာမှူး ရော်ဂျာစတုန်း၊ မဲဆွယ်အဖွဲ့ ဥက္ကဋ္ဌ ပေါလ်မာနာဖို့ဒ်တို့ကို အမည်တပ်စွဲဆိုထားသလို ဝီကီလိခ် တည်ထောင်သူ ဂျူလီယန်အဆန်ဂ်ကိုပါ ထည့်စွဲထားသည်။

ဒီမိုကရက်တစ်ပါတီ ကွန်ပျူတာဆာဗာများကို ဖောက်ထွင်း၊ ဖွင့်ချမှုနှင့်ပတ်သက်ပြီး ဝီကီလိခ်ကို ထည့်စွဲခဲ့ခြင်းဖြစ်သည်။

ပုံမှန်အားဖြင့် ပြည်ပနိုင်ငံများကို အမေရိကန်တွင်တရားစွဲခြင်းမှကင်းလွတ်ခွင့်ပေးထားသော်လည်း ယခုကိစ္စတွင် ရုရှားက အမေရိကန်ပြည်တွင်းရေးကို ဝင်စွက်ခြင်းဖြစ်သောကြောင့် စွဲဆိုခွင့်ရှိသည်ဟု ဒီမိုကရက်တစ်ပါတီက သုံးသပ်ထားသည်။

၂၀၁၆ မေတွင် ဒီမိုကရက်တစ်ပါတီကို ဟက်ကာများက ပစ်မှတ်ထားနေကြောင်း သတင်းစ ထွက်လာခဲ့သည်။ နောက်ပိုင်းတွင် ရုရှားဟက်ကာများ၏ ဖောက်ထွင်းမှုဟုအမေရိကန် ထောက်လှမ်းရေးများက ကောက်ချက်ဆွဲခဲ့သည်။

၂၀၁၆ ဇူလိုင် ဒီမိုကရက်တစ်ပါတီ နိုင်ငံလုံးဆိုင်ရာညီလာခံမတိုင်မီတွင် ဟက်ကာများ ဖောက်ထွင်းရယူထားသော ဒီမိုကရက်တို့၏ ရုံးတွင်းအီးမေးလ်များကို ဝီကီလိခ်က ဖွင့်ချခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့ကအက်ဖ်ဘီအိုင် ဒါရိုက်တာဟောင်း ဂျိမ်းစ်ကမ်မေးက ထရမ့်နှင့် ပြောဆိုဆွေးနွေးမှု မှတ်တမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထရမ့်က သူ၏အမျိုးသားလုံခြုံရေးအကြံပေး မိုက်ကယ်ဖလင်းနှင့် ရုရှားတို့ အကြားဆက်စပ်မှုများအပေါ် စုံစမ်းစစ်ဆေးနေခြင်းအား ရပ်ဆိုင်းရန် ကမ်မေးကို တိုက်တွန်းခဲ့သည်ဟု ယင်းမှတ်တမ်းတွင် ရေးသားထားသည်။

၂၀၁၆ သမ္မတရွေးကောက်ပွဲအတွင်း ရုရှားစွက်ဖက်မှုကို စုံစမ်းစစ်ဆေးခဲ့သည့် ကမ်မေးကို ထရမ့်က ရာထူးမှ ထုတ်ပယ်ခဲ့သည်။ ■ F-03






## ဆီးရီးယား ဓာတ်ငွေ့တိုက်ခိုက်မှုဖြစ်ပွားသောနေရာမှ နမူနာများကို ကျွမ်းကျင်စစ်ဆေးသူများ စုဆောင်း

**ဒမတ်စကတ် ဧပြီ ၂၂**

နိုင်ငံတကာဓာတုလက်နက် တားမြစ်ရေးအဖွဲ့ OPCW မှ စုံစမ်းစစ်ဆေးရေးမှူးများသည် ဆီးရီးယားတွင် လွန်ခဲ့သော နှစ်ပတ်က ဓာတ်ငွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု သံသယရှိသောနေရာမှ နမူနာများကို စနေနေ့က စုဆောင်းခဲ့ကြသည်ဟု AFP သတင်းတွင် ဖော်ပြသည်။

ဧပြီ ၇ ရက်က ဒူးမာမြို့တွင် ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်ခံရမှု ပုံရိပ်များသည် တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့ပြီး ဆီးရီးယားစစ်ဘက်အပေါ် အနောက်အုပ်စု၏မကြုံစဖူး ထိုးနှက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

အနောက်အုပ်စု၏ ပူးတွဲဒုံးကျည်တိုက်ခိုက်မှုများအပြီး နာရီပိုင်းအတွင်း တိုင်ကြားမှုများကို စစ်ဆေးရန် OPCW မှ ကျွမ်းကျင်အဖွဲ့ ရောက်ရှိခဲ့သော်လည်း ဓာတုလက်နက်တိုက်ခိုက်မှုအပြီး သူပုန်များလက်မှ ဆီးရီးယား-ရုရှား ပူးပေါင်းအဖွဲ့လက်သို့ ကျရောက်သွားခဲ့သော ဒူမာမြို့ထဲသို့ ဝင်ရောက်ခွင့်မရခဲ့ကြပေ။

ကုလလုံခြုံရေးအဖွဲ့သည် ဘေးကင်းမှုအခြေအနေ စစ်ဆေးရန် အင်္ဂါနေ့က ဒူမာသို့ဝင်ရောက်ခဲ့သော်လည်း ပေါက်ကွဲမှုများ၊ ပစ်ခတ်မှုများကြောင့် ပြန်ဆုတ်လာခဲ့ရသည်။

စုံစမ်းစစ်ဆေးသူများသည် စနေနေ့ကျမှ အထောက်အထား နမူနာများကို ပထမဆုံးအကြိမ် စတင်ကောက်ယူနိုင်ခဲ့သည်ဟု OPCW က ပြောကြားသည်။

စုဆောင်းရရှိသော အထောက်အထားများကို ရစ်စဝစ်ရှိ OPCW ဓာတ်ခွဲခန်းသို့ ဦးစွာပို့ဆောင်ပြီးနောက် ပိုင်းခြားဆန်းစစ်ရန်အတွက် သီးသန့်ဓာတ်ခွဲခန်းများသို့ ဖြန့်ဝေပို့ဆောင်မည်ဟု OPCW က ပြောကြားသည်။

OPCW အနေနှင့် တရားမျှတသော စုံစမ်းစစ်ဆေးမှု ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရုရှားနိုင်ငံခြားရေးဌာနက အစောပိုင်းက ကြေညာချက်ထုတ်ပြန်သည်။

အာဆတ်အစိုးရကလည်း ဓာတုအဆိပ်သုံးစွဲခြင်းမရှိဟု အကြိမ်ကြိမ် ငြင်းဆိုခဲ့ပြီး အနောက်အုပ်စုက ဆီးရီးယားကို ဖုံးကြဲရန် အကြောင်းပြချက်တစ်ခု တည်ဆောက်နေခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။ ■ F-04

## ဟစ်တလာ၏ မွေးနေ့တွင် ဂျာမနီရှိခေတ်သစ်နာဇီများ ရော့ခ်ဂီတပွဲကျင်းပ

**ဘာလင်၊ ဧပြီ ၂၂**

ပြီးခဲ့သည့်သောကြာနေ့က စစ်ရာဇဝတ်ကောင် အဒေါ့ဖ်ဟစ်တလာ၏ မွေးနေ့ဖြစ်ရာ ဂျာမနီအရှေ့ပိုင်းတွင် ရာပေါင်းများစွာသော ခေတ်သစ်နာဇီများ စုဝေးကာ ရော့ခ်ဂီတပွဲတော်ပြုလုပ်ခဲ့ကြောင်း Reuters သတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

ယင်းလုပ်ရပ်ကို ကန့်ကွက်သည့် အနေနှင့် ဒေသခံများက ငြိမ်းချမ်းရေးပွဲတော်တစ်ခုပြုလုပ်ခဲ့ကာ တန်ပြန်စုဝေးခဲ့ကြသည်။

လက်ယာစွန်းအဖွဲ့အစည်း( Shield and Sword ဒိုင်းနဲ့ဓားရှည်) ဆိုသည့် အဖွဲ့အစည်း ပိုလန်နယ်စပ် အော့စရစ်ဇ်မြို့ဘက်တွင် ၂ ရက်တိုင်တိုင် ရော့ခ်ဂီတပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဟစ်တလာကို ၁၈၈၉ ခုနှစ်ကဧပြီလ ၂၀ ရက်နေ့တွင် ဩစတြီးရီးယား၌ မွေးဖွားခဲ့သည်။

လက်ယာစွန်းအဖွဲ့သည် အဆိုပါ ရော့ခ်ပွဲတော်တွင် ဟစ်တလာကိုတို့ချစ်သည်ဟု ရေးထားသောတီရှပ်များ ရောင်းချခဲ့ပြီး ကစားစရာတင့်ကားများကိုလည်း ရန်ပုံငွေရောင်းချခဲ့သေးသည်။

ဂျာမနီသို့ ဒုက္ခသည် သန်းဝက်ခန့် ဝင်ရောက်လာသည့် ကိစ္စအပေါ်ကိုလည်း နီယိုနာဇီများက ကန့်ကွက်သည့် စာသားများလည်း ရေးသားထားသည်။

လက်ယာစွန်းပါတီအမျိုးသားဒီမိုကရက်တစ်ပါတီကလည်း အဆိုပါ ဂီတပွဲတွင် လာရောက်ပူးပေါင်းခဲ့သည်။

‘ဒုက္ခသည်စခန်းများထက် မူကြိုကျောင်းတွေ များများဖွင့်ဖို့ လိုပါသည်’ ဟူသောစာသားကိုလည်း ရေးသားစိုက်ထူထားသည်။

ဂီတပွဲတော်အနီးနားရှိ လမ်းများ၊ ဘူတာရုံများကို ရဲများက စောင့်ကြပ်နေကြပြီး စစ်ဆေးလျက်ရှိသည်။ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဟစ်တလာပုံစံအလေးပြုမှုဖြင့် ဖမ်းဆီးထားသည်။

ဂျာမနီကို ၁၉၃၃ မှ ၁၉၄၅ ခုနှစ်အထိ အုပ်စိုးခဲ့သော နာဇီပါတီနှင့် ဟစ်တလာနှင့် ဆက်စပ်သောသင်္ကေတများ၊ နာဇီပုံစံအလေးပြုမှုများ၊ အမုန်းစကားဖြန့်ချိမှုများကို ဥပဒေဖြင့် တင်းကျပ်စွာတားမြစ်ထားသည်။ ■ F-02




နာဇီပုံစံအလေးပြုမှုဖြင့် အမျိုးသားတစ်ဦးကို ဖမ်းဆီးထားသည်

## မှုခင်းသတင်းတိုများ

■ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ ကမ်းနားလမ်းပေါ်တွင် ဧပြီလ ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်က အသက် ၅၆ နှစ်အရွယ် အမျိုးသားတစ်ဦး အစာရေစာပြတ်လပ်ပြီး အားအင်ချည့်နဲ့သည့် လက္ခဏာဖြင့် ပြင်ပဒဏ်ရာ မတွေ့ရဘဲ သေဆုံးနေသည်ကိုတွေ့ရှိသဖြင့် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ကြည့်မြင်တိုင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပန်းခြံလမ်းပေါ်တွင် ဧပြီလ ၂၁ ရက် နံနက် ၄ နာရီခန့်က လက်တွန်းလှည်းတစ်စီးဖြင့် မသင်္ကာဖွယ်ရာ တွေ့ရှိသူ အသက် ၁၉ နှစ်မှ ၃၅ နှစ်ကြားရှိ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးကို စစ်ဆေးမေးမြန်းရာ လက်တွန်းလှည်းပေါ်ပါ ကားရှော့ဘားသုံးစုံ၊ ပလတ်စတစ်ခုံ ၅ လုံးနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာ တင်ပြပြောဆိုနိုင်ခြင်း မရှိဟုဆိုသဖြင့် ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သံသုမာလမ်းအတိုင်း မြောက်ဥက္ကလာပမြို့နယ်ဘက်မှ မရမ်းကုန်းမြို့နယ်ဘက်သို့ မောင်းနှင်လာသော ကိုယ်ပိုင်ယာဉ်တစ်စီးသည် ဧပြီလ ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်က အမှတ် ၄၃၅ တပ်ဝင်းရှေ့အရောက် ညာဘက်ရှေ့ဘီးပေါက်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ အငှားယာဉ်တစ်စီးကို တိုက်မိရာ လူခြောက်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သည်ဟုဆိုသော အသက် ၃၀ အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၇၉/၃၃၇ ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၆၅)ရပ်ကွက်၊ ပုလဲကန်လမ်းမပေါ်တွင် ဧပြီလ ၂၁ ရက် နံနက်၁၁ နာရီခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ Samsung အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာ တင်ပြပြောဆိုနိုင်ခြင်းမရှိသဖြင့် ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၉၈)ရပ်ကွက်၊ ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ဒိုင်နာအဖြူရောင်ယာဉ်တစ်စီးသည် ဧပြီလ ၂၁ ရက် နံနက် ၉ နာရီခွဲခန့်က ရန်ကုန်ကွန်ကရစ်စက်ရုံရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းတွင်း ထိုးကျခဲ့ရာ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အသက် ၁၉ နှစ်မှ ၆၂ နှစ်ကြားရှိ အမျိုးသား ၅ ဦးထိခိုက်ပေါက်ပြဲဒဏ်ရာများ ရရှိကာ ယင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး သို့ တင်ပို့ကုသခဲ့ရသည်။

■ J 16



## ဖွဲမီးဖိုဖြင့် ရေနွေးအိုးတည်ရာ နေအိမ်သုံးလုံး မီးလောင်

**ရန်ကုန်၊ ဧပြီ ၂၂**

ကော့မှူးမြို့နယ်၊ သမင်ခြံကျေးရွာ၊ သရက်တောလမ်းတွင် ဧပြီလ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ဖွဲမီးဖိုဖြင့် ရေနွေးအိုး တည်ရာက စတင်မီးလောင်ခဲ့ပြီးနေအိမ်သုံးလုံး ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

ယင်းမီးလောင်မှုကြောင့် အလျား ၁၈ ပေ၊ အနံ ၁၄ ပေရှိ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ်နှစ်လုံး၊ အလျား ၁၈ ပေ၊ အနံ ၁၂ ပေခန့်ရှိ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံးတို့ ဆုံးရှုံးခဲ့ခြင်းဖြစ်ပြီး မီးလောင်ရာသို့ မီးငြှိမ်းသတ်ယာဉ် လေးစီးဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀ ကျော်မှ ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာ ငြှိမ်းသတ်ခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

"မီးစလောင်တဲ့အချိန်က အိမ်မှာ စိတ်ဝေဒနာ အဘွားအိုတစ်ဦးတည်းရှိတာ၊ သူက ဖွဲမီးဖိုနဲ့ရေနွေးအိုးတည်ရင်း နေအိမ်ထရံကို ကူးစက်လောင်တာလို့ သိရတယ်။ အဲဒီကနေမှ ဘေးအိမ်တွေ ကူးစက်သွားတာ။ အိမ်တွေက ဓနိမိုး၊ ဝါးထရံကာတွေဖြစ်တဲ့အပြင် နေ့လယ်အချိန်လောင်တာဆိုတော့ မီးလောင်အားတော်တော်များတယ်။ မီးပေါ့ဆစွာ သုံးစွဲသူကို ဝါးဘလောက်နယ်မြေရဲစခန်းမှာ အမှုဖွင့်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ ယင်းနေ့ နံနက် ၂ နာရီ ၅၅ မိနစ်ခန့်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၈၉) ရပ်ကွက်၊ စက်မှုဇုန် (၂)၊ ကနောင်မင်းသားကြီးလမ်းရှိ အလျား ပေ ၁၀၀၊ အနံ ပေ ၆၀ ခန့်အကျယ်အဝန်းရှိ မွေ့ရာစက်ရုံတွင် မွေ့ရာပြုလုပ်ရန် ဖော့တုံးများအား ပုံစံသွင်းပြုလုပ်သည့် ဂိုဒေါင်မှ စတင် မီးလောင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ မီးငြှိမ်းသတ်ယာဉ် ၂၄ စီး၊ ရေသယ်ယာဉ် ၆ စီး၊ ထောက်ကူပြုယာဉ် ၇ စီး၊ မိတ်ဖက်ယာဉ် ၃ စီး၊ ကွပ်ကဲမှုယာဉ် ၉ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ခန့်မှ ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့ရာ ၁ နာရီ ၂၅ မိနစ်ခန့်အကြာ ငြှိမ်းသတ်ခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ သိရ သည်။

■ J-16

## အသက် ၁၅ နှစ်အရွယ် မိန်းကလေးအား သားမယားပြုကျင့်သူကို တရားစွဲ

**ရန်ကုန်၊ ဧပြီ ၂၂**

အသက် ၁၅ နှစ်အရွယ် မိန်းကလေးအား လက်ထပ်ပေါင်းသင်းယူမည်ဟု ပြောဆိုစည်းရုံးကာ တည်းခိုခန်းသို့ ခေါ်ဆောင်ပြီး သားမယားပြုကျင့်ကာ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တစ်ယောက်တည်းစွန့်ပစ်ထားခဲ့သူ အသက် ၂၄ နှစ်အရွယ် အမျိုးသားကို ဧပြီလ ၂၀ ရက်မွန်းလွဲပိုင်းက အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုထားကြောင်း စုံစမ်းသိရသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၁၆၈) ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၄ နှစ်အရွယ် အမျိုးသားသည် မတ်လ ၁ ရက် ညနေပိုင်းက သင်္ဃန်းကျွန်းမြို့နယ်ရှိ ရန်မျိုးအောင်ဘုရားပွဲတွင် တွေ့ဆုံသော အသက် ၁၅ နှစ် ၂ လအရွယ် မိန်းကလေးအား စကားပြောစရာရှိသည်ဟု ခေါ်ဆောင်သွားကာ လက်ထပ်ပေါင်းယူမည်ဟု စည်းရုံးပြောဆိုပြီး ဒေါပုံမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် သားမယားနှစ်ကြိမ်ပြုကျင့်၍ ပြန်လည်ပို့ဆောင်ပေးခြင်းမရှိဘဲ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တစ်ဦးတည်းစွန့်ပစ်ထားခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သားမယားပြုကျင့်ခံရတဲ့ မိန်းကလေးက သူ့အဒေါ်နဲ့အတူ ဘူးသီးကြော်ရောင်းတာ။ ညနေ ၄ နာရီလောက် ဆိုင်ပိုင်ရှင်သူ့အဒေါ်မရှိတုန်း လိုက်သွားတာ။ သူ့အဒေါ်ပြန်ရောက်တော့ ဖုန်းဆက်ပေမယ့် စက်ပိတ်ထားလို့ည ၁၁ နာရီလောက်မှ ဆက်ရခဲ့တာ။ အဲဒါနဲ့မေးတော့ မျက်စိလည်ပြီး မပြန်တတ်ဘူးလာခေါ်ပါပြောလို့သွားခေါ်ပြီး မေးမြန်းရာက သားမယားပြုကျင့်ခံရတာကို သိခဲ့ရတာ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အသက် ၁၅ နှစ်အရွယ် မိန်းကလေးအား လက်ထပ်ပေါင်းသင်းယူပါမည်ဟုစည်းရုံးပြောဆိုကာ သားမယားပြုကျင့်ခဲ့သည်ဟုဆိုသော အသက် ၂၄ နှစ်အရွယ် အမျိုးသားကို ဒေါပုံမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ယင်းခရိုင်တရားရုံးမှ အမှု အမှတ် ၁၂၆/၁၈ ဖြင့်လက်ခံခဲ့ပြီး တွဲဖက်ခရိုင်တရားသူကြီး ၄ က ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

■ J-16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂



ဓာတ်ပုံ - တိုက်ကြီးမြို့နယ်သစ်တော ဦးစီးဌာန

# တိုက်ကြီးရှိ သစ်တောကြိုးဝိုင်းများတွင် တောဆင်ရိုင်းအသတ်မခံရရန် ကင်းလှည့်

**တိုက်ကြီး၊ ဧပြီ ၂၂**

တိုက်ကြီးမြို့နယ်ရှိပဲခူးရိုးမ သစ်တောကြိုးဝိုင်းများတွင် တောဆင်ရိုင်းများ အသတ်ခံရမှု မရှိစေရန် မြို့နယ် သစ်တောဦးစီးဌာနနှင့် သစ်တောရဲများ ပူးပေါင်းကာ ဧပြီလ ၂၂ရက်မှစ၍ မြိုင်ဟေဝန်ဆင်စခန်းမှ သစ်ထုတ်လုပ်ရေး ဆင်များဖြင့် နေ့စဉ် ကင်းလှည့်နေကြောင်း တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်သူက ပြောသည်။

"ဆင်သတ်မုဆိုးတွေကိုသတင်းပေးနိုင်ရင် ဆုငွေ သိန်း ၃၀ ပေးမယ်လို့ကြေညာထားပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း လှည့်ကင်းတွေ အသွင်ပြောင်းထောက်လှမ်းမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ၎င်းကဆိုသည်။

တိုက်ကြီးမြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဥက္ကံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပဲခူးရိုးမ တောင်ခြေကျေးရွာများရှိဒေသခံပြည်သူများကို တောဆင်ရိုင်းများ ရွာထဲဝင်လာပါက အိမ်အပြင်မထွက်ရန်၊ ဆင်ရိုင်းနှင့် ကြုံတွေ့လာပါက ဆောင်ရန်ရှောင်ရန်တို့ကို ပညာပေးဟောပြောခြင်း၊ ဆင်မုဆိုးများကို တွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများကို ဆက်သွယ်အကြောင်းကြားရန်တို့ကို အသိပေးထားကြောင်း ဒေသခံများထံမှ သိရသည်။

"ဟောပြောမှုတွေ ပညာပေးတွေ လုပ်တော့ ကျွန်တော်တို့တွေ အရေးအကြောင်းဆို ဖုန်းနဲ့ ဆက်သွယ်အကြောင်းကြားလို့ ရတာပေါ့။ ယခင်ကဆို ဘယ်ကို ဖုန်းဆက်ရမယ်မသိ မဖြစ်တော့ဘူးပေါ့၊ အခုကပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်တာ အင်မတန်ကိုကောင်းပါတယ်"ဟု ကင်းမတီးကျေးရွာနေ ဦးအောင်မိုးက ပြောသည်။

မြန်မာနိုင်ငံ၌ တောဆင်ရိုင်းများမှာ ကချင်ပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်း၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်တို့နှင့် စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေထိုင်ပြီး အကောင်ရေ ၃၀၀၀ ခန့်ရှိကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

■ **R19**

# ထော်လာဂျီနှစ်စီး တိုက်မိ၊ လေးဦးသေဆုံး၊ ၁၆ ဦး ဒဏ်ရာရ

**ကလေး၊ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နှင့် ဖောင်းပြင်မြို့သွားကားလမ်းတွင် ဧပြီလ ၂၁ ရက်နေ့ ညနေ ၃ နာရီခန့်က ထော်လာဂျီနှစ်စီး တိုက်မိရာမှ လူလေးဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရခဲ့ကြောင်း ပင်လည်ဘူးမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါလမ်း ဝါးဘိုးချောင်း ကျေးရွာအနီးတွင် ပင်ကွန်ကျေးရွာဘက်မှ ပင်လည်ဘူးမြို့ဘက်သို့ ယာဉ်မောင်း ဦးဟန်ထွန်း ၄၂ နှစ် မောင်းနှင်လာသည့်ယာဉ်သည် ရှေ့တွင်မောင်းနှင်နေသည့် ထော်လာဂျီယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိခဲ့ရာမှ ယာဉ်နှစ်စီးလုံး အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဘေးချောက်ထဲသို့ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

ယင်းဖြစ်စဉ်တွင် ယာဉ်မောင်း ဦးဟန်ထွန်း ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၀ ဦးအနက် အမျိုးသမီး လေးဦးမှာ နေရာတွင် သေဆုံးခဲ့ပြီး ကျန်ခြောက်ဦးနှင့် ဦးစိန်မြင့်မောင် ကားပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၁၀ ဦး စုစုပေါင်း ၁၆ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ပင်လည်ဘူးမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပင်လည်ဘူးမြို့မရဲစခန်းက ယာဉ်မောင်း ဦးဟန်ထွန်းကို ယာဉ်(ပ) ၈/၂၀၁၈၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၃၇/၃၃၈/၃၀၄ (က) ဖြင့် အမှုဖွင့် အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ယင်းစခန်းမှ သိရသည်။

■ **R-20**

# တောင်သူများကို ဈေးငွေတိုးပေးမည်ဟု စီမံဘဏ္ဍာ ပြည်ထောင်စုဝန်ကြီးဆို

**မကွေး၊ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအတွက် ဈေးငွေများတိုးမြှင့်ပေးပြီး အတိုးနှုန်းများလျှော့ချပေးရန် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

ဧပြီ ၂၂ ရက်နေ့က မကွေးမြို့ကမ်းနားလမ်းရှိ နန်းထိုက်သူဟိုတယ်တွင် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"တောင်သူတွေကို အခုချေးနေတဲ့ ပမာဏက နည်းတယ်။ လွန်ခဲ့တဲ့နှစ် ၅၀ လောက်က ပမာဏနဲ့ အတိုးနှုန်းဖြစ်နေတယ်၊ အဲဒါတွေကို ပြောင်းဖို့လုပ်နေပါတယ်" ဟု ၎င်းကပြောသည်။

"လက်ရှိချေးငွေက ယာတစ်ဧကကို ၂ သောင်းနှုန်းချေးတယ်။ လက်ရှိကုန်ကျစရိတ်တွေနဲ့ မကိုက်ပါဘူး။ ချေးငွေကို လုံလောက်အောင်ချေးပြီး အတိုးနှုန်းတွေ လျှော့ချပေးမယ်ဆိုရင် ကျွန်တော်တို့အတွက် အဆင်ပြေတာပေါ့" ဟု အဆိုပါပွဲသို့တက်ရောက်လာသည့် မကွေးမြို့နယ် ရေကန်ကျေးရွာမှ ဦးမျိုးဋ္ဌေးက ပြောဆိုသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အစိုးရ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနေနှင့် တောင်သူများကို အကူအညီပေးရန်နှင့် ကိုယ်ကျိုးစီးပွားအတွက် တောင်သူများအပေါ် အမြတ်မထုတ်ကြရန် သတိပေးပြောကြားခဲ့သည်။

■ **လွင်အေး**

The VOICE Daily CARTOON



**ဖြန့်ချိရေးကိစ္စ** ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊ ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)



ဓာတ်ပုံ - လွင်အေး

# ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးမှ ထုတ်ပယ်ခံရခြင်းကို မကျေနပ်၍ လေးရက်ဆက်ဆန္ဒထုတ်ဖော်

**မကွေး၊ ဧပြီ ၂၂**

မကွေးတိုင်း မင်းဘူးမြို့နယ် ကျောက်စံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရာထူးမှ ထုတ်ပယ်ခံရစေရန် လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၏ မြို့နယ် အလုပ်အမှုဆောင်များက ဖိအားပေးခဲ့သည်ဟု ထင်မြင်ယူဆပြီး မကျေနပ်သဖြင့် ဧပြီ ၁၉ မှ ၂၂ ရက်နေ့အထိ ဒေသခံရွာသူ/သားများက ဆန္ဒထုတ်ဖော်လျက်ရှိသည်။

အုပ်ချုပ်ရေးမှူးကို ပြန်လည်ခန့်အပ်ပေးခြင်းနှင့် တစ်စုံတစ်ရာဖြေရှင်းပေးခြင်းမရှိပါက ဆက်လက်၍ ဆန္ဒထုတ်ဖော်နေမည်ဖြစ်ကြောင်း အဆိုပါဒေသခံများက ဆိုသည်။

“ရွာကကြိုက်တဲ့ အုပ်ချုပ်ရေးမှူးကို ထုတ်ပယ်လိုက်တော့ မကျေမနပ်ဖြစ်ပြီး ဆန္ဒထုတ်ဖော်ကြတာ။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ NLD မြို့နယ်အလုပ်အမှုဆောင်တွေက ဖိအားပေးတယ်ဆိုပြီးတော့ထင်လို့။ ဘာအပြစ်ရှိလို့ ထုတ်လဲမေးတော့ အကြောင်းပြချက်မရှိဘူး။ ကျေးရွာကလူတွေ တော်တော်မကျေမနပ်ဖြစ်နေကြတယ်”ဟု ကျောက်စံကျေးရွာမှ ဦးရန်လေးက ပြောဆိုသည်။

အဆိုပါ ကျောက်စံအုပ်စုတွင် ကျောက်စံမန်းကောက်နှင့် ဆည်ရွာတို့ အပါအဝင် ကျေးရွာသုံးခုရှိသော်လည်း ဆန္ဒထုတ်ဖော်ရာတွင် ကျောက်စံနှင့် ဆည်ရွာတို့မှ ကျေးရွာသူ/သား ၄၀၀ ခန့် ပါဝင်ဆန္ဒပြလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ကျောက်စံအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်သည် ကျေးရွာမီးလင်းရေးအတွက် နာယကအဖြစ် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ပြီး ငွေကြေးအလွဲသုံးစားပြုလုပ်ခဲ့သည်ဟုဆိုကာ အဆိုပါမီးလင်းရေးကော်မတီအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးက စကုမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်တိုင်ကြားသဖြင့် စစ်ဆေးတွေ့ရှိချက်များအရ အုပ်ချုပ်ရေးမှူးရာထူးမှ ဖယ်ရှားပေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးက စာထွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ထိုသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရာထူးမှ ဖယ်ရှားရန်အတွက် မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တိုင်းဒေသကြီး(၁)မှ လွှတ်တော်ကိုယ်စားလှယ်နှင့် မင်းဘူးမြို့မှ NLD မြို့နယ်အလုပ်အမှုဆောင်များက ဖိအားပေးခဲ့သည်ဟုဆိုခြင်းမှာ မဟုတ်မှန်ကြောင်း မင်းဘူးမြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်က ပြောဆိုသည်။

“ဧပြီလ ၂၀ရက်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးရယ် မြို့နယ်ရဲတပ်ဖွဲ့မှူးတွေကို ခေါ်သွားပြီး ရှင်းပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အရှင်းကြီးပါဗျာ။ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို သွားပြောလို့လည်းမရဘူး၊ ဝင်ရောက်စွက်ဖက်လို့လည်းမရဘူး။ ကျွန်တော်တို့ ဖိအားမပါဘူးဆိုတာကို ရှင်းခိုင်းပြီးပါပြီ” ဟု ၎င်းက ဆိုသည်။ **■လွင်အေး**

# ချောက်မြို့မဈေးရှိ ပျံကျဈေးသည်များကို ခေါ်ယူသတိပေး

**ချောက်၊ ဧပြီ ၂၂**

မကွေးတိုင်း ချောက်မြို့ရှိ မြို့မဈေးအတွင်းရှိ ပျံကျဈေးသည်များ စည်းကမ်းလိုက်နာမှုအားနည်းသည့်အတွက် ဧပြီ ၂၁ ရက်နေ့က ယင်းဈေးသည်များကို ချောက်မြို့စည်ပင်သာယာရေးခန်းမတွင် ခေါ်ယူတွေ့ဆုံပြီး သတိပေးမှုများပြုလုပ်ခဲ့ကြောင်း အဆိုပါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ယင်းဈေးပတ်ဝန်းကျင်ရှိ ပျံကျဈေးသည်များ၏ နောက်တွင် နေထိုင်သည့် အိမ်ရှင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားမှုများပြုလုပ်ခဲ့သည့်အတွက် ပျံကျဈေးသည်များ ယင်းဈေးအတွင်း မည်သို့ဈေးရောင်းချရမည်ကိုလည်းပြောကြားခဲ့ကြောင်း ယင်းစည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆိုသည်။

ချောက်မြို့မြို့မဈေးပတ်ဝန်းကျင်ရှိ ဈေးအနောက်ဘက်လမ်း ဆင်ဖြူကျွန်းလမ်း၊ ဈေးတောင်ဘက်လမ်း အိမ်များရှိနေသည့်နေရာများတွင် ပျံကျဈေးသည်များအနေနှင့် အခိုင်အမာပြုလုပ်ထားသည့် အမိုးအကာများ ဖြုတ်ပေးရန်၊ သစ်သားခုံ၊ သံခုံ အခိုင်အမာဖြင့် ရောင်းချနေခြင်းများကို ဖယ်ရှားပေးရန်၊ ကွန်ကရစ်လမ်းပေါ်သို့ ဈေးတက်မရောင်းရန်၊ ငါးပိ၊ ငါးခြောက် အစရှိသည့် ရောင်းကုန်ပစ္စည်းများကို ဈေးရောင်းရာနေရာများ၌ မသိမ်းဆည်းထားရန်၊ နံနက် ဈေးခင်းချိန် ၆ နာရီမှ ညနေ ၅ နာရီအတွင်း ယင်းပစ္စည်းများ အပြီးသိမ်းဆည်းရန်၊ ကွန်ကရစ်လမ်းများပေါ်တွင် နေမပူရန် ကာထားသည့် အမိုးအကာများ ကာထားခြင်းများ မပြုလုပ်ရန်၊ ယင်းအမိုးအကာများကြောင့် အရေးပေါ် မီးသတ်ကား ဝင်ထွက်သွားလာ၍ မရရှိခြင်းတို့ကြောင့် ၎င်းအကာများ မပြုလုပ်ရန်တို့ကို ပြောကြားခဲ့ကြောင်း စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမန်းက ပြောကြားသည်။

မြို့မဈေးအနီးရှိ ပျံကျဈေးသည်များ၏ ဈေးရောင်းချခွင့်နေရာများကို အကျယ်လေးပေပတ်လည်နှင့် နှစ်ပေအမြင့်သတ်မှတ်ထားသော်လည်း ယင်းသတ်မှတ်ချက်ထက် ကျော်လွန်ရောင်းချကြောင်း ၎င်းက ဆိုသည်။

ယခုစည်ပင်သာယာရေးအဖွဲ့နှင့် မြို့မဈေးကော်မတီတို့၏ စည်းကမ်းချက်များကို လိုက်နာနိုင်ကြောင်း ပျံကျဈေးသည်များက ဆိုသည်။

ချောက်မြို့ မြို့မဈေးပတ်ဝန်းကျင်တွင် ၁၉၈၅ ခုနှစ်မှစတင်၍ ပျံကျဈေးသည်များ ရောင်းချနေခဲ့ခြင်းဖြစ်ကြောင်း စည်ပင်သာယာအဖွဲ့ထံမှ သိရသည်။

■

**နေနိုင်(ချောက်)**

## NEWS IN BRIEF

### မသန်စွမ်းအမျိုးသမီးတစ်ဦး အဓမ္မပြုကျင့်ခံရ

ကြံခင်းမြို့ ရွာသစ်ရပ်ကွက်တွင် နေထိုင်သည့် အသက် ၃၅ နှစ်အရွယ် ပိုလီယိုရောဂါသည် အမျိုးသမီးတစ်ဦးကို ဧပြီလ ၂၀ ရက်နေ့က တစ်ရွာတည်းနေ အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကြံခင်းမြို့မစခန်းက(ပ)အမှတ်၁၄၅/၂၀၁၈ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ထားကြောင်း ယင်းစခန်းထံမှ သိရသည်။ ■ **R-13**

သတင်းကိစ္စဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁


ဓာတ်ပုံ - ခင်မေစန်း

# အလောင်းတော်ကဿပဘုရား အလှူငွေနှင့် လေလံကြေး ကျပ်သိန်း ၇၀၀၀ နီးပါးရ

**မုံရွာ၊ ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်ရှိ အလောင်းတော်ကဿပဘုရားသည် ယခုနှစ်ဘုရားဖူးရာသီတွင် လေလံကြေးနှင့် အလှူငွေနှစ်ရပ်ပေါင်း ကျပ်သိန်း ၇၀၀၀ နီးပါးရရှိခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီမှစကာ လေးလကြာ ဖွင့်လှစ်ခဲ့သည့် အလောင်းတော်ကဿပဘုရားဖူးရာသီပိတ်ပွဲကို တောင်ပေါ်အလောင်းတော် ဘုရားစံကျောင်းတွင် ဧပြီလ ၂၁ ရက်နေ့က ကျင်းပခဲ့သည်။

“အရင်နှစ်ထက်ဘုရားဖူး တွေများတယ်။ တစ်နိုင်ငံလုံးကလာကြဖူးမြော်ကြတယ်။ လေလံပေးထားတာရော လေးလအတွင်း ဘုရားအလှူငွေရော စုစုပေါင်း ၆၉၂၁သိန်းရတဲ့အကြောင်း အစည်းအဝေးမှာ ဂေါပကအဖွဲ့ကလည်း ကြေညာပါတယ်” ဟု ကနီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောဆိုသည်။

အဆိုပါ လေလံအလှူငွေ စုစုပေါင်းမှာ အလောင်းတော်ကဿပဘုရား ပန်း၊ ဆွမ်းတော်ပွဲ၊ ရွှေဆိုင်း၊ ကြေးစည်နှင့် ခေါင်းလောင်းစသည့် ပစ္စည်းကိုးမျိုးအား လေလံလုပ်ကိုင်သူများကို ၂၀၁၇ သီတင်းကျွတ်ကာလခန့်တွင် လေလံတင်ရောင်းချပြီး လုပ်ကိုင်ခွင့်ရသူများက ဘုရားဖူးရာသီတွင် ရောင်းချကြခြင်းဖြစ်သည်။

အနယ်နယ်အရပ်ရပ် ဘုရားဖူးများက ကုသိုလ်ပြုလှူဒါန်းခဲ့သည့် အလှူငွေများဖြင့် အလောင်းတော် ဘုရားဖူးလမ်းကို နှစ်စဉ်ပြုပြင်ခြင်း၊ ဘုရားဝေယျာဝစ္စရင်ပြင်သန့်ရှင်းရေး၊ ဆင်သွားလမ်း၊ လူသွားလမ်း တစ်မိုင်ခရီး သန့်ရှင်းရေးအတွက် လုပ်သားများကို ငှားရမ်းအသုံးပြုခြင်း၊ ဘုရားပေါ်ရှိသာသနိကအဆောက်အအုံများ ပြင်ဆင် ထိန်းသိမ်းခြင်းတို့တွင် အသုံးပြုကြောင်း အလောင်းတော်ကဿပဘုရားဂေါပက ဦးချိုဦးက ပြောကြားသည်။

■ R-08

# ညောင်ချဉ်ဖူးတက်ခူးရာမှ ဓာတ်လိုက်သေဆုံး

**တောင်ငူ၊ ဧပြီ ၂၂**

ပဲခူးတိုင်း တောင်ငူမြို့နယ်၌ ဧပြီ ၂၂ ရက်နေ့ နံနက်ပိုင်းက အမှတ် (၁) ရပ်ကွက် ငွေဆောင်ဟိုတယ်ရှေ့ထီးလှိုင်ကွန်ကရစ်လမ်းဘေးမှ ညောင်ပင်ပေါ်ရှိ ညောင်ချဉ်ဖူးတက်ခူးရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက် သေဆုံးခဲ့ကြောင်း အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

“ညောင်ပင်နဲ့ ဓာတ်ကြိုးက မလွတ်ဘူး။ ဓာတ်ကြိုးနဲ့ ဦးခေါင်းတိုက်မိပြီး ညောင်ပင်ပေါ်မှာ သေဆုံးနေတာပါ”ဟု အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်စိုးက ပြောကြားသည်။

သေဆုံးသူမှာ တောင်ငူမြို့နယ် အမှတ် (၁) ရပ်ကွက် ပတ္တမြားလမ်းနေ ဦးဇော်လင်းဦး(ခ)လေပု(၃၇ နှစ်)ဆိုသူဖြစ်ပြီး အမှတ် ၂ နယ်မြေရဲစခန်းတွင် သေမှုသေခင်းဖြင့် အမှုဖွင့်လှစ်ထားကြောင်း ဒေသခံလူမှုကူညီရေး အဖွဲ့များထံမှ သိရသည်။

■ R-15

# ရွှေကျင်ရှိ ရွှေဆိုင်လုယက်ခံရ

**တောင်ငူ၊ ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရှမ်းကြေးရပ်ကွက်ရှိ သုခရွှေစင် ရွှေဆိုင်တွင် ဧပြီ ၂၁ ရက်နေ့ နံနက် ၈ နာရီခွဲခန့်က ကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိသည့် ဆွဲကြိုးနှင့် ဆွဲသီးတို့ကို လုယက်ယူငင်ထွက်ပြေးသူကို အခင်းဖြစ်ပြီး မကြာမီတွင် ဖမ်းဆီးရမိခဲ့ကြောင်း ရွှေကျင်မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါရွှေဆိုင်သို့အမည်မသိအမျိုးသားတစ်ဦးသည် မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆွဲကြိုးတစ်ခုနှင့် ဆွဲသီးတစ်ခုကိုပြသခိုင်းပြီး ဝယ်ယူမည်ဟု ပြောသည့်အတွက် ရွှေဆိုင်မန်နေဂျာ အမျိုးသားက ဘောက်ချာရေးပေးနေစဉ် ယင်းပစ္စည်းများကို ယူဆောင်ထွက်ပြေးသဖြင့် အနီးပတ်ဝန်းကျင်မှ လိုက်လံဖမ်းဆီးရာ ရှမ်းပွဲရပ်ထောင်းလောင်ထမင်းဆိုင်တွင် ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါ မြို့မရဲစခန်းထံမှ သိရသည်။

“ဆိုင်ကယ်နဲ့ရောက်လာပြီး ဆွဲကြိုးနဲ့ ဆွဲသီးကို ဝယ်ဖို့ပြခိုင်းရင်းနဲ့ လုယက်ထွက်ပြေးတာပါ။ ပတ်ဝန်းကျင်က ဝိုင်းလိုက်ကြတဲ့အခါထမင်းဆိုင်တစ်ဆိုင်ထဲမှာ ထိုင်နေတုန်း ဖမ်းဆီးရမိခဲ့တယ်”ဟု ရွှေကျင်မြို့ခံ အမျိုးသားတစ်ဦးက ပြောကြား သည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ ရွှေဆွဲကြိုးနှင့် ဆွဲသီးကိုလုယက်ထွက်ပြေးသည်ဟုဆိုသော ဦးဝင်းရွှေ(၄၄ နှစ်)ကို ရွှေကျင်မြို့မရဲစခန်းက (ပ)၅၇၈/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၉၀ ဖြင့် အမှုဖွင့်လှစ် စစ်ဆေးဆောင်ရွက်နေကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းက တောင်ငူမြို့နယ် နဂါးရုံဘုရားလမ်းပေါ်ရှိ ရွှေဆိုင်တစ်ဆိုင်မှ ကျပ်သိန်း ၇၀ ကျော်တန်ဖိုးရှိ သည့် ရွှေထည်ပစ္စည်းများ လုယက်ထွက်ပြေးသူ အမျိုးသမီးကိုလည်း အခင်းဖြစ်ပြီး မိနစ်ပိုင်းအကြာတွင် ဖမ်းဆီးရမိခဲ့သည်။

■ R-15

# ခွင့်ပြုချက်ရမှသာ ချင်းရှိ လူမှုအဖွဲ့အစည်းများ ကျန်းမာရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရမည်

**ကလေး၊ ဧပြီ ၂၂**

ချင်းပြည်နယ်အတွင်းရှိကျန်းမာရေး လုပ်ငန်းများဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများအနေနှင့် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရရှိမှသာ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာ နှင်းပပခိုင်က ပြောကြားသည်။

လူမှုအဖွဲ့အစည်းများက မိမိမြို့နယ်အတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်တင်ပြမှုရှိလာပါက လုပ်ငန်းခွင့်ပြုချက်ရရှိရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရန်လိုအပ်သဖြင့် အချိန်မီတင်ပြ၍ ခွင့်ပြုချက်ရယူရန်နှင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခွင့်မပြုရန် အပါအဝင် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုမိန့်မရဘဲ ဆောင်ရွက်ပါက တာဝန်ရှိသူအဆင့်ဆင့်ကို ထိရောက်စွာအရေးယူမည်ဟူသည့် ညွှန်ကြားချက်ကို ဧပြီလ ၂၀ ရက်နေ့တွင် ယင်းဌာနက ထုတ်ပြန်ခဲ့သည်။

“ဒါကတော့ ထုံးစံအတိုင်း အဲဒီလိုပဲလုပ်ရမယ်ဆိုတာ အစိုးရဝန်ထမ်းတိုင်း သိပြီးသားပဲ။ အဲဒါကို မသိလို့ ထုတ်လိုက်ရတာ”ဟု ဒေါက်တာ နှင်းပပခိုင်က ပြောဆိုသည်။

ချင်းပြည်နယ်အတွင်း ကျေးရွာအချို့သို့သွားရောက်ဆေးကုသပေးစဉ်က သီးသန့်စာတင်ခြင်းမျိုးမပြုလုပ်ခဲ့ရဘဲ တာဝန်ရှိသူများထံ ဆက်သွယ်ပြောဆိုပြီးမှ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စာတင်ခိုင်းပါကလည်း ကြိုတင်စာတင်မည်ဖြစ်ပြီး အခမဲ့ ဆေးကုသမှုပေးရသည့်လုပ်ငန်းသည် အချိန်နှင့် လုပ်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများကလည်း အချိန်နှင့် တစ်ပြေးညီ ခွင့်ပြုချက်များပေးစေလိုကြောင်း ဟွာလ်ဝိုလူငယ်အဖွဲ့အစည်းမှ ဒုဥက္ကဋ္ဌ ဦးလားရင့်နူးအာက ပြောကြားသည်။

■ R-20

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)



ဓာတ်ပုံ - ဦးချို

ကဆုန့်ဒေသခံများကို နန်ကျင်ဘုရားကျောင်း၌ ဧပြီလ ၂၂ ရက်နေ့ကတွေ့ရစဉ်

# မိုးကောင်းတွင် တိုက်ပွဲပြင်းထန်၍ ဒေသခံများ တိမ်းရှောင်

**မြစ်ကြီးနား၊ ဧပြီ ၂၂**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကဆုန့်ကျေးရွာအနီးရှိကေအိုင်အေတပ်ရင်း ၁၁ ဘက်တွင် ကေအိုင်အေနှင့် တပ်မတော်တို့အကြား ဖြစ်ပွားနေသည့်တိုက်ပွဲများ ပြင်းထန်နေမှုကြောင့် ကဆုန့်ဒေသခံများ ဒုတိယအကြိမ် စစ်ဘေးရှောင်အဖြစ် ၂၂ ရက်နေ့ နေ့လယ် ၁၂ နာရီခန့်က နမ္မတီးမြို့ရှိ ခရစ်ယာန်ဘာသာရေးကျောင်းနှစ်ခုတွင် ခိုလှုံနေကြောင်း ယင်းကူညီရေးဆောင်ရွက်သူများထံမှ သိရသည်။

အဆိုပါ စစ်ဘေးရှောင် ကဆုန့်ဒေသခံများမှာ လူဦးရေ ၁၈၂ ဦးရှိ၍ ဧပြီလ ၂၁ ရက်နေ့က စတင်ပြောင်းရွှေ့လာပြီး ယင်းနေ့ညက မိုးကောင်းမြို့နယ်၊ နှောင်ရာဘာရွာ၌ အိပ်ခဲ့ရပြီး ယင်းသို့ရောက်ရှိလာရခြင်းဖြစ်ကြောင်း၊ အချို့မှာလမ်းတွင် ပိတ်မိနေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က ပြောကြားသည်။

"သူတို့စစ်ရှောင်တွေကို တာဝန်ယူပြီးမှ ကူညီတဲ့ RC ကဘုန်းကြီးတွေနဲ့ ကူညီရေးအဖွဲ့တွေက သွားခေါ်ပြီးမှ နန်ကျင်ကနေ အစိုးရဌာနဆိုင်ရာတွေက စာရင်းတွေကို သေချာပြုစုပြီး နမ္မတီးမှာရှိတဲ့ ခရစ်ယာန်ဘုရားကျောင်းနှစ်ခုမှာ ထားမယ်"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသူများအတွက် လက်ရှိ စားဝတ်နေရေးအတွက် အကူအညီများလိုအပ်နေကြောင်း၊ ယင်းစစ်ဘေးရှောင်များအတွက် ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အလှူငွေ ကျပ်ဆယ်သိန်းကိုလည်း လှူဒါန်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကဆုန့်ဒေသခံများသည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ကလည်း တပ်မတော်နှင့်ကေအိုင်အေတပ်ရင်း ၁၁ တို့တိုက်ပွဲများဖြစ်ပွားစဉ်က နမ္မတီးသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဩဂုတ်လ ၂၂ ရက်နေ့တွင် အခြေအနေတည်ငြိမ်နေပြီဟုဆိုကာ နေရပ်သို့ပြန်လည်ရောက်ရှိနေထိုင်ခဲ့သည်။

အဆိုပါ မိုးကောင်းမြို့နယ် ကဆုန့်ကျေးရွာသည် နမ္မတီးကျေးရွာနှင့် ဆယ်မိုင်ကျော်ဝေးကွာပြီး အိမ်ခြေ ၄၀၀ ကျော်ရှိ၍ လူဦးရေတစ်ထောင်ကျော်ရှိကာ ကချင်လက်နက်ကိုင်အဖွဲ့ ကေအိုင်အေ/ ကေအိုင်အိုအဖွဲ့တို့၏ ထိန်းချုပ်ရာဒေသလည်း ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တနိုင်း - ဟူးကောင်းဒေသအတွင်း ကေအိုင်အေအဖွဲ့က ပြောက်ကျားစစ်ဆင်ရေးဆင်နွှဲမည်ဟု ထုတ်ပြန်ထားပြီး အဆိုပါ ထုတ်ပြန်ချက်မတိုင်မီကလည်း တပ်မတော်က နယ်မြေရှင်းမှုများလုပ်ဆောင်နေခြင်းကြောင့် နှစ်ဖက်တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများပြင်းထန်နေသေးသည့်အတွက် တနိုင်းဒေသရှိ အောင်လော့ဒ်ကျေးရွာမှ ဒေသခံနှစ်ထောင်ကျော်မှာ မူလနေရပ်သို့ မပြန်နိုင်သေးဘဲ နေရာစွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ကြောင်း ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသည့် လူမှုအဖွဲ့များထံမှ စုံစမ်းသိရှိရသည်။

■R-06

# ဆိပ်ဖြူရှိ ကျပ်သန်း ၂၀ ကျော်တန် ပန်းခြံတည်ဆောက်ပြီးစီး

**ချောက်၊ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက် လမ်းလယ်ကျွန်းရှိကျပ်သန်း ၂၀ ကျော်အသုံးပြု တည်ဆောက်ထားသည့် အပန်းဖြေပန်းခြံနှင့် ကလေးကစားကွင်းတည်ဆောက်မှုပြီးစီးပြီဖြစ်သည့်အတွက် ပြည်သူများ လာရောက်အပန်းဖြေနိုင်ပြီဖြစ်ကြောင်း အဆိုပါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

"မြို့မှာက ကလေးကစားကွင်းနဲ့ ပန်းခြံဆိုပြီး သီးခြားဆောင်ရွက်ထားတာ မရှိတော့ အပန်းဖြေနိုင်ဖို့နဲ့ ကလေးတွေ လွတ်လပ်စွာ ကစားနိုင်ဖို့တည်ဆောက်ပေးတာပါ။ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တွေကလည်း တောင်းဆိုတာကြောင့် တည်ဆောက်ဖြစ်တာပါ"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ထွန်းက ပြောဆိုသည်။

အဆိုပါ ပန်းခြံကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ပန်းခြံသည် ၁၅၀ ပေပတ်လည် အကျယ်အဝန်းရှိကာ တြိဂံပုံစံတည်ဆောက်ထားကြောင်း ယင်းပန်းခြံကို ယခုနှစ် မတ်လ ၁ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ပြီး ဧပြီလ ၂၂ ရက်နေ့တွင် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။ **■နေနိုင်(ချောက်)**

# ရေတာရှည်တွင် နွေစပါးစိုက်ကေလေးပုံတစ်ပုံ အထွက်လျော့

**တောင်ငူ၊ ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ယခုနှစ် နွေစပါးရိတ်သိမ်းစဉ်ကရာသီဥတုဆိုးရွားခဲ့ခြင်းကြောင့် တစ်ဧကအထွက်နှုန်း လေးပုံတစ်ပုံကျဆင်းကြောင်း တောင်သူလယ်သမားများထံမှ သိရသည်။

ရေတာရှည်မြို့နယ်မြောက်ဘက် ဆွာရေလှောင်တမံနှင့် နီးစပ်သည့်ဒေသများတွင် မိုးစပါးစိုက်ပျိုးမှုထက် နွေစပါးကိုသာ အဓိကထားစိုက်ပျိုးလေ့ရှိပြီး နှစ်စဉ်ဖေဖော်ဝါရီ နောက်ဆုံးပတ်ခန့်တွင် စိုက်ပျိုးလေ့ရှိသော်လည်း ယခုနှစ်စိုက်ပျိုးချိန်နောက်ကျသည့်အတွက် ဧပြီလတွင်မှ စတင်ရိတ်သိမ်းနေရာမှ မိုးသီးနှင့် လေပြင်းဒဏ်ခံခဲ့ရခြင်းကြောင့် အထွက်လျော့ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

"နွေစပါးက မိုးစပါးထက် တစ်ဧကကုန်ကျစရိတ် ပိုတယ်။ စပါးစိုက်ဖို့ ပြင်ဆင်ချိန်ကနေ ရိတ်သိမ်းပြီးတဲ့အထိ တစ်ဧကကုန်ကျစရိတ် နှစ်သိန်းကျော်လောက်ရှိတော့ အခုအထွက်နှုန်းနဲ့တွက်ရင် တစ်ဧက စိုက်ပျိုးသူက တစ်သိန်းခွဲလောက်ရှုံးတယ်။ အစေ့တွေကြွေကျပြီး မကြွေရင်လည်း မိုးမိပြီးပျက်ကုန်တာမျိုးဖြစ်သွားတယ်"ဟု ရေတာရှည်မြို့နယ် ကြို့ပင်ထိုက်ကျေးရွာနေ လယ်ပိုင်ရှင် ဦးမြင့်သိန်းက ပြောကြားသည်။

ရေတာရှည်မြို့နယ်အတွင်း ယခုနှစ်နွေစပါးစိုက်ဧက နှစ်သောင်းနီးပါးခန့်ရှိကြောင်း ဒေသခံတောင်သူကြီးများက ဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ယခုနှစ် နွေစပါးပေါ်ချိန်မှစ၍ အခြေခံစပါးဈေးကို စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်ပေးခဲ့သည့်အတွက် လတ်တလော ကောက်ယ်စပါးတင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်း နီးပါးဈေးပေါက်နေသော်လည်း ရေတာရှည်၌ လမ်းပန်းဆက်သွယ်ရေးမကောင်း၍ စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနီးပါးသာဈေးရကြောင်း ဒေသခံတောင်သူများက ဆိုသည်။

■

R-15

# လားရှိုးမြို့ရှောင်လမ်းတွင် ၂၂ ဘီးယာဉ်ပေါ်မှ တရားမဝင်သစ်များဖမ်းမိ

**လားရှိုး၊ ဧပြီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေး - မူဆယ်ပြည်ထောင်စုလမ်း၊ လားရှိုးမြို့ရှောင်လမ်းပေါ်တွင် ဧပြီလ ၂၁ ရက်နေ့ ညနေ ၃ နာရီခွဲခန့်က ၂၂ ဘီး ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်များကို ဖမ်းဆီးရမိခဲ့ကြောင်း လားရှိုးမြို့နယ်မြေရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

"၂၂ ဘီးအဖြူရောင်ပေါ်မှာ မိုးကာအုပ်ပြီး တင်လာတဲ့ပိတောက်ခားရွှေတုံးတွေကိုသိမ်းဆည်းရမိတာပါ။ လတ်တလောတော့ သစ်တွေရဲ့တန်ကိုမသိရသေးပါဘူး။ သစ်တောဦးစီးဌာနက တိုင်းထွာနေဆဲဖြစ်ပါတယ်" ဟု အဆိုပါစခန်းတာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

အဆိုပါဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တရားမဝင်သစ်သယ်ဆောင်လာသည့် ယာဉ်မောင်း မိုးဇော် ၂၉ နှစ်နှင့် ယာဉ်နောက်လိုက် ဇော်မင်း ၂၁ နှစ် တို့ကို နယ်မြေရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ၆(၁) အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ယင်းစခန်းထံမှ သိရသည်။

■

R-07



ဓာတ်ပုံ- သစ်တောဦးစီးဌာန

## စွမ်းဆောင်ရည်ကောင်းမွန်လာသော လင်းဂတ်ဒ်ကို မန်ယူ လုပ်ခလစာ တိုးပေးမည်

**မန်ချက်စတာ၊ ဧပြီ ၂၂**

မန်ယူအသင်းသည် အသင်းကွင်းလယ်ကစားသမား လင်းဂတ်ဒ်ကို စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်လာသောကြောင့် လုပ်ခလစာတိုးမြှင့်ပေးရန် စီစဉ်နေပြီဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

မန်ယူသည် လင်းဂတ်ဒ်ကို ၂၀၁၇ ခုနှစ် ဧပြီလတွင် လေးနှစ်သက်တမ်း စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချုပ်တွင် ပါရှိသော သဘောတူညီချက်အရ လက်ရှိတွင် တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၈၅,၀၀၀ ရရှိနေသည်။

မန်ယူသည် ယင်းစာချုပ်ကို ချုပ်ဆိုခဲ့စဉ်ကတည်းက လင်းဂတ်ဒ်ကို စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာခဲ့ပါက လုပ်ခလစာ ထပ်တိုးပေးမည်ဟု သဘောတူညီထားခဲ့ခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြားတွင် လုပ်ခလစာတိုးမြှင့်ခြင်းဆိုင်ရာ အချက်အလက်များကို တရားဝင်ဆောင်ရွက်ပြီးပါက လင်းဂတ်ဒ်၏ တစ်ပတ်လုပ်ခ အကျိုးခံစားခွင့်မှာ ပေါင်တစ်သိန်းသို့ မြင့်တက်သွားတော့မည် ဖြစ်သည်။

လင်းဂတ်ဒ်သည် လက်ရှိဘောလုံးရာသီတွင် မန်ယူအသင်း၏တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကို ရတ်ရှ်ဖို့ဒ်ကို ကျော်ဖြတ်၍ ရရှိနိုင်ရန် လွန်စွာနီးစပ်နေပြီး ပြိုင်ပွဲအရပ်ရပ်တွင် ၎င်းက မန်ယူအတွက် သွင်းဂိုးပေါင်း ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ရယူပံ့ပိုးပေးထားခဲ့ပြီးဖြစ်သည်။

လက်ရှိဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ မန်ယူအတွက် လင်းဂတ်ဒ်ထက်ပို၍ ဂိုးသွင်းယူပေးနိုင်ခဲ့သည်မှာ လုကာကုတစ်ဦးတည်းသာရှိပြီး နည်းပြမော်ရင်ညိုကလည်း လင်းဂတ်ဒ်မှာ မန်ယူ အနာဂတ်အတွက် လွန်စွာအရေးပါလာနိုင်သည့် ပါရမီရှင် ကစားသမားတစ်ဦးဖြစ်သည်ဟု ရှုမြင်ထောက်ခံထားသည်။

■ E-11



AP

## လက်ရှိဘောလုံးရာသီတွင် ရမှတ်တစ်မှတ်အတွက် မန်စီးတီး၏ကုန်ကျစရိတ်မှာ ပေါင် ၆ ဒသမ ၅ သန်းရှိ

**မန်ချက်စတာ၊ ဧပြီ ၂၂**

လက်ရှိဘောလုံးရာသီတွင် ပရီးမီးယားလိဂ် အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးရယူသွားနိုင်ခဲ့ပြီဖြစ်သော မန်စီးတီးအသင်းသည် ရမှတ်တစ်မှတ်အတွက် ကုန်ကျစရိတ်ပမာဏ ပေါင် ၆ ဒသမ ၅ သန်းရှိခဲ့ပြီး ယင်းမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ချန်ပီယံဖြစ်ခဲ့သောအသင်းများအနက် ရမှတ်တစ်မှတ်အတွက် စံချိန်တင်ကုန်ကျစရိတ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီ ဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

စစ်တမ်းကောက်ယူရေးအဖွဲ့များသည် မန်စီးတီးအသင်း၏ပုံမှန်ပွဲထွက်လူစာရင်း၏တန်ကြေးနှင့် အသင်းကြီးစာရင်းတွင် ပါဝင်နေသော ကစားသမားများအတွက် ပေးချေထားရသော လုပ်ခလစာတို့ကို စုပေါင်းတွက်ချက်ကာ ရမှတ်တစ်မှတ်အတွက် ကုန်ကျစရိတ် မည်မျှရှိသည်ကို တွက်ချက်ခဲ့ခြင်းဖြစ်ပြီး မန်စီးတီး၏ ပုံမှန်ပွဲထွက်အခင်းအကျင်းတန်ကြေးမှာ ပေါင် ၃၉၇ ဒသမ ၅ သန်း၊ အသင်းကြီးစာရင်းတွင် ပါဝင်နေသောကစားသမားများကိုဘောလုံးရာသီတစ်ရာသီစာအတွက် စုစုပေါင်းပေးချေထားရသော လုပ်ခလစာပမာဏမှာ ပေါင်သန်း ၂၇၀ ဖြစ်ကြောင်း ယင်းစစ်တမ်းက ဖော်ပြထားသည်။

မန်စီးတီးသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အမြင့်ဆုံးရမှတ်အဖြစ် ၁၀၂ မှတ် ရနိုင်ခြေရှိနေပြီး ယမန်နှစ်ဘောလုံးရာသီ၌ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သော ချယ်လ်ဆီးအသင်း၏ရမှတ်တစ်မှတ်အတွက် ကုန်ကျစရိတ်မှာ ပေါင် ၄ ဒသမ ၇၄ သန်းသာရှိခဲ့သည်။

၂၀၁၅-၁၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်အမှတ်ပေးချန်ပီယံဖြစ်ခဲ့သော လက်စတာအသင်းသည် နောက်ပိုင်းနှစ်များတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောအသင်းများအနက်၌ ရမှတ်တစ်မှတ်အတွက် ကုန်ကျစရိတ်အနည်းပါးဆုံးဖြစ်ပြီး ရမှတ်တစ်မှတ်အတွက် လက်စတာကုန်ကျခဲ့သည့် အသုံးစရိတ်ပမာဏမှာ ပေါင် ၁ ဒသမ ၂၇ သန်းသာရှိခဲ့သည်။

■ E-11




UTWNA Page

## MIC အသင်းနည်းပြချုပ် ဦးသန်းဝဏ္ဏအောင်နှင့် တွေ့ဆုံခြင်း

**စည်သူအောင်မျိုးကျော်**

**အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၁၈ ခုနှစ် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲရာတွင် မြန်မာနိုင်ငံကိုယ်စားပြု ဖူဆယ်ကလပ် MIC အသင်းသည် ဩစတြေးလျ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ဧပြီလအတွင်းကကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် အလွတ်တန်း ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားခဲ့သလို မြန်မာ့ဖူဆယ်လောကတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော MIC အသင်းအနေနှင့် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုနှင့်ပြိုင်ပွဲအပေါ် မျှော်မှန်းချက်များကို အသင်းနည်းပြချုပ် ဦးသန်းဝဏ္ဏအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**Voice ။ ။ အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ် (AFF) ပြိုင်ပွဲအတွက် အုပ်စုတွင်းပြိုင်ဘက်တွေ သိရပြီဆိုတော့ အခု အုပ်စုအနေအထားက။**

**UTWNA** ။ ။ လက်ရှိအနေအထားအရ ဩစတြေးလျ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားကလပ်တွေနဲ့ ရင်ဆိုင်ရမှာဆိုတော့ အုပ်စုမကျပ်ဖူး ပြောလို့ရပါတယ်။ ဒါပေမဲ့ ဘရူနိုင်းနဲ့ကမ္ဘောဒီးယားကလပ်တွေက နိုင်ငံအသင်းပွဲတွေမှာသာ ရလဒ်မကောင်းတာ ကလပ်ပွဲတွေမှာဆိုရင် နိုင်ငံခြားသားတွေပါလာနိုင်တယ်။ ဆိုတော့ ကျွန်တော်တို့ လျှော့တွက်လို့မရပါဘူး။ ဒါပေမဲ့ အုပ်စုကိုကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်ဖို့တော့ အလားအလာကောင်းပါတယ်။

**Voice ။ ။ ဒီပြိုင်ပွဲအတွက် အုပ်စုအနေအထားနဲ့ ပြိုင်ရမယ့်ရက်တွေလည်း ထွက်လာပြီဆိုတော့ အသင်းရဲ့လက်ရှိ ပြင်ဆင်မှုအခြေအနေကရော။**

**UTWNA** ။ ။ အသင်းလေ့ကျင့်မှုကို ဧပြီ ၂၁ ရက်က စပါတယ်။ ပြည်တွင်းကစားသမားတစ်ဦး ခေါ်ယူနိုင်ဖို့လည်း ကစားသမားရဲ့ အသင်းပိုင်ရှင်နဲ့ ညှိနေပါတယ်။ ပြည်ပက ကစားသမားတွေနဲ့တော့ စကားပြောနေတုန်းအဆင့်ပဲ ရှိပါသေးတယ်။ ခေါ်မယ်ဆိုရင် နေထိုင်စားသောက်မှုပိုင်းကအစ စီစဉ်ပေးရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာကလပ်နဲ့ ညှိနေတုန်းပါပဲ။

**Voice ။ ။ ဒီပြိုင်ပွဲမတိုင်ခင် ပြည်ပထွက်ပြီး လေ့ကျင့်ဖို့ စီစဉ်နေတယ်လို့ကြားထားတယ်။ အဲဒီအခြေအနေကရော ဘယ်လိုလဲ။ သွားဖြစ်တယ်ဆိုရင် ဘယ်နိုင်ငံမှာလေ့ကျင့်ဖြစ်မလဲ။**

**UTWNA** ။ ။ ပူးပေါင်း (Joint) လေ့ကျင့်ဖို့တော့ စီစဉ်ထားတယ်။ ဒါပေမဲ့ လိဂ်ပွဲတွေကလည်း ခြောက်လပိုင်းလို့ကြားနေတယ်ဆိုတော့ နည်းနည်းစောင့်ကြည့်နေရတယ်။ တကယ်လို့ရှိမယ်ဆိုရင် ပြည်တွင်းမှာပဲ ပြည်တွင်းက VUC၊ GV၊ Titan တို့လို အသင်းကောင်းတွေနဲ့ ခြေစမ်းပွဲတွေကစားမယ်။ ပြည်ပသွားဖြစ်မယ်ဆိုရင်တော့ ထိုင်းနိုင်ငံပဲသွားဖြစ်မယ်။ အဲဒီမှာ သူတို့ဆီက အဆင့်တစ်ကနေ အဆင့်သုံး အတွင်းရှိတဲ့ အသင်းတွေနဲ့ကစားဖို့ ချိတ်သွားမယ်။

**Voice ။ ။ MIC အသင်းအနေနဲ့ ဒီ (AFF) ပြိုင်ပွဲကစားခွင့်ရတဲ့နှစ်ကြိမ်စလုံးမှာ တတိယဆုတွေရခဲ့တယ်။ ဒီတစ်ခေါက်မှာရော ဘယ်အဆင့်ထိ မှန်းထားသလဲ။**

**UTWNA** ။ ။ ကျွန်တော်တို့အနေနဲ့ တတိယဆုနဲ့အသန့်ရှင်းဆုံးအသင်းဆုတွေကို နှစ်ကြိမ်ရထားပါတယ်။ ဒီနှစ်တော့ ဗိုလ်လုပွဲ အထိ မျှော်မှန်းထားပါတယ်။

**Voice ။ ။ ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲကစားခွင့်ရဖို့ မျှော်မှန်းထားတာက ဘယ်လိုအားသာချက်တွေရှိနေလို့လဲ။**

**UTWNA** ။ ။ အသင်းက အရင်နှစ်တွေကနဲ့ မတူတော့ဘူး။ ဒီနှစ်မှာ ကစားသမားပိုင်းက တော်တော်လေးကို တောင့်တင်းတယ်။ ကစားသမား ၁၆ ဦးပဲ ခေါ်လို့ရတယ်ဆိုပေမယ့် အဲဒီ ၁၆ ဦးလုံးက ဘယ်သူကိုထည့်ထည့် သုံးလို့ရတယ်။ ကစားသမားတွေအနေနဲ့ ဖူဆယ်ကို သေသေချာချာကို ကစားနေနိုင်ပြီဖြစ်တာကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ဗိုလ်လုပွဲကစားခွင့်ရဖို့ မျှော်မှန်းထားတာပါ။

**Voice ။ ။ ဒီဘက်နှစ်တွေမှာ မြန်မာ့ဖူဆယ်လောကကို ပရိသတ်တွေစိတ်ပါဝင်စားမှု မြင့်တက်လာတယ်။ လက်ရွေးစင်အသင်းကလည်း အာရှအဆင့်ကို တက်ရောက်နိုင်ခဲ့တယ်။ ဆိုတော့ MIC အသင်းအနေနဲ့ ပရိသတ်တွေကို ဘာများပြောချင်သေးလဲ။**

**UTWNA** ။ ။ ပြီးခဲ့တဲ့အကြိမ်တွေမှာ ကျွန်တော်တို့အသင်းက တတိယနဲ့အသန့်ရှင်းဆုံးဆုတွေကို ရခဲ့ပါတယ်။ အဲဒါတွေဟာ အသင်းအတွက် တကယ့်ကို အတွေ့အကြုံကောင်းတွေ ရခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၆ ပြိုင်ပွဲဆို ကျွန်တော်တို့ ကြံ့ခိုင်မှုပိုင်းဆိုင်ရာ ပြဿနာတွေ ကြုံခဲ့တဲ့အတွက် မျှော်မှန်းသလောက်မရခဲ့ပါဘူး။ အဲ့ဒီအတွက် ပြည်တွင်းဖလားပွဲကတည်းက ကြံ့ခိုင်မှုပိုင်းကို ဦးစားပေးပြင်ခဲ့တယ်။ နောက်ပိုင်းမှာလည်း အဲဒါကိုပဲ အဓိကပြင်ဆင်မယ်။ အသင်းက ကစားသမားတွေအနေနဲ့ ကြံ့ခိုင်မှုပိုင်းသာ ကောင်းနေမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတာတွေ ရနိုင်မှာပါ။ မြန်မာပြည်သူတွေကို ပြောပြချင်တာက မြန်မာ့ဖူဆယ်လောက အရင်ကထက် တိုးတက်လာနေပါတယ်။ အခုဆို မြက်ခင်းတုကွင်းတွေ ပေါ်လာတယ်။ အဲဒီမှာကစားနေကြတဲ့ လူငယ်တွေ ဖူဆယ်နဲ့ နီးစပ်လာတယ်။ နောက်ပိုင်း ဖူဆယ်ကွင်းစစ်စစ်တွေသာ ပေါ်လာမယ်ဆိုရင် ဒီထက်တိုးတက်လာမယ့်အခြေအနေမှာရှိနေတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတကာအဆင့်မီကွင်းတွေ ရှိလာဖို့ မျှော်လင့်ထားသလို ရှိလာခဲ့မယ်ဆိုရင် ဒီထက်မက ပိုပြီးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။



# ရာထူးထုတ်ပယ်ခံရမည်ကို လွန်ခဲ့သည့်တစ်လခန့်ကတည်းက အာစင်ဝင်းဂါး သိထားခဲ့ခြင်းဖြစ်

**လန်ဒန်၊ ဧပြီ ၂၂**

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲရလိမ့်မည်ကို လွန်ခဲ့သည့် တစ်လခန့်ကတည်းကပင် သိထားခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းအမှုဆောင်အရာရှိချုပ် ဂါဇီဒစ်က ငွေဈေးကွက်လှုပ်ရှားမည့်အစီအစဉ်များကို ၎င်းနှင့်တိုင်ပင်ခြင်းမရှိခဲ့သည့်အချက်ကြောင့် ယင်းသို့ ရိပ်စားမိခဲ့ခြင်းဖြစ်သည်ဟု အာစင်ဝင်းဂါးက ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်အမှုဆောင်အရာရှိချုပ် ဂါဇီဒစ်သည် ပုံမှန်အားဖြင့် ငွေဈေးကွက်၌ မည်သည့်ကစားသမားများကို အရောင်းဈေးကွက်တင်၍ မည်သို့သောကစားသမားများကို အသင်းအတွက် ဝယ်ယူအားဖြည့်မည်ဆိုခြင်းကို မတ်လတွင် အာစင်ဝင်းဂါးနှင့်စတင်ဆွေးနွေးတတ်လေ့ရှိပြီး ယခုနှစ်တွင် ယင်းအစဉ်အလာ ပျက်ယွင်းသွားခဲ့ခြင်းကြောင့် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းထံ၌ ကြီးမားသော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာရန် သေချာနေပြီဖြစ်ကြောင်း ၎င်းအနေနှင့် တင်ကြိုသတိပေးထားခဲ့ခြင်းဖြစ်သည်ဟုလည်း အာစင်ဝင်းဂါးက ရှင်းပြသွားခဲ့သေးသည်။

အာစင်ဝင်းဂါးသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲတော့မည်ဖြစ်ကြောင်းကို လွန်ခဲ့သည့် သောကြာနေ့၌ တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး နောက်ဆက်တွဲထွက်ပေါ်လာသည့်သတင်းများကမူ အာစင်ဝင်းဂါးမှာ ရာထူးနုတ်ထွက်မပေးလိုဘဲ တင်းခံနေခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း တာဝန်ရှိသူများဘက်က လက်ကျန်စာချုပ်သက်တမ်းအတွက် လျော်ကြေးငွေ ပေါင်ကိုးသန်းပေးအပ်ကာ ရာထူးထုတ်ပယ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အာဆင်နယ်အသင်းဒါရိုက်တာဘုတ်အဖွဲ့ဝင်အများစုသည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် မေလကတည်းကပင် အာစင်ဝင်းဂါးကို စာချုပ်သစ်ထပ်မချုပ်လိုတော့ဘဲ ရာထူးထုတ်ပယ်ရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က အသင်းပိုင်ရှင် အမေရိကန်သန်းကြွယ်သူဌေး စတန်ခရွန်ကီနှင့် ၎င်း၏သားဖြစ်သူ ဂျိုရှ်ခရွန်ကီတို့က အာစင်ဝင်းဂါးဘက်က အပြည့်အဝ ထောက်ခံပေးခဲ့သည့်အတွက် အဆုံးသတ်တွင် စာချုပ်သစ်အကောင်အထည် ပေါ်သွားခဲ့ခြင်းဖြစ်သည်။

အာစင်ဝင်းဂါးသည် ယခုတစ်ကြိမ်တွင် အသင်းပိုင်ရှင် စတန်ခရွန်ကီ၏ ထောက်ခံမှုကို လုံးဝမရနိုင်တော့သည့်အတွက် ရာထူးလက်လွှတ်လိုက်ရသည့် အခြေအနေကို ရင်ဆိုင်လိုက်ရခြင်းဖြစ်ပြီး ၂၂ နှစ်တာ ဦးဆောင်ခွင့်ရခဲ့သော အာဆင်နယ်ကို နည်းပြသစ်လက်ထက်၌လည်း ထိပ်တန်းအသင်းတစ်သင်းအဖြစ် ဆက်လက် မြင်တွေ့ခွင့်ရလိုပါကြောင်း အာစင်ဝင်းဂါးက ပြောကြားထားသေးသည်။ ■ E-11

# အထူးစိန်ခေါ်ပွဲစဉ်တွင် လီဂရီကိုကို အေမာခန်း စက္ကန့် ၄၀ အတွင်း အလဲထိုး အနိုင်ယူ

**လီဗာပူး၊ ဧပြီ ၂၂**

ဗြိတိန်လက်ဝှေ့ကစားသမား အေမာခန်းသည် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့ရှိ အက်ခိုးအရီနာ အားကစားရုံတွင် ကနေဒါလက်ဝှေ့ကစားသမား လီဂရီကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သောပွဲစဉ်၌ ပထမပွဲချီ စက္ကန့် ၄၀ အတွင်း၌ပင် အလဲထိုးရလဒ်ဖြင့် အနိုင်ရသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။



အေမာခန်းသည် မက္ကဆီကိုလက်ဝှေ့ကစားသမား အယ်လ်ဗာရက်ဇ်ကို အရေးနိမ့်ခဲ့ရသည့်ပွဲစဉ်အပြီးတွင် လက်ဝှေ့လောကနှင့် ၂နှစ်နီးပါးကြာ ဝေးကွာသွားခဲ့ပြီး ယင်း ၂ နှစ်တာကာလအတွင်း ၎င်းအနေနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်မှုတစ်ရပ် ပြန်လည်ရရှိနိုင်ရေးကို အလေးအနက်ထား လုပ်ဆောင်ခဲ့ရကြောင်းလည်း အေမာခန်းက ပွဲအပြီးတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

အေမာခန်းသည် ယခုစိန်ခေါ်ပွဲစဉ်တွင် ပြိုင်ဘက်ဖြစ်သူ လီဂရီကိုကို ပွဲအစကတည်းကပင် လက်ရည်အသာစီးဖြင့် ထိုးသတ်သွားနိုင်ခဲ့ပြီး ပွဲချိန် ၁၈ စက္ကန့်၌ပင် အေမာခန်း၏လက်သီးချက်ထိမှန်ကာ လီဂရီကိုက လဲကျသွားခဲ့ခြင်းဖြစ်သည်။

လီဂရီကိုသည် ယင်းတစ်ကြိမ်တွင် ဒိုင်လူကြီး၏အမှတ်စဉ်ရေတွက်မှု မပြီးဆုံးမီ ပြန်လည်ထရပ်နိုင်ခဲ့သော်လည်း စက္ကန့် ၄၀ သို့အရောက်တွင် အေမာခန်း၏ လက်သီးချက်များ ဆက်တိုက်ထိမှန်ကာ ကြိုးဝိုင်းကြမ်းပြင်ထက်သို့ ဒုတိယအကြိမ်မြောက် လဲကျသွားခဲ့ရပြီး ယခုတစ်ကြိမ်တွင်မူ လီဂရီကို၏အခြေအနေမှာ ပွဲကိုဆက်လက်ထိုးသတ်ရန် မည်သို့မျှ မဟန်တော့သည့်အတွက် ကြိုးဝိုင်းဒိုင်လူကြီးက ပွဲကိုရပ်နားကာ အေမာခန်းကို အနိုင်ပေးအပ်လိုက်ခြင်းဖြစ်သည်။

အေမာခန်းသည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ယခုပွဲစဉ်အပါအဝင် ပွဲစဉ်ပေါင်း ၃၆ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးပြီဖြစ်ကာ ယင်းပွဲစဉ် ၃၆ ပွဲတွင် အေမာခန်းက ၃၂ ပွဲ အနိုင်ရပြီး လေးပွဲရှုံးနိမ့်သည်။

အေမာခန်းသည် အနိုင်ရခဲ့သော ပွဲစဉ်ပေါင်း ၃၂ ပွဲအနက် ပွဲ ၂၀ ကို အလဲထိုးရလဒ်များဖြင့် အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ■ E-11

# အနာဂတ်အတွက် ဆုံးဖြတ်ချက်ကို သီတင်းတစ်ပတ်အတွင်း အင်နီယေစတာ ချမှတ်မည်

**ဘာစီလိုနာ၊ ဧပြီ ၂၂**

ဘာစီလိုနာအသင်းခေါင်းဆောင် အင်နီယေစတာသည် အနာဂတ်နှင့်သက်ဆိုင်သည့်ဆုံးဖြတ်ချက်တစ်ရပ်ကို သီတင်းတစ်ပတ်အတွင်း ချမှတ်သွားဖွယ်ရှိနေပြီဖြစ်ပြီး လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အင်နီယေစတာမှာ ဘာစီလိုနာကို စွန့်ခွာ၍ အသင်းပြောင်းရွှေ့ရန် သေချာလုနီးပါးရှိနေပြီဖြစ်ကြောင်းလည်း Marca က ဖော်ပြထားသည်။

အင်နီယေစတာသည် ဘာစီလိုနာအသင်း သမိုင်းကြောင်းတစ်လျှောက်တွင် တစ်သက်တာစာချုပ် ချုပ်ဆိုခြင်းခံရသော ပထမဆုံးကစားသမားဖြစ်ပြီး ဘာစီလိုနာကို စွန့်ခွာဖြစ်ခဲ့ပါကလည်း ၎င်းအနေနှင့် ကစားသမားဘဝက အနားယူဦးမည်မဟုတ်ဘဲ ဘောလုံးဆက်လက်ကစားနေဦးမည်သာဖြစ်ကြောင်း အင်နီယေစတာက ပြောကြားထားသည်။

တရုတ်ဆူပါလိဂ်ပြိုင်ပွဲဝင် ထိပ်သီးကလပ်အသင်းအချို့သည် အင်နီယေစကာကို ခေါ်ယူရန်အတွက် အပြိုင်အဆိုင် ဆက်သွယ်ကမ်းလှမ်းလျက်ရှိပြီး ဘာစီလိုနာက ဆီဗီလာကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော စပိန်ဘုရင့်ဖလားဗိုလ်လုပွဲတွင် အင်နီယေစတာက အသင်းအတွက် သွင်းဂိုးတစ်ဂိုး ရယူပေးနိုင်ခဲ့သေးသည်။

ဘာစီလိုနာနည်းပြ ဗယ်လ်ဗာဒီသည် ဘာစီလိုနာနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းစပိန်ဘုရင့်ဖလားဗိုလ်လုပွဲတွင် ပွဲကစားချိန် ၈၈ မိနစ်၌ အင်နီယေစတာကို ဒင်းနစ်ဆွာရက်ဇ်နှင့် လူစားလဲလှယ်ခဲ့ပြီး အင်နီယေစတာ ကွင်းပြင်သို့ထွက်ခွာလာချိန်တွင် ဘာစီလိုနာပရိသတ်များသာမကဘဲ ပြိုင်ဘက် ဆီဗီလာပရိသတ်များကပါ မတ်တပ်ရပ်၍ လက်ခုပ်တီးဂုဏ်ပြုခဲ့ကြသည်။

အင်နီယေစတာသည် အရန်ခုံတန်းလျားသို့ရောက်ရှိသွားချိန်တွင် ဝမ်းနည်းပက်လက် ငိုကြွေးနေခဲ့ပြီး အင်နီယေစတာမှာ ဘာစီလိုနာကို ခွဲခွာရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် မျက်ရည်များကျဆင်းနေခြင်းဖြစ်နိုင်ကြောင်း စပိန်သတင်းမီဒီယာများက သုံးသပ်ထားကြသည်။

အသက် ၃၃ နှစ်အရွယ်ရှိနေပြီဖြစ်သော အင်နီယေစတာသည် ဘာစီလိုနာထံတွင် ကစားသမားဘဝအစပြုခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းကြီးအဆင့်ကို ကိုယ်စားပြု၍ ၂၀၀၂ ခုနှစ်မှ လက်ရှိအချိန်တိုင်သည်အထိ အဓိကကစားသမားအဖြစ် ကစားခွင့်ရခဲ့သူလည်းဖြစ်သည်။ ■ E-11





Daily Mail

# မက္ကဆီကိုခရီးစဉ်တွင် ယူရိုပါလိဂ်ဆုဖလား ခိုးယူခံခဲ့ရ

**မက္ကဆီကိုစီးတီး၊ ဧပြီ ၂၂**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သည် ယူရိုပါလိဂ်ဆုဖလားကို မက္ကဆီကိုနိုင်ငံသို့ သွားရောက်ပြသသည့် ခရီးစဉ်တွင် ဆုဖလားခိုးယူခြင်းခံရသည့် အခြေအနေကို ရင်ဆိုင်ခဲ့ရကြောင်း Daily Star က ဖော်ပြထားသည်။

ယူရိုပါလိဂ်ဆုဖလားသယ်ဆောင်ရေးနှင့် လှည့်လည်ပြသရေးအဖွဲ့သည် မက္ကဆီကိုနိုင်ငံ ဂွါနာဂျူအာတိုပြည်နယ်ရှိ လီအွန်မြို့တွင် ဆုဖလားကို ပြသနေစဉ်၌ ဆုဖလားကို တစ်စုံတစ်ဦးက ခိုးယူသွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေနှင့် ဆုဖလားကို ခိုးယူခံလိုက်ရအပြီး နာရီအနည်းငယ်အကြာ၌ပင် ပြန်လည်ရှာဖွေရရှိခဲ့ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားပြီလည်းဖြစ်သည်။

မက္ကဆီကိုရဲတပ်ဖွဲ့သည် ဆုဖလားခိုးယူသွားသူကို သိရှိနိုင်စေရန်အတွက် လိုက်လံစုံစမ်းနေဆဲဖြစ်ပြီး ဆုဖလားမှာ သယ်ယူပို့ဆောင်ရေးယာဉ်ပေါ်မှနေ၍ ခိုးယူခံလိုက်ရခြင်းဖြစ်ကြောင်း၊ ဆုဖလားကို လီအွန်မြို့၏တစ်နေရာတွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းသာ မက္ကဆီကိုရဲတပ်ဖွဲ့က ကနဦး သတင်းထုတ်ပြန်ထားသည်။

ယူရိုပါလိဂ်ပြိုင်ပွဲသည် လက်ရှိတွင် ဆီမီးဖိုင်နယ်အဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး ယင်းဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်နှင့် အက်သလက်တီကို၊ ဆဲလ်ဘတ်နှင့် မာဆေးတို့ ထိပ်တိုက်တွေ့နေကြသည်။

ယူရိုပါလိဂ်ပြိုင်ပွဲဗိုလ်လုပွဲကို လာမည့် မေလ ၁၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက သတင်းထုတ်ပြန်ထားသည်။ ■ E-11

# တိုက်စစ်မှူး ဗာဒီကို လုပ်ခလစာတိုးမြှင့်ပေး၍ စာချုပ်သစ်ချုပ်ရန် လက်စတာ စီစဉ်

**လန်ဒန်၊ ဧပြီ ၂၂**

လက်စတာအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူး ဗာဒီကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အတွက် လုပ်ခလစာတိုးမြှင့်ပေးချေ၍ စာချုပ်သစ်ချုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဗာဒီသည် လက်ရှိဘောလုံးရာသီတွင် လက်စတာကို ကိုယ်စားပြု၍ ပရီးမီးယားလိဂ်ပွဲစဉ်ပေါင်း ၃၃ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ၁၇ ဂိုးအထိ ရယူပေးနိုင်ခဲ့ပြီး ၎င်းနှင့်လက်စတာအသင်း အကြားတွင် ချုပ်ဆိုထားသောစာချုပ်မှာ သက်တမ်းကုန်ဆုံးရန်အတွက် ၂ နှစ် လိုအပ်နေဆဲဖြစ်သည်။

ဗာဒီသည် လက်ရှိချုပ်ဆိုထားသော စာချုပ်အရ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင်တစ်သိန်းရရှိထားပြီး လက်စတာအသင်း တာဝန်ရှိသူများမှာ ဗာဒီ၏တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်ကို ပေါင် ၁၄၀,၀၀၀ အထိ တိုးမြှင့်ပေး၍ တစ်နှစ်ထပ်မံ သက်တမ်းတိုးရန် ကြံရွယ်နေခြင်းဖြစ်သည်။

အာဆင်နယ်သည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် နွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဗာဒီကို ခေါ်ယူရန်အတွက် ကမ်းလှမ်းဆက်သွယ်ခဲ့ဖူးပြီး လက်ရှိအချိန်တွင်လည်း ၎င်းကိုခေါ်ယူရန် ပရီးမီးယားလိဂ်ထိပ်သီးကလပ်အသင်းအချို့က စောင့်ကြည့်မှုများ ရှိနေဆဲဖြစ်သည်။

လက်စတာသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မာရက်ဇ်ကို ရောင်းထုတ်လိုက်ရန် စီစဉ်နေပြီဖြစ်ပြီး ယင်းအတွက် မာရက်ဇ်ကို လက်လွှတ်လိုက်ရသည့်အခြေအနေဖြစ်ပေါ်လာခဲ့ပါက ဗာဒီကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်သစ်ချုပ်မည့်ကိစ္စကို လက်စတာအသင်းတာဝန်ရှိသူများက အကောင်အထည်အမြန်ဆုံးဖော်ဆောင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် မာရက်ဇ်ကို လာမည့်နွေဈေးကွက်၌ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၆၅ သန်းဖြင့်ခေါ်ယူနိုင်ရန် စောင့်ကြည့်မှုများရှိနေပြီး လက်စတာကမူ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၈၅ သန်းဝန်းကျင်ရရှိမှသာလျှင် မာရက်ဇ်ကို လက်လွှတ်ပေးမည့်အခြေအနေရှိနေသည်။

■ E-11



# မော်ရင်ညိုနှင့် ကစားသမားများအကြားတွင် ယခုအချိန်အထိ မကျေမလည်ဖြစ်နေကြောင်း သတင်းထွက်

Daily Mail

**မန်ချက်စတာ၊ ဧပြီ ၂၂**

မန်ယူနည်းပြ မော်ရင်ညိုနှင့် အသင်းကစားသမားများအကြားတွင် ယခုအချိန်တိုင်သည်အထိ ပဋိပက္ခရေးအဆင်မပြေမှုများ ရှိနေဆဲဖြစ်ကြောင်း သတင်းများထွက်ပေါ်နေဆဲဖြစ်ပြီး မန်ယူက စပါးကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အပြီးတွင် မော်ရင်ညိုမှာ ၎င်း၏ကစားသမားများကို ချီးကျူးဂုဏ်ပြုရန်အတွက် အဝတ်လဲခန်းရှိရာသို့ ရောက်လာခဲ့ခြင်း မရှိကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူအသင်း ဝန်ထမ်းအချို့သည်လည်း မော်ရင်ညိုနှင့်လက်တွဲအလုပ်လုပ်ရသည်ကို မနှစ်မြို့မှုများရှိနေပြီး ၎င်း၏သားဖြစ်သူ ဟိုဆေးဂျူနီယာကို မော်ရင်ညိုက ပွဲထုတ်ရန် အလွန်အမင်း ကြိုးပမ်းလာသည့်အချက်မှာ မော်ရင်ညိုနှင့် အသင်းဝန်ထမ်းများအကြားရှိ ဆက်ဆံရေးကို ပျက်ပြားစေသော အဓိက အကြောင်းအချင်းအရာဖြစ်နေသည်။

မော်ရင်ညိုသည် လွန်ခဲ့သည့်လအနည်းငယ်ခန့်ကစ၍ ၎င်း၏သားဖြစ်သူကို မန်ယူနည်းပြအဖွဲ့အတွင်း၌ ပညာသင်အဖြစ် စတင်ထည့်သွင်းခဲ့ကာ အသင်းကစားသမားများအပေါ် မော်ရင်ညို၏ ဆက်ဆံပုံကလည်း အများအမြင်တွင် ဘဝင်မကျဖွယ်ရာ အခြေအနေများဖြစ်လျက်ရှိသည်။

မော်ရင်ညိုသည် မန်ယူအသင်း၏ လက်ရှိကစားသမားအစုအဖွဲ့တွင် မာတစ်တစ်ဦးတည်းကိုသာ အလုပ်အလွန်အမင်း ကြိုးစားသူအဖြစ် အသိအမှတ်ပြုထားပြီး လုကာကုနှင့် လုခ်ရှောတို့မှာမူ ခြေစွမ်းပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ မော်ရင်ညို၏ အပြစ်တင်ခြင်းကို မကြာခဏပင် ရင်ဆိုင်ကြရလျက်ရှိသည်။

မန်ယူတိုက်စစ်မှူး မာတီရယ်လ်သည်လည်း ၎င်းကို နည်းပြ မော်ရင်ညိုက လုံလောက်သည့် ပွဲထွက်ကစားခွင့်ပမာဏပေးအပ်ခြင်း မရှိတော့သည်ကို စိတ်ပျက်လက်ပျက်ဖြစ်နေပြီဖြစ်ကာ မာတီရယ်လ်၏ အစ်ကိုဖြစ်သူက မော်ရင်ညိုမှာ အတိတ်ကာလ၌ လုကာကု၊ ဆာလားဟ်နှင့် ဒီဘရိုင်နေးတို့ကဲ့သို့သော ပါရမီရှင်များကို လွယ်လင့်တကူဖြင့် စွန့်ပစ်ခဲ့ဖူးကြောင်း၊ မာတီရယ်လ်ကို ယင်းသို့ လုပ်ခဲ့မည်ဆိုပါက မော်ရင်ညိုအနေနှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကြီးစွာသောနောင်တတစ်ခုကို ကျိန်းသေပင် ရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

■ E-11

## စပါးကို စွန့်ခွာဖြစ်နိုင်ကြောင်း ပိုချက်တီနို အသိပေး



**လန်ဒန်၊ ဧပြီ ၂၂**

စပါးနည်းပြ ပိုချက်တီနိုသည် ၎င်းအနေနှင့် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် စပါးအသင်းကို ကျောခိုင်းစွန့်ခွာကာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ကြောင်း အရိပ်အမြွက် ပြောကြားလိုက်ပြီဖြစ်ပြီး စပါးအသင်းတာဝန်ရှိသူများက အသင်းအတွက် လုံလောက်သော အင်အားဖြည့်တင်းမှုများ မဆောင်ရွက်ပေးခဲ့သည်ကို ပိုချက်တီနိုက စိတ်ပျက်နေပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ချယ်လ်ဆီးနှင့် ရီးရဲလ်မက်ဒရစ်တို့သည် အသက် ၄၆ နှစ်အရွယ်ရှိ ပိုချက်တီနိုကို ခေါ်ယူရန် စောင့်ကြည့်မှုများရှိနေပြီဖြစ်ပြီး စပါးအနေနှင့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်မှနေ၍ ၂ နှစ်ဆက်တိုက် ရှုံးနိမ့်ထွက်ခွာလိုက်ရသည့်အခြေအနေကို ရင်ဆိုင်လိုက်ရအပြီးတွင် ပိုချက်တီနိုက ၎င်း၏အနာဂတ်အတွက် သုံးသပ်မှုများ ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

စပါးသည် ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် ဆုဖလားများနှင့်ဝေးကွာလာခဲ့သည်မှာ ယခုအချိန်တိုင်သည်အထိဖြစ်ပြီး စပါးမှာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အချိန်များစွာယူ၍ လုပ်ဆောင်ရဦးမည့်အသင်းတစ်သင်းကဲ့သို့ဖြစ်နေသည်ဟု ပိုချက်တီနိုက ဖွင့်ဟဝန်ခံလိုက်ပြီလည်းဖြစ်သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ပိုချက်တီနိုက "စပါးဟာ ကျွန်တော်နဲ့ပဲဖြစ်ဖြစ်၊ တခြားနည်းပြတစ်ယောက်နဲ့ပဲဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာဖို့ အချိန်စောင့်ရဦးမှာပါ။ ကျွန်တော်တို့ရဲ့ စုစည်းအားက ထိပ်တန်းအဆင့်စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် အဆင်သင့်မဖြစ်သေးပါဘူး။ အသင်းကို အလှည့်အပြောင်းလုပ်ဖို့အတွက် ဆုဖလားတစ်ခုခု ဆွတ်ခူးရရှိနိုင်ဖို့ လိုအပ်နေပါပြီ။ ပရီးမီးယားလိဂ်မှာ အဆင့်လေးဝင်ရုံ၊ ချန်ပီယံလိဂ်ကစားရရုံ၊ ရှုံးထွက်ဖလား ပြိုင်ပွဲတွေမှာ ဆီမီးဖိုင်နယ်အဆင့်ဆီ တက်နိုင်ရုံလောက်နဲ့တော့ အသင်းအတွက် အရွေ့တစ်ခုဖြစ်လာမှာ မဟုတ်ပါဘူး။ အခု ထက်ပိုပြီး လုပ်နိုင်ဖို့အတွက် အသင်းကို အားဖြည့်မှုတွေ မနားတမ်းဆောင်ရွက် ရလိမ့်မယ်လို့လည်း ကျွန်တော် သုံးသပ်မိပါတယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11

## အင်းနရစ်ကို ခေါ်ယူနိုင်လိမ့်မည်ဟု အာဆင်နယ် ယုံကြည်၊ နည်းပြသစ်ရွေးချယ်ရေးအစည်းအဝေးများကို အာစင်ဝင်းဂါး တက်ခွင့်မရ

**လန်ဒန်၊ ဧပြီ ၂၂**

အာဆင်နယ်အသင်း တာဝန်ရှိသူများသည် ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်ကို နည်းပြအာစင်ဝင်းဂါး၏ နေရာတွင် အစားထိုးရန် ပထမဦးစားပေးပစ်မှတ်အဖြစ် ကမ်းလှမ်းဆက်သွယ်နေပြီး အင်းနရစ်ကို ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်က ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကြိုးပမ်းနေရခြင်းဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။



Daily Star

အာဆင်နယ်သည် အင်းနရစ်ကို ခေါ်ယူနိုင်ရန် အဆင်မပြေဖြစ်ခဲ့ပါက ဒုတိယဦးစားပေးအဖြစ် ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုးကို ရွေးချယ်ထားပြီး အင်းနရစ်ကို ၎င်းတို့အနေနှင့် နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန် အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်းလည်း အာဆင်နယ်အသင်း တာဝန်ရှိသူတစ်ဦးက ဖွင့်ဟအသိပေးသွားခဲ့သည်။

အာဆင်နယ်သည် အသင်းအားကစားဒါရိုက်တာ ဆနယ်လ်လီဟီ၏အကူအညီဖြင့် အင်းနရစ်ကို နည်းပြခန့်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဘာစီလိုနာအားကစားဒါရိုက်တာဟောင်း ဖြစ်သည့် ဆနယ်လ်လီဟီနှင့် နည်းပြ အင်းနရစ်အကြားတွင် ပဋိပက္ခရေးအရ ရင်းနှီးသော ဆက်ဆံရေးတစ်ရပ်ရှိထားသည်မှာ အာဆင်နယ်အတွက် ချယ်လ်ဆီးထက် အခွင့်အလမ်း သာလွန်နေသော အချက်တစ်ခုပင်ဖြစ်သည်။

အသက် ၄၇ နှစ်အရွယ်ရှိ အင်းနရစ်သည် လက်ရှိတွင် အာဆင်နယ်နှင့် ချယ်လ်ဆီး နှစ်သင်းလုံးကို လက်ခံစကားပြောဆိုနေပြီး ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်မှာ စိတ်ဝင်စားဖွယ်ကောင်းသည့် မက်လုံးများပေးအပ်၍ အင်းနရစ်ကို စည်းရုံးနေကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်ထံတွင် အသင်းတွင်းသြဇာ လွန်စွာလျော့ကျသွားခဲ့ပြီဖြစ်ပြီး လက်ရှိတွင် အသင်းလုပ်ပိုင်ခွင့်အာဏာအရပ်ရပ်ကို အမှုဆောင်အရာရှိချုပ် ဂါဇီဒစ်၊ အားကစားဒါရိုက်တာ ဆနယ်လ်လီဟီနှင့် ကင်းထောက်ချုပ် မစ်ဆလင်တတ်ဒ်တို့က ခွဲဝေယူလိုက်ကြပြီဖြစ်သည်။

အာဆင်နယ်အသင်းဒါရိုက်တာဘုတ်အဖွဲ့သည် နည်းပြသစ်ရွေးချယ်ရေးဆိုင်ရာအစည်းအဝေးများသို့ အာစင်ဝင်းဂါးကို ဖိတ်ကြားခြင်းမပြုဘဲ ထားရှိလိုက်ပြီဖြစ်ပြီး မန်ယူကမူ နည်းပြဖာဂူဆန် အသင်းကို စွန့်ခွာချိန်၌ ဖာဂူဆန်၏အကြံဉာဏ်ပေးအပ်မှုဖြင့် နည်းပြသစ်အဖြစ် ဒေးဗစ်မိုယက်စ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

■ E-11

# FOREIGN AFFAIRS




DW

# အိန္ဒိယတွင် ကလေးမုဒိမ်းမှုကို သေဒဏ်ပေးရန် အတည်ပြုပြဋ္ဌာန်း

**နယူးဒေလီ ဧပြီ ၂၂**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် မကြာသေးမီက မိန်းကလေးငယ်တစ်ဦး မုဒိမ်းကျင့် အသတ်ခံရမှုအပေါ် လုံလောက်စွာ ကိုင်တွယ်ဆောင်ရွက်ခြင်းမရှိဟု ပြစ်တင်ဝေဖန်ခံနေရခြင်းကို တုံ့ပြန်သည့်အနေနှင့် ကလေးမုဒိမ်းမှုများကို သေဒဏ်ချမှတ်ရန် အတည်ပြုလိုက်ပြီဟု DW သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်း အမျက်ထွက်မှုနှင့် ဆန္ဒပြမှုများ ဖြစ်ပေါ်စေခဲ့သော ကလေးမုဒိမ်းမှုများ ဆက်တိုက်ဖြစ်ပွားနေမှုကြောင့် ဝန်ကြီးချုပ်မိုဒီက အစိုးရအဖွဲ့ကို အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့ပြီးနောက် အသက် ၁၂ နှစ်အောက် ကလေးများကို မုဒိမ်းမှုကျူးလွန်သည့် မည်သူကိုမဆို သေဒဏ်ချမှတ်ရန် ညွှန်းဆိုထားသည့် ဥပဒေကို စနေနေ့တွင် အတည်ပြုလိုက်ခြင်းဖြစ်သည်။

မကြာသေးမီက ဂျမူးကက်ရှမီးယားပြည်နယ်တွင် ရှစ်အရွယ် မိန်းကလေးငယ်တစ်ဦး မုဒိမ်းကျင့် အသတ်ခံရမှုတွင် နစ်နာသူမှာ မွတ်ဆလင်ဖြစ်သောကြောင့် အုပ်ချုပ်သူ ဟိန္ဒူများက တရားခံဘက်မှ ဘက်လိုက်သည်ဟု ဒေသခံလူထုက စွပ်စွဲခဲ့ကြသည်။

တစ်ချိန်တည်းတွင် အူတာပရာဒေ့ရှ်ပြည်နယ်တွင် အာဏာရပါတီမှ လွှတ်တော်အမတ်တစ်ဦးက မိန်းကလေးတစ်ဦးကို မုဒိမ်းမှုကျူးလွန်သောဖြစ်ရပ် ထွက်ပေါ်လာခဲ့သည်။

ထိုအမှုနှစ်ခုတွင် လွှတ်တော်အမတ်အပါအဝင် တရားခံကိုးဦးနှင့်ပတ်သက်မှုရှိသော ရဲအရာရှိ လေးဦးတို့ကို ဖမ်းဆီးခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် မိန်းကလေးများ တိုက်ခိုက်ခံရပြီးနောက် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အရေးယူကိုင်တွယ်ရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခြင်းခံနေရသည်။

အိန္ဒိယအစိုးရသည် မုဒိမ်းကျင့်သတ်ဖြတ်မှုများအတွက် ၂၀၁၃ ခုနှစ်က တင်းကျပ်သောဥပဒေများ ချမှတ်ခဲ့ပြီးဖြစ်သော်လည်း မိန်းကလေးငယ်များနှင့် အမျိုးသမီးများ အကြမ်းဖက် တိုက်ခိုက်ခံနေရမှုများကို နှိမ်နင်းရန် နောက်တစ်ကြိမ်ရုန်းကန်ကြိုးစားနေရဆဲ ဖြစ်သည်။

ယခုဥပဒေသစ်တွင် မုဒိမ်းမှုအတွက် ထောင်ဒဏ်ကို ၂ နှစ်အထိ နှစ်ဆတိုးလိုက်ပြီး လိင်အကြမ်းဖက်မှုတွင် ဝင်ရောက်ကြည့်ရှုခြင်း၊ မိန်းကလေးများအား နောက်ယောင်ခံလိုက်ခြင်းတို့ကိုလည်း ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ ကလေးများက နစ်နာသူအဖြစ် ပတ်သက်နေသော အမှုများတွင် တရားခံကို ဖမ်းဆီးပြီး နှစ်လအတွင်း အပြီးသတ် စီရင်ချက်ရမည်ဟု ဥပဒေသစ်က ဆိုသည်။

ဥပဒေသစ်သည် မိန်းကလေးများနှင့် အမျိုးသမီးများအား အမျိုးသားများက တိုက်ခိုက်ခြင်းကို ကူညီ ဟန့်တားပေးနိုင်မည်ဖြစ်သည်ဟု ရှေ့နေ အက်ဘာဆင်းက ကြိုဆိုပြောကြားသည်။ သို့ရာတွင် ကြန့်ကြာနေသော အမှုပေါင်း သန်း ၃၀ ခန့်ရှိနေပြီး နာမည်ပျက်နေသည့် အိန္ဒိယ တရားစီရင်ရေးစနစ်ကို တစ်ခုခု လုပ်ဆောင်ရန် လိုအပ်နေပြီဟု အစိုးရကို သူမက တိုက်တွန်းသည်။

"အိန္ဒိယမှာ ဖြစ်ပွားတဲ့ မုဒိမ်းမှုတွေမှာ ပြစ်ဒဏ်ပေးတာ ၂၈ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒီတော့ တရားခံ ၁၀၀ မှာ ၇၂ ဦးက ပြစ်ဒဏ်မကျဘဲ လွတ်မြောက်နေတဲ့ သဘောပါပဲ" ဟု သူမက AP သတင်းဌာနသို့ ပြောကြားသည်။

ဥပဒေသစ်ကို ဝန်ကြီးချုပ်က အတည်ပြုပြီးသော်လည်း ပါလီမန်တွင် ပြင်ဆင်ရန် အချက်များကို မဲခွဲဦးမည်ဖြစ်ရာ စတင်သက်ရောက်ရန် ခြောက်လခန့် ကြာဦးမည်ဖြစ်သည်။

■ F-04



AFP

## ALSO IN NEWS

### ကာဂျစ်စတန်မြို့တော်ဝန် မုတ်ဆိတ်အတုကြီးစွပ်ကာ မြို့တော်အတွင်း ရုပ်ဖျက်လိုက်ကြည့်

ကာဂျစ်စတန်နိုင်ငံက မြို့တစ်မြို့ရဲ့မြို့တော်ဝန်ဟာ ပြည်သူတွေကြုံနေရတာကို မျက်မြင်သိချင်တာကြောင့် ရုပ်ဖျက်ပြီး လိုက်ကြည့်နေပါတယ်။ သူလုပ်တာ မှန်ပါတယ်။ နို့မို့ဆို အောက်ကအရာရှိတွေက အားလုံးကောင်းပါတယ်၊ မှန်ပါတယ် အစီရင်ခံစာတွေပဲ ရမှာကိုး။ ဒါကြောင့် မြို့တော်ဝန် အယ်ဘက်ခ် အီဘရိုင်မော့ဗ်က မုတ်ဆိတ်တပ်ပြီး မြို့တော်ဘစ်ရှ်ကက်မြို့ထဲကိုလျှောက်ကြည့်တာဖြစ်ပါတယ်။

"ကျွန်တော် အဝတ်ဟောင်းတွေ ဝတ်လိုက်တယ်။ ဘယ်သူမှ မမှတ်မိတော့ဘူး" လို့ မြို့တော်ဝန်က ပြည်တွင်းမီဒီယာတစ်ခုကို ပြောပြခဲ့ပါတယ်။

ရုံးဝတ်စုံနဲ့မဟုတ်ဘဲ အဝတ်ဟောင်းနဲ့ မုတ်ဆိတ်နဲ့ လူကြီးကို ဘယ်သူကမှ မြို့တော်ဝန်လို့ မထင်တော့ပါဘူး။ မြို့တော်ရဲ့အကြီးဆုံးဈေး မီးလောင်သွားပြီးနောက် မြို့တော်ဝန်က ပစ်ထားတယ်ဆိုပြီး စွပ်စွဲချက်တွေကိုလည်း မဟုတ်ပါကြောင်း သူက ပြောခဲ့ပါတယ်။

■ F-02





### ဘတ်စ်ကားမောင်းရင်း ဇာတ်လမ်းကြည့်နေတဲ့ နယူးယောက်က Tour ယာဉ်မောင်း ဘာဖြစ်သွားလဲ

နယူးယောက်မြို့တော်က ခရီးသွားဧည့်သည်တွေစီးတဲ့ တိုးကားကြီးကို မောင်းသူ ယာဉ်မောင်းတစ်ယောက်တော့ အလုပ်ဖြုတ်ခံလိုက်ရပါပြီ။ ခရီးသွားတစ်ယောက်က အဆိုပါယာဉ်မောင်း ကားမောင်းရင်းဖုန်းနဲ့ တီဗီအစီအစဉ်ကြည့်နေတာကို နောက်ကနေ ဖုန်းနဲ့ရိုက်ပြီး လိုင်းပေါ်တင်လိုက်လို့ပါ။ မက်ဟက်တန်မှာ မနက် ၈ နာရီခွဲ ကားထွက်လာရင်း ရုပ်ရှင်ကြည့်နေတဲ့ ဘာရီဖစ်စ်ခ် ကို သက်သေနဲ့တကွ ဗီဒီယိုရိုက်လိုက်နိုင်တာပါ။ ခရီးသွားကုမ္ပဏီ Get Your Guide က စီစဉ်တဲ့ နယူးယောက်မြို့တော်တွင်းခရီးစဉ်ဖြစ်ပါတယ်။ ယာဉ်မောင်းဟာ ဖုန်းနဲ့ ဗီဒီယိုအစီအစဉ်တစ်ခုကိုကြည့်နေတာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ကားကိုမောင်းနေတာဖြစ်ပါတယ်။ ခရီးသွားကုမ္ပဏီကတော့ အဆိုပါယာဉ်မောင်းကို အလုပ်ဖြုတ်လိုက်ပြီလို့ သတင်းထုတ်ပြန်ထားပါတယ်။

■ F-02